www.burmeseclassic.com

တော်ဝင်မြေ
စာအုပ်တိုက်

# မိုးစက်ကပန်းဆွဲ

«ဂျူ»

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၅၉၃၀၅၀၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၅၉၃၀၅၀၂ |

| | | |
|---|---|---|
| အဖုံးပန်းချီ ဒီဇိုင်း | - | စိုးဝင်းငြိမ်း |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြ - ၀၃၉၀၀) |
| | | ၇၇၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးထွန်းလင်း (ဖိုးဝပုံနှိပ်တိုက်) |
| | | အမှတ်(၁၄၀)၊ (၄၅)လမ်း၊ |
| | | ဗိုလ်တထောင်မြို့နယ်။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ကြူကြူမွှေး |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၆ခုနှစ်၊ ဇန်နဝါရီလ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၀၀၀ ကျပ် |


www.burmeseclassic.com

www.burmeseclassic.com

## အမှာစာ

ဒီဝတ္ထုနဲ့ပတ်သက်ပြီး ပြောစရာလေးနည်းနည်းရှိပါသည်။ ဇာတ်ကောင်များနဲ့ပတ်သက်၍ပဲဖြစ်သည်။ ဤအထဲတွင် ပါဝင်သော ဇာတ်ကောင်များမှာ ကျွန်တော့်သူငယ်ချင်းများဖြစ်၍ တစ်ချိန်က ကျွန်တော်နှင့် မနိုင်ရင်ကန် ရင်းနှီးခဲ့ကြသူများဖြစ်ကြ၏။ ငယ်သူချင်းများဖြစ်၍ ယခုထိလည်း ရင်းနှီးကြသူများဖြစ်သော်လည်း ယခုအခါ သူတို့မှာအဆိုတော်၊ ဌာနဆိုင်ရာအရာရှိများ၊ စီးပွားရေးလုပ်ငန်းရှင်များဖြစ်ကုန်ကြပြီ။ အားလုံးတွင် ကျွန်တော်တစ်ယောက်သာ လက်ကြောမတင်းဘဲ ဟိုမရောက်ဒီမရောက်နှင့် အူတိအူကြောင်ဖြစ်နေဆဲ။ ဒါကလည်း ဒီဝတ္ထုထဲမှာ သူတို့အကြောင်းတွေကို ပေါက်ကရတွေ ထည့်မရေးခင် အရင်ဆုံး ကိုယ့်ဂုဏ်ကိုယ်ဖော်လိုက်တဲ့ သဘောလည်းပါသည်။ တကယ်လည်းဖြစ်သည်။ အားလုံးကိုကြောက်လည်းကြောက်ပါသည်။ ဝိုင်းဆဲရင်လည်း ခံရပါမည်။ ဒါပေမယ့် ဝတ္ထုကရေးပြီးသွားပြီ။ (အားလုံးက ကျွန်တော့်ကို သူငယ်ချင်းတစ်ယောက်အပေါ်ထားတဲ့ ချစ်စိတ်နဲ့ခွင့်လွှတ်မယ် ဆိုတာလည်း ကျွန်တော်ကြိုသိရ၍ဖြစ်၏။)



www.burmeseclassic.com

www.burmeseclassic.com



ဒီဝတ္ထုထဲမှာပါသည့် ဇာတ်ကောင်များကိုတော့ တချို့ပရိသတ်တွေ သိကောင်းသိနိုင်လိမ့်မည်ထင်ပါသည်။ မသိသေးရင်လည်း ကိုယ့်ဘာသာကိုယ်ပဲ အတင်းမရမကထည့်ပြီး ကြော်ငြာရတော့မည်။ ( TV မှာ ကြော်ငြာဈေးတွေ ကြီးနေ၍လည်းဖြစ်၏။) ကျွန်တော့်ရဲ့ ပထမဆုံးဝတ္ထုဖြစ်သည့် 'ဗိုင်းရပ်(စ်)တို့၏ ခေါင်းလောင်းသံ'တွင် ဒီသူငယ်ချင်းတွေ အားလုံးပါဝင်ခဲ့ကြ၏။ အခုလည်း ဒီဝတ္ထုတွင် သူတို့ကို ထည့်ပြီး ကျွန်တော်ရေး၏။ သူငယ်ချင်းတွေကို အသုံးချပြီး လုပ်စားနေတယ်ပြောရင်လည်း မငြင်းပါ။ (ဒါပေမယ့် ဒီကိစ္စလေးတော့ သူတို့ကို သွားမပြောကြပါနှင့် တော်ကြာရတဲ့စာမူခလေးလိုက်ကျွေးခိုင်းနေမှာ စိုးလို့ပါ။ တစ်ခါမှလည်းလိုက် မကျွေးဖူးပါ၊ သူတို့ကျွေးတာပဲ လိုက်စားတာများပါသည်။ စကားချပ်)

BURMESE CLASSIC

အားလုံးအစီအစဉ်လုပ်ပြီးသွားတော့ အဓိကဇာတ်ကောင် (မင်းသား)ကို ဘယ်သူတင်မလဲဆိုတဲ့အပိုင်းက ကျွန်တော့်ခေါင်းထဲ ရောက်လာတော့၏။ ကိုယ့်ဘာသာကိုယ် မင်းသားတင်ပြီးရေးလိုက်လို့ကတော့ ဖြစ်လာမယ့်ပြဿနာကို ကျွန်တော်မတွေးဝံ့။ ရောက်တဲ့နေရာက ရရာစီးပြီး ကျွန်တော့်ဆီလာသမကြမှာ ကျိန်းသေသည်။ ဟိုအဆိုတော်ဆို 'ပန်းရောင်းရင်းနဲ့ ကျောင်းတက်နေရင်း' ကျွန်တော့်ဆီ အရင်ဆုံးပြေးလာမှာမြင်ယောင်သေးသည်။ (သူ့ခမျာ ပဲပြုတ်သည် မထား' ကို မရလိုက်၍ အသည်းကွဲနေသည်ဟုလည်းကြားရ၏။)

ကဲ . . . အဓိက ဇာတ်ကောင်ဘယ်သူ့တင်မလဲ။ ကျွန်တော် အားလုံးကိုလိုက်စဉ်းစားကြည့်တော့ တစ်ယောက်သွားတွေ့၏။ အမှန်တော့ အားလုံးမှာ ဇာတ်လမ်းကိုယ်စီရှိကြ၍ ဘယ်သူ့အကြောင်း အဓိကထားရေးရေးရပါသည်။ သို့သော် ဒီတစ်ယောက်ကတော့ အခုတလော ကျွန်တော့်စိတ်ထဲသိပ်မကြည်၍ မင်းသားတင်ကာ ပယ်ပယ်နယ်နယ် လုပ်ပစ်မယ်ဆိုပြီး စဉ်းစားလိုက် တာလည်းပါ၏။ သူကိုယ်တိုင်လည်း အလိုတူအလိုပါဖြစ်ပြီး ဝမ်းတေဘယ်လေးတော့ ကျွေးသွား

www.burmeseclassic.com

www.burmeseclassic.com



သေး၏။ (ဒီလိုပြောလိုက်လို့ နောက်အုပ်တွေကျ နောက်တစ် ယောက်ကို ဇာတ်ကောင်တင်ပြီး ရေးဖို့စကားလမ်းကြောင်းနေပြီလို့ထင်ရင်လည်း မကန့်ကွက်ပါ။ ကြိုပြီးကြော်ငြာပြီးသားတောင်ဖြစ်နေ၍ အသာလေး ငြိမ်နေလိုက်ပါမည်။) နောက်တော့ အဲဒီအကြောင်းလေးကို သူငယ်ချင်း တွေအား ကျွန်တော်ပြောပြ၏။ အားလုံးကလည်း ဒီကောင်ခံရပြီဆိုပြီး ပျော်ရွှင်စွာ ထောက်ခံကြပါသည်။ ဒီစာအုပ်ထွက်လာမှ သူတို့ပါခံရပြီ ဆိုပြီး နောင်တရကြမှာ မြင်ယောင်သေးသည်။

နောက်ဆုံးနိဂုံးချုပ်ပြောရရင် ဒီစာအုပ်ကလေးအတွက် ကျွန်တော့်အပေါ် သူငယ်ချင်းကောင်းပီသစွာ နားလည်ခွင့်လွှတ်ပေး ကြသော သူငယ်ချင်းတွေအားလုံးကို လှိုက်လှိုက်လှဲလှဲကျေးဇူးတင်မိ ပါသည်။ အဖြစ်အပျက်ကလေးတွေကတော့ တစ်ချိန်က ကျွန်တော်တို့ ကြုံတွေ့ခဲ့ရသော လူငယ်သဘာဝအချစ်နဲ့ပတ်သက်တဲ့ ဟာသဆန်ဆန် နေ့ရက်ကလေးတွေကိုရည်ညွှန်းပါသည်။ တကယ်တမ်းကြုံတွေ့ခဲ့ရတာ တွေပါသလို ဇာတ်လမ်းသဘောအရ အနည်းငယ်ပြင်ဆင်ထားတာ လေးတွေလည်းရှိပါသည်။ တချို့ဇာတ်ကောင်များကိုတော့ အရင်းတိုင်း ထည့်ရေးလို့မဖြစ်၍ ပြင်ဆင်ထားပါသည်။

မည့်သူတို့မှ ရည်ရွယ်တိုက်ခိုက်ခြင်းမဟုတ်၍ အပျော်သဘော လေး ခံစားပေးကြပါရန် . . . ။

**တစ်ချိန်ကနေ့စွဲလေးများအတွက်**

**မိုးဆက်လင်းထက်**



www.burmeseclassic.com

www.burmeseclassic.com

# ဝင်းထွဋ်လွင်

(အတင်းမရမက ဝရုန်းသုန်းကား ဝင်ရောက် သရုပ်ဆောင်သည်။)

ကျော်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



တံခါးမခေါက်နဲ့၊
ဝင်ခဲ့ပါ . . .။
သင့်မှာ အကြင်နာတရားပါလျှင် . . .။
လက်ခံသည်။

ကောက်ဝင်မြို့ စာကြည့်တိုက်

www.burmeseclassic.com

www.burmeseclassic.com


ချစ်တီး . . . ။

ထမင်းဆိုင်မဟုတ်ပါ။ အင်္ဂလိပ်အစိုးရလက်ထက်က နံငယ်ပိုင်းလေး ဝတ်ထားသည့် အသားမည်းမည်း၊ ဗိုက်ရွှဲရွှဲနှင့် ငွေတိုးချေးစားသော သူလည်း မဟုတ်ပါ။ လူတစ်ယောက်၏ နာမည်ပြောင် (ဝါ) Nick Name ... ။

သူ့နာမည်က ဝင်းထွဋ်လွင်။ သူက နာမည်နဲ့လည်းလိုက်သည်။ အင်္ဂလိပ်ခေတ်က ချစ်တီးကုလားများလိုပင် အသားမည်းသည်။ ဗိုက်ရွှဲသည်။ ရုပ်ကတော့မဆိုး။ တင်ကားသည်။ ရင်ထွားသည်။ အစားမြန်သည်။ အကြွားသန်သည်။ အရိုးကိုက်ကျွမ်းသည်။ အချစ်ကြမ်းသည်။ (Body) ဘော်ဒီက မဒီကြည်သည်။ ဒါသူ့ပုံစံ၏ ဝိသေသတစ်စိတ်တစ်ဒေသ။

နောက်ထပ်ကျန်တာတွေရှိသေးသည်။ ဒီကောင်ကအရုပ်အမောင်းလည်းကောင်း၍ တောင်ရှည်ပုဆိုးဝတ်လျှင် တော်တော်ကြည့်လို့လှမည်။ ထိုကဲ့သို့ယောက်ျားကောင်းတို့၏ အင်္ဂါရပ်တော်တော်များများ


www.burmeseclassic.com

www.burmeseclassic.com



နှင့်ကိုက်ညီသည့် 'ချစ်တီး'တွင် အားနည်းချက်ကလေးတစ်ခုတော့ရှိ၏။

အဲဒါကတော့ အသဲအလွန်နုနယ်ချင်းပင်။

ထို့ကြောင့် ဒီကောင် ........။

ယောက်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com


# အပိုင်း (၁)

ဒိုင်ယာရီတစ်ခု၏ အစ .....


www.burmeseclassic.com

www.burmeseclassic.com


( UFL )နိုင်ငံခြားဘာသာတက္ကသိုလ်ကျောင်းဝင်းတစ်ခုလုံး ထိုနေ့က မြူနှင်းတို့ဝေ့မှိုင်းအုံ့ညို့နေ၏။ ရော်ရွက်ဝါတို့က မြောက်ပြန်လေ၏ထိုးနှက်ချက်ကြောင့် မြေပြင်သို့ဦးစိုက်ခစားနေကြသည်။ ကျောင်းတက်ချိန်ဖြစ်၍ ကိုယ်ပိုင်ကားလှလှလေးများ ဥဒဟိုဝင်ထွက်သွားလာနေကြသလို ကျောင်းသူလှလှလေးများကလည်း ကျောင်းအဝင်ပေါက်သို့ တဖွဲဖွဲတိုးဝင်နေကြလေသည်။

လှပသော တက္ကသိုလ်တစ်ခုသောဆောင်း မနက်ခင်းအလှတစ်ခုပင်. . ။

ထိုအချိန်တွင် တက္ကသိုလ်ရိပ်သာလမ်းမပေါ်မှ ဆိုင်ကယ်တစ်စီးသည် ကမ္ဘာပျက်မတတ်ဆူညံသော စက်သံဖြင့် ကျောင်းဝင်းအတွင်းကွေ့ဝင်လာသောကြောင့် ထိုလှပသော တက္ကသိုလ်လေး၏ မနက်ခင်းကျက်သရေသည် ဆွမ်းဆန်ထဲကြွက်ချေးရောလိုက်သလို အကျည်းတန်သွားရလေတော့သည်။ ဆိုင်ကယ်ပေါ်ပါလာသော သကောင့်သားက သစ်ပင်ရိပ်တစ်ခုအောက်တွင် ဆိုင်ကယ်ကိုဆိုးရပ်


www.burmeseclassic.com

www.burmeseclassic.com


လိုက်သည်။ ဆိုင်ကယ်ပုံစံကြည့်ရတာ မင်းတုန်းမင်းလက်ထက်က အင်္ဂလိပ်တို့နှင့်အတူပါလာသော ဆိုင်ကယ်ဖြစ်ပုံရသည်။ ဘာအမျိုး အစားမှန်း ခွဲခြားလို့မရအောင် မွဲတေနေပြီ။

. ကျောင်းသားတစ်ချို့ကဲန်တင်းအတွင်းမှ ခေါင်းထောင်ကြည့် ကြသည်။ ကျောင်းသူတစ်ချို့ကွက်ကြည့် ကွက်ကြည့်လုပ်သွားကြ၏။ ဒါကို ဆိုင်ကယ်ပေါ်က ငတိက ဟန်ပါပါတစ်ချက်ပြုံးလိုက်ကာ အသင့် ပါလာသော အော်ကလီမျက်မှန်ကို ကောက်တပ်ပစ်လိုက်၏။ ဆိုင်ကယ် နောက်ကြည့်မှန်တွင် သူ့ရုပ်သူတစ်ချက်စစ်လိုက်ပြီး ကျေနပ်အားရ သွားတော့မှ ဆိုင်ကယ်ပေါ်က ဆင်းသည်။ ကုလားမင်းသား အမီတာ ဘဂျမ်းတစ်လလောက်ဝမ်းလျှောနေသော ရုပ်ပေါက်နေသော ထိုငတိ သည် စားသောက်ဆိုင်တန်းများရှိရာဘက်သို့ ဖင်ကလေးလှုပ်ကာ လှုပ်ကာနှင့် လျှောက်လာပါတော့သည်။

ကဲန်တင်းရောက်တော့ သူ့ရှေ့က မီနူးကတ်လေးကို ကောက် ကိုင်လိုက်၏။ အမှန်တော့ ထိုကတ်ကလေးမှာ ရေးထားသောစာများကို သူကောင်းကောင်းမမြင်ရ။ တပ်ထားသော မျက်မှန်ကြောင့် အမြင် အာရုံတွေဝေဝါးနေခြင်းဖြစ်သည်။ မြူတွေဆိုင်းသော မနက်ခင်း၏ အလင်းရောင်နှင့် မည်းနက်နေသော အော်ကလီမှန်သားကြောင့် သူ့ အမြင်အာရုံကိုဒုက္ခပေးနေလေပြီ။ သို့သော မချွတ်၊ ဒါသူ့စတိုင် . . .။

လူရိပ်တစ်ရိပ် သူ့နားတွင်လှစ်ခနဲတွေ့လိုက်ရ၏။

"စတားကိုလာတစ်လုံး ပေးကွာ"

ထိုလူရိပ်က ဘာမှပြန်မပြော . . .။ တော်တော်ကြာသည် ဒီအထိ ရပ်ကြည့်နေတာတွေ့လိုက်ရ၍ . . .။

"ညီလေး စတားကိုလာပေးလို့ပြောနေတာလေ"

"ဒီမှာနေမထွက်ခင် မျက်မှန်တပ်ထားပြီး ထင်ရာမြင်ရာတွေ လျှောက်ပြောမနေနဲ့ လူကိုသေချာကြည့်ပြီးပြော. . စားပွဲထိုးမဟုတ်ဘူး"

စူးခနဲဝင်လာသော မိန်းကလေးတစ်ယောက်၏အသံကြောင့်


www.burmeseclassic.com

www.burmeseclassic.com



ကမန်းကတန်းမျက်မှန်ကို ချွတ်ကြည့်လိုက်တော့ . . .။

"ဟာ . . . ဆောတီးဗျာ ဟို . . . မတော်လို့ပါတောင်းပန်ပါတယ်"

"အဲဒီလိုသေချာကြည့်ပြီးပြောပါ . . . ဟွန်း"

လှပသော ခေတ်၏သမီးပျိုတစ်ယောက်ရဲ့မျက်စောင်းဒဏ်ကို သူခံလိုက်ရသည်။ ကောင်မလေး ခပ်ဝေးဝေးရောက်သွားမှ သူမျက်မှန်ကိုပြန်တပ်လိုက်သည်။ အမြင်အာရုံကပြန်လည်ဝေဝါးသွားသည်။

ဒီမျက်မှန်ကိုတော့ ချွတ်လို့မဖြစ်။ ညကတစ်ညလုံး တွေးထားသော သူ့ဝတ်စားဆင်ယင်မှုထဲတွင် ဒီမျက်မှန်လည်း အဓိကပါ၏။ မျက်မှန်တပ်ထားသော ဒီလိုပုံစံ၊ ဒီလိုစတိုင်သာ သူလေးတွေ့သွားခဲ့ရင် . . . ကြွေပြီ။

သူ့အတွေးနဲ့သူပြုံးစိစိကြီးဖြစ်သွားချိန်မှာပင် မျက်နှာချင်းဆိုင်ခုံမှာ လူရိပ်တစ်ရိပ်ဝင်ထိုင်လိုက်တာတွေ့လိုက်ရ၏။ သူမြင်ချင်ဟန်ဆောင်ပြီး ပြုံးပြလိုက်စဉ်။

"ရောက်နေတာကြာပြီလား ဝင်းထွဋ် ငါနည်းနည်း နောက်ကျသွားတယ်ဟာ"

"ရပါတယ် ငယ် ရယ် ငါကတွေ့ချင်တဲ့ လူဆိုတော့ စောင့်ရမှာပေါ့"

"အပိုတွေပြောမနေပါနဲ့ နင်က ငယ်ငယ်က အတိုင်းပဲပြောင်းမသွားဘူးနော် . . . ဒါနဲ့အန်တီတို့ရောနေကောင်းလား ငါကမေးတယ်လို့ ပြောလိုက်ဦးနော် . . အေးဟာ ငါတို့မတွေ့ကြတာလည်း တော်တော်ကြာပြီနော် ဒါတောင် ကံကောင်းလို့ ပြန်ဆုံတာ . . . အင်းတွက်ကြည့်ရင်း (၃)တန်းကတည်းကဆိုတော့ အခုဆို (၁၀)တန်းတောင်အောင်ပြီးပြီဆိုတော့ ခုနစ်နှစ်လောက်ရှိပြီပေါ့ . . . ဟဲ့ ဝင်းထွဋ်နင့်မျက်မှန်ကြီးချွတ်ထားစမ်းပါဟာ ငါက ဒီဘက်မှာ ဟ. . .'

သူရှက်သွားကာမျက်မှန်ကို ချွတ်လိုက်ရ၏။ အဲဒီတော့မှ



www.burmeseclassic.com

www.burmeseclassic.com


သူ့ရှေ့က ကောင်မလေးနှင့် သူမျက်နှာပေးထားတဲ့ဘက်က ဒီဂရီနည်းနည်းစောင်းနေတာ တွေ့လိုက်ရသည်။ သူမျက်နှာကိုပြန်တည့်လိုက်တာ . . .။

"နင်ပြောတာမှန်တယ်ဟ . . . ငါတို့မတွေ့တာ ခုနစ်နှစ်လောက်ရှိသွားပြီ . . . ဒါတောင် ကံကောင်းလို့တွေ့ရတာ"

"အဲဒီနေ့က နင်တို့ FMI ကို ဘာလာလုပ်တာလဲ"

"ပစ္စည်းတစ်ခုဝယ်ရင်း Hard Rock မှာ ကော်ဖီဝင်သောက်တာလေ နင့်ကို မျက်နှာချင်းဆိုင်က (City Spirit) မှာ အလုပ်လုပ်နေတာ ငါလှမ်းတွေ့လိုက်ရတာ"

"ဒါနဲ့များ နင်က ငါ့ကိုလာမတွေ့ဘူး"

"မဟုတ်ဘူး လှမ်းတော့ကြည့်လိုက်သေးတယ် နင့်ကို သဲသဲကွဲကွဲ မတွေ့ရလို့"

"နင် အခုလို မျက်မှန်ကြီးတပ်ထားလို့နေမှာပေါ့"

သူရှက်သွားရသည်။ အဲဒီတုန်းက ဒီမျက်မှန်ကို မဝယ်ရသေး။ အမှန်တော့ အဲဒီနေ့ကတည်းက သွားစကားပြောချင်တာပါ။ သွားစရာကိစ္စလေး လည်းရှိနေလို့ ပြန်လာခဲ့ရတာ။ နောက်နေ့ကျမှ လာတွေ့ရတာ . . . ဒါတောင် ချက်ချင်းမတွေ့ရ . . . ရွှေဘုံသာလမ်းမှာ စာအုပ်သွားဝယ်နေတယ်ဆို၍ (Jolly Bird) ရှေ့ကလှေကားမှာ ခြေတိုအောင်စောင့်နေလိုက်ရသေး၏။ ဒါတွေ သူမ သိမှာမဟုတ်၊ အဲဒီနေ့က စာအုပ်ကလေးပိုက်ရင်း FMI လှေကားတွေကို တက်လာတဲ့ အရိပ်ကလေးကို ခုထိ သူမျက်ဝန်းထဲကမထွက် . . .။ ထိုနေ့က သူ့ဘဝရဲ့ ပထမဦးဆုံးရင်ခုန်သံကို သူကိုယ်တိုင်တောင်ပြန် အံ့ဩသွားရသေး၏။

"အစ်ကိုတို့ ဘာသောက်ကြမလဲဟင်"

အသံလာရာလှည့်ကြည့်လိုက်တော့ စားပွဲထိုးလေးတစ်ယောက် . . .။ ဟုတ်သားပဲ အခုထိဘာမှမမှာရသေးတာ သူသတိထားမိလိုက်၏။ ထို့ကြောင့်


www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို့အတွက် စတားကိုလာတစ်လုံး"

စားပွဲထိုးလေးက ခေါင်းညိတ်ပြတာ သူမဘက်လှည့်ကြည့်လိုက်ချိန်တွင် . . .၊

"(Crusher) ခရက်ရှာရှိလား"

သူမပြောလိုက်တာ မဟုတ်ပါဘူး၊ သူဝင်ပြောလိုက်တာပါ။ စားပွဲထိုးလေး လှည့်ထွက်သွားတော့ သူမက သူ့ကိုတစ်ချက်စိုက်ကြည့်လိုက်တာတွေ့လိုက်ရ၍ . . .

"နင့်ဆီဒုတိယခေါက် ငါလာတော့ (Hard Rock) မှာ ထိုင်တုန်း နင် ငါ့ကို ပြောတယ်လေ . . . နင်က (Crusher Orange) သိပ်ကြိုက်တာဆို"

သူမမျက်ဝန်းမှာ ရောင်စုံတစ်ချက်ဝင်းလက်ကာသွားသည်။ သူ့မှတ်ဉာဏ်သူချက်ချင်း ထိုင်ရှိခိုးချင်စိတ်လည်းပေါက်သွား၏။ ခဏ်ဦးပေါက်တော့ လှသွားလေပြီ။

ထို့နောက် သူမနဲ့သူ အာလာပသလ္လာပတွေတော်တော်များများ ပြောဖြစ်ကြသည်။ သူအခု လုပ်နေသည့် ဂျပန်ကုမ္ပဏီအကြောင်း သူမရဲ့အလုပ်အကြောင်း ထို့နောက် ငယ်စဉ်က ဖြစ်ရပ်များ အားလုံးက ဒိုင်ယာရီတစ်ခုကို လှန်ကြည့်နေရသလို အမှတ်တရရှိဆဲ . . .။

နောက်ဆုံးတော့ သူမနဲ့ သူလမ်းခွဲကာ ပြန်လာခဲ့လိုက်တော့သည်။ ထိုနေ့က အရာရာ နွေးနွေးပျပျရှိလှ၏။ အပြန်လမ်းမှာ သူ့ရင်ခုန်သံတွေ ဆူညံနေတာတော့ သတိထားမိလိုက်သည်။

❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com


"အချစ်ဆိုတာ တော်တော်ဆန်းကြယ်တယ်ဆိုတဲ့စကားကို ငါနားလည်လိုက်ပြီကွာ"

ရန်နိုင်စိုးက တီဗွီဂိမ်းကစားနေရာမှ လှည့်ကြည့်သည်။ ချစ်တီးစကားဆုံးတော့ ဘာမှအရေးမကြီးပါလားဆိုပြီး ပြန်လှည့်သွား၏။

"ဂိုး"

"ဟင်"

ဇော်ဇော့်၏ ရုတ်တရက်ထအော်မှုကြောင့် ကြောင်သွားကာ TV ဖန်သားပြင်ကို ကြည့်လိုက်မိသည်။ အရာရာနောက်ကျသွားပြီဆိုတာ သိလိုက်ရသည်။ သူ့ဂိုးပိုက်ထဲတွင် ဇော်ဇော်သွင်းလိုက်တဲ့ ဘောလုံးလေးကလည်းလျက် . . .။

"တောက် မင်းညစ်တယ် ငါချစ်တီးဘက်လှည့်ကြည့်နေတုန်း မင်းသွင်းသွားတာမရဘူး ဒီဂိုးမပေးဘူး"

ဇော်ဇော်ကလည်း ဒါမျိုးမရ၊ တစ်ခါတလေမှ ရန်နိုင်စိုးကို နိုင်တာဆိုတော့ ဒါမျိုးအလွတ်မပေး။

"ဒါတော့ မတတ်နိုင်ဘူးလေ မင်းဘာလို့ လှည့်ကြည့်လဲ"


www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း ဘယ်သိမလဲ ဒီကောင့်အသံကြားတော့ ဘာများလဲ ဆိုပြီး လှည့်ကြည့်လိုက်တာ တောက်နာတယ်ကွာ . . . ချစ်တီး မင်း တိတ်တိတ်နေစမ်းကွာ"

ချစ်တီးက မျက်နှာသေလေးနှင့် ထိုင်ကာကြည့်နေ၏။ ဘာမှ တော့ ပြန်မပြော၊ ပြန်ပြောရင်လည်း အဆဲခံရမယ်ဆိုတာ နားလည်ထား လို့ဖြစ်သည်။

ရန်နိုင်စိုးနဲ့ ဇော်ဇော်တို့ အကြိတ်အနယ် ဖြန်လည်ဆင်နွှဲ တော့သည်။ ရန်နိုင်စိုးက အလစ်ပေးလိုက်ရတဲ့ ဂိုးအတွက်မကျေနပ်၊ တစ်သက်လုံးနိုင်လာတဲ့ကောင်ကိုမှ ဒါမျိုးဖြစ်သွား၍ မကျေမနပ်ဖြစ် ကာသွားသည်။ ဇော်ဇော်ကလည်း ရတဲ့ဂိုးလေးကိုထိန်းထားသည်။

TV ဂိမ်းခလုတ်နှိပ်သံတစ်ဖျောက်ဖျောက်ကြားတွင် ချစ်တီး အတွေးများ တစ်ချက်တစ်ချက်လွင့်ကာနေ၏။ ဒီနှစ်ကောင်ရဲ့ အာရုံကို ဘယ်လိုထိုးဖောက်ရမလဲတွေးနေမိသည်။

ပထမတစ်ပွဲပြီးသွားပြီ။ ရန်နိုင်စိုး ရှုံးသွား၏။ ချစ်တီးပျော်ကာ သွားပြီး သူစကားကိုဆက်ဖို့လုပ်စဉ် ဒုတိယတစ်ပွဲစဖို့လုပ်နေတာ တွေ့ လိုက်ရသည်။ ဒီကောင်တွေကို ဒီအတိုင်းလွှတ်ထားလို့မရတော့မှန်း သူ နားလည်သွား၏။ နောက်မို့ဆို မိုးသာချုပ်သွားမည် သူပြောချင်တာ ပြောလိုက်ရမှာမဟုတ်။ သူ့မှာဖြင့် ပြောချင်လွန်း၍ လျှာယားနေပြီ။

"လွန်ခဲ့တဲ့ခုနစ်နှစ်က အရိပ်ကလေးတစ်ခုဟာ ငါ့နှလုံးသားကို အဆမတန်လှုပ်ရှားသွားစေမယ်လို့မထင်ခဲ့ဘူးကွာ"

"ရန်နိုင်စိုး မင်း ဘာအသင်းယူမှာလဲ"

"ထုံးစံအတိုင်း မန်ယူပေါ့"

"မြင်မြင်ချင်းချစ်မိတယ်ဆိုတဲ့ စကားကို မင်းတို့လက်ခံလား"

"မင်းကရော ဘာအသင်းယူမှာလဲ"

"အင်တာပေါ့ကွ . . . ကိုယ်တို့က အင်တာမီလန်ပဲ"

"ငါ အခုမှစဉ်းစားမိတယ် သူက ထွန်းအိန္ဒြာဗိုနဲ့ရော တော်ဆင်



www.burmeseclassic.com

www.burmeseclassic.com



တာကွ"

"ဒီတစ်ခါ မင်းကြည့်လိုက်ပေါ့ကွာ . . . ဟိုတစ်ပွဲက အလစ်ခံလိုက်ရလို့"

ချစ်တီးနှစ်ယောက်လုံးကို တစ်ချက်လှမ်းကြည့်လိုက်၏၊ သူ့ရင်ထဲစကားများသည် ထိုနှစ်ယောက်နှင့် သူ့အကြားသိပ်မကွာဝေးလှသော လေထုထဲတွင် အဖတ်မတင်ဖြစ်သွားသလိုပင်။ နောက်ဆုံးသူ့ဘဝ သူနားလည်သွားတာ ခပ်လှမ်းလှမ်းက ဗီရိုလေးမှာ မှီရင်းထိုင်ကျသွား၏။ လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး မျက်နှာကြက်ကို မော့ကြည့်လိုက်တော့ ငယ်ငယ့်မျက်နှာ လေးပေါ်လာသည်။

သူငယ်တန်းမှ တတိယတန်းအထိ တစ်ကျောင်းတည်းအတူ နေခဲ့ရသည့်ကောင်မလေးတစ်ယောက်။ ထိုစဉ်က စကတ်ဂလေးဖားဖားနှင့် ဆော့ကစားခဲ့သည့် ပုံရိပ်ကလေးတွေအမြင်အာရုံမှာ ဝိုးတဝါး . . .။

"ကွဲကွာခဲ့တာ ခုနစ်နှစ်တောင်ပါလား ငယ်ရယ် . ."

ချစ်တီးတစ်ယောက်တည်းတိုးတိုးဖွဖွရေရွတ်လိုက်သည်။ ပြီးတော့ ဟိုကောင်တွေများကြားသွားမလားဆိုပြီး လှမ်းကြည့်လိုက်ရသေး၏။ သူ့ကို ဘယ်သူမှအရေးမထားတာတွေ့လိုက်ရ၍ အတွေးအာရုံထဲပြန်ဝင်လိုက်သည်။

ငယ်ဘဝက ကလေးသံယောဇဉ်နဲ့ ငုပ်လျှိုးခဲ့တဲ့ မေတ္တာတရားဟာ အခုချိန်မှာ အချစ်ဆိုတဲ့အရာတစ်ခုအဖြစ် သူ့နှလုံးသားခေါင်မိုးကို ဖောက်ထွက်ခဲ့ပြီ . . . အဲဒါအပြစ်လား။ ငယ့်ကိုစတွေ့တဲ့နေ့မှာပင် သူ့ရဲ့ပထမဆုံးရင်ခုန်သံကို အရှင်လတ်လတ်ကြားခဲ့ရပြီ . . . အဲဒါအချစ်လား။

ထိုရင်ခုန်သံကို အချစ်လို့ မသတ်မှတ်ရသေးရင်တောင် အချိန်ကာလတစ်ခုအတွင်းမှာပဲ ရှုးရှူးမူးမူးပြောင်းလဲသွားမယ်ဆိုတော့ သူရိပ်မိထား၏။ ငယ့်ရဲ့အကြည့်၊ ငယ့်ရဲ့နှုတ်ခမ်း၊ ပြီးတော့ ငယ့်ရဲ့



www.burmeseclassic.com

www.burmeseclassic.com


အသံလေးတွေ

"ငုတ်တုတ်မေ့သွားပြီဆိုတာ ဒါမျိုးထင်တယ်ကွ"

"မင်းမို့အရေးလုပ်ပြီး သွားကြည့်နေသေးတယ် . . . လာစမ်းပါကွာ"

ရုတ်တရက်ပေါ်လာတဲ့ အသံကြောင့် လန့်သွားကာ ပတ်ဝန်းကျင်ကိုလှေ့လာလိုက်တော့ ဟိုနှစ်ကောင် . . . တီဗွီဂိမ်းကစားလို့ပြီးသွားပြီထင်သည်။ အညောင်းတွေဆန့်ကာ သူ့ရှေ့က အခန်းအပြင်သို့ထွက်သွားကြ၏။ သူနောက်မှထလိုက်လာကာ . . .။

"မင်းတို့ လက်ဖက်ရည်လေးများ မသောက်ချင်ကြဘူးလားဟင်"

ရန်နိုင်စိုးနဲ့ ဇော်ဇော်တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကာ . .။

"မသောက်ချင်သေးဘူးကွ၊ စောသေးတယ်"

အမှန်တော့ ဒီအချိန် သူတို့ထိုင်နေကျ အချိန်ပါမဲ့။ ဒါပေမယ့် ဒီနေ့တော့ ဖြစ်နိုင်ရင် ချစ်တီးရှိနေတုန်းမထိုင်တော့ဘူးလို့ ဆုံးဖြတ်လိုက်ကြဟန် တူပါသည်။ ချစ်တီးက မျက်နှာငယ်လေးနှင့် . . .၊

"ငါတိုက်ပါ့မယ်ကွ ထိုင်ကြရအောင်နော် . . . နော်"

နှစ်ကောင်လုံး အင်တင်တင်လုပ်နေသေးသည်။ သို့သော် ဒီနေ့ရှောင်လိုက်နိုင်သော်လည်း နောက်နေ့တွေရှောင်လို့ရမှာမဟုတ်မှန်း နားလည်လိုက်၍ လက်ဖက်ရည်တစ်ခွက်အလကားသောက်ရလည်း နည်းလားသဘောထားကာ . . .။

"သွားမယ်လေ . . . ဒါပေမယ့် ဆိုင်ကျ မင်းစကားတွေအများကြီး မပြောရဘူးနော် . . တိုတိုနဲ့လိုရင်းပြော"

ချစ်တီးကလည်း မကန့်ကွက်ပါ။ ဒီအချိန်ဟာ သူ့အတွက် အရေးကြီးနေပြီ။ သူတစ်ယောက်ယောက်ကိုရင်ဖွင့်လိုက်ရမှပေါ့သွားမည်။ ငယ်ငယ့်ဆီက ပြန်လာကတည်းကပြောချင်လွန်းအားကြီး၍


www.burmeseclassic.com

www.burmeseclassic.com


ဒီကောင်တွေဆီဝင်လာကာမှ တစ်ချိန်လုံးငုတ်တုတ်ထိုင်နေရပြီး အခုမှ အခွင့်အရေးရတော့၏။ ဟိုနှစ်ကောင်ကလည်း သူ့အကြောင်းကို ကောင်းကောင်းသိ၍ စျေးကိုင်နေတယ်ဆိုတာလည်း သူ သိထား၏။ ဒီလိုနဲ့ နှစ်ဦးနှစ်ဖက်ညှိပြီးသွားတော့ လရိပ်သို့ သူတို့ထွက်ခဲ့လိုက် တော့သည်။

ဆိုင်ရောက်တော့ မှာစရာရှိတာမှာပြီးနောက် ရန်နိုင်စိုးက စကားစပေးသည်။

"ကဲ ပြောစမ်းပါဦး မင်းရဲ့ ငယ်ကျွမ်းဆွေဆီ သွားတွေ့တဲ့ကိစ္စ"

ချစ်တီးလျှာကို တစ်ချက်သပ်လိုက်ကာ စကားပြောဖို့ လေကို ရှူသွင်းလိုက်ပြီး . . .။

"အဆင်တော်တော်ပြေတယ်ကွ သူငါ့ကိုတော်တော်ခင်တာ မနက်က ငါသူ့ဆီရောက်တော့ ငယ်ငယ်တုန်းကအကြောင်းတွေပြောရင်း ရယ်လိုက်ရတာကွာ . . . ဟား . . . ဟား . . . ဟား . . . ဟား"

"ဟင် မင်းဟာ ဒါပဲလား"

"ဒါပဲပေါ့ကွ . . . ငါတို့ကအခုမှ အစပဲရှိသေးတာ"

"ဘယ်လိုကြီးလဲဟ ဒါနဲ့များကွာ လက်ဖက်ရည်ဆိုင်ခေါ်လာရသေးတယ်၊ အိမ်မှာပြောလည်းဖြစ်ရဲ့သားနဲ့"

ချစ်တီးတစ်ချက်တော့ တွေဝေသွားသည်။ သူ့မှာ လက်ဖက်ရည်လည်းတိုက်ရသေးသည်။ ဒီလောက်ကလေးပြောပြီး ပြန်လွှတ်လိုက်ရမှာတော့မတန်။ တကယ်တော့ သူ့မှာပြောစရာစကားတွေ မကုန်မခန်းနိုင်အောင်ရှိသည်။ သို့သော် ဒီလိုနဖူးတွေ့ ဒူးတွေ့ပြောခိုင်းတော့ ဘာပြောရမှန်းမသိဖြစ်သွားခြင်းပင်။ သူ့ဦးနှောက်က ကျေနေသော ဒီဇယ်အင်ဂျင်လိုပဲ နည်းနည်းအပူပေးလိုက်မှနိုး၏။

"ငယ်ငယ်နဲ့ငါနဲ့က သူငယ်တန်းကတည်းက သူငယ်ချင်းတွေကွ ဒီလိုနဲ့ကံကြမ္မာရဲ့ခွဲခွာမှုကြောင့်ပေါ့ကွာ . . ."

ဆိုပြီး အစချီကာ ဆွေးမြည့်ရီဝေနေသောမျက်ဝန်းများဖြင့် အဝေးတစ်နေရာကိုငေးကာသွား၏။ ဒီလိုပုံစံဆို သူဘာတွေပြောတော့


www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုတာ အားလုံးက သဘောပေါက်လိုက်ကြပြီ။

လေးတန်းတက်တဲ့နှစ်မှာကောင်မလေးနဲ့ကွဲသည်။ နောက်တော့ အမှတ်မထင် FMI Center သွားရင်းပြန်တွေ့၊ နောက်တစ်ရက်တွေ့ချင်လို့ ပြန်သွားတော့ စာအုပ်ကလေးကိုင်ပြီး တက်လာတဲ့ ကောင်မလေးပုံစံကို အသည်းထဲစွဲသွားပြီး ဘဝရဲ့ပထမဆုံးရင်ခုန်သံကို ခံစားလိုက်ရကြောင်းစသည်ဖြင့် ကျိန်တွယ်ပြောဆိုတော့မည်။ နောက်ဆုံးတော့ ခုနစ်နှစ်တာကွဲကွာသွား တဲ့ ငယ်သူငယ်ချင်းလေးကို ပြန်တွေ့တွေ့ချင်း ချစ်မိသွားသည်ဆိုပြီး ဇာတ်ကို ပိတ်လိုက်မည်၊ ဒါပဲ။

ဒါပေမယ့် သူ့ဇာတ်လမ်းလေးပြီးအောင်တော့ အားလုံးကသိသိကြီးနဲ့ နားထောင်ပေးကြပါသည်။ သောက်ထားတဲ့လက်ဖက်ရည်မျက်နှာကြောင့်လည်းကောင်း၊ ဒီလိုအချိန်မှာ တိတ်ဆိတ်နေတာထက်စာရင် တစ်စုံတစ်ခုကြား နေရချင်းက အပျင်းပြေစေသောကြောင့်လည်းပါ၏။ ဒီလိုနဲ့ အထပ်ထပ်ကြည့် ပြီးသား ရုပ်ရှင်တစ်ကားကိုပြန်ကြည့်နေရသလို ဘာပြီးရင်ဘာလာမလဲကြိုတင် သိနေရင်းနဲ့ပင် အခြေအနေက အဆုံးသတ်သွားပါတော့သည်။

"ကဲ ချစ်တီး လက်ဖက်ရည်လည်းကုန်ပြီ၊ ရေနွေးအိုးလည်း တောင်းရလွန်းလို့အားနာလာပြီ ... ငါတို့လည်းညောင်းလှပြီ"

ချစ်တီးက သူ့ကိုပြောတာတွေမကြားသည့်အလား ပေတရာ ဘက်ငေး ငေးဆွေးဆွေးကြီးကြည့်နေတုန်းပင်။ ခဏကြာတော့မှ ကတုန်ကယင်ကြီးသက် ပြင်းချကာ ...။

"တကယ်တော့ ငယ်ဟာငါ့ဘဝ ငယ်ဟာ ငါ့အသက် ..."

"မင်းဟာမင်း ဘဝတွေ အသက်တွေပေးပြီးနေခဲ့လိုက်တော့ ... ငါတို့တော့လစ်ပြီ"

ဖော်ဖော်ကစကားကို တုံးတိုကြီးဖြတ်ကာ ရန်နိုင်စိုးကိုလက်ကုတ်ရင်း ထ,ထွက်သွားလေတော့သည်။ ရန်နိုင်စိုးလည်း ဘဝတွေ အသက်တွေပေးချင်ပုံမရ ... ချက်ချင်းပဲ ဖော်ဖော့်နောက်က ထ,လိုက်



www.burmeseclassic.com

www.burmeseclassic.com



သွားတော့ ချစ်တီးတစ် ယောက်ခေါင်းငိုက်စိုက်ကျသွားတာ . . .။

"အချစ်စစ်တို့ရဲ့လမ်းဟာ မဖြောင့်ဖြူးပါလား ငယ်ရယ်"

တစ်ကိုယ်ထဲကြားယုံ၊ တိုးတိုးဖွဖွရေရွတ်လိုက်ပါတော့သည်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဒီငကြောင်နှစ်ကောင်ကိုမှ သွားပြောတာကိုးကွ . . . တစ်ကောင်က စာရှူး၊ ကဗျာရှူး၊ နောက်တစ်ယောက်က အဆိုတော်ရှူး၊ အူလူး"

ပေါက်ကြီးက ပြောရင်းတန်းလန်း စကားကိုခဏဖြတ်ကာ ကုန်ခါနီးလန်ဒန်အစိုကိုတောက်ထုတ်လိုက်ပြီး နောက်တစ်လိပ်ထပ်ညှိလိုက်၏။ မီးစွဲလောင်အောင်နှစ်ခါလောက်ဖွာလိုက်ပြီး ချစ်တီးဘက်လှည့်ကြည့်လိုက်သည်။

"ငယ်ကချစ် အနှစ်တစ်ရာဆိုတဲ့စကား မင်းကြားဖူးလား"

ချစ်တီးချက်ချင်းခေါင်းညိတ်ပြလိုက်တော့။

"အေး . . . မင်းခံစားနေရတာ အဲဒါပဲ"

ဒီတစ်ခါတော့ လေးလေးနက်နက် ခံစားသွားရဟန်နှင့် ခေါင်းက ညိတ်ညိတ်လုပ်ကာ ငြိမ်ဆင်းသွား၏။ ပေါက်ကြီးက တပည့်တစ်ယောက်ကိုကြည့်သည့် ကျောင်းအုပ်ကြီးမျက်လုံးမျိုးနှင့် ချစ်တီးကို ကြည့်ကာ . . .။

ဆောက်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com


"အချစ်ဆိုတာ ကမ္ဘာမှာ ယဉ်ကျေးမှုမထွန်းကားခင်ကတည်းက ရေပန်းစားခဲ့တဲ့အရာတစ်ခုကွ . . . မင်းမှန့်တယ် ဆက်လုပ်"

သူ့ကိုဘယ်သူမှဆက်မလုပ်ဘူးလည်းမပြောဘဲနှင့်အမိန့်တွေ ပေးနေသည်။ ချစ်တီးက ဘာစကားတစ်ခွန်းမှမပြောသေးဘဲ ပေါ်ကြီး ဆက်ပြောမည့်စကားလေးတွေကိုနားထောင်နေ၏။ သူတော်ချင်းချင်း သတင်းလွှေလွှေဆိုတာ ဒါမျိုးပဲဖြစ်မည်။ ဘုန်းကြီးရှုးနဲ့ လေ့လူးတော့ တွေ့ကြပြီ။

"မျက်လုံးဆိုတာ နှလုံးသားရဲ့တံခါးပေါက်တဲ့ ချစ်တီးရ . . . မင်း ငယ့်ငယ့်ကိုကြည့်တဲ့အကြည့်တွေ ဘယ်လိုရှိတယ်ဆိုတာ ငါအစောကြီးကတည်း ကသဘောပေါက်တယ်။ ဒါပေမယ့် အတောင်ရှိရဲ့သားနဲ့ ပျံသန်းခွင့်မရတဲ့ ပင်ဂွင်းငှက်လိုတော့မဖြစ်စေနဲ့ပေါ့ကွာ"

ပညာပိုင်းဆိုင်ရာ ဒဿနတွေပါလာပြီ။ ပေါ်ကြီးက လျှာကို တစ်ချက်သပ်သည်။ သူ့ရဲ့ခေတ်မီခံ့ညားလှသောစကားလုံးတွေကို သွတ်သွင်းဖို့ ဆက်လက်အားယူလိုက်ချိန်တွင် . . .။

"ပင် . . ပင်ဂွင်းနဲ့ အချစ်နဲ့ဘယ် . . . ဘယ်လိုပတ်သက်လဲ ဟင်"

ပေါ်ကြီးတက်နေတဲ့ ဖိလင်ကိုရုတ်တရက်ကြီးဖြတ်တောက်ခံ လိုက်ရ၍ နင်သွားကာချစ်တီးကို ဒေါသတကြီးကြည့်လိုက်ပြီး . .။

"မင်းဟာ . . . ငတုံးပဲချစ်တီးရာ"

ချစ်တီးမျက်နှာငယ်လေးခေါင်းငုံ့သွားကာ . .။

"ငါမှနားမလည်တာ"

"နားမလည်လည်းနောက်မှမေးပေါ့ကွ . . . ဒီမှာဆက်ပြောမယ့် စကားလုံးတွေ ဘယ်ရောက်သွားမှန်းမသိဘူး"

ပြောပြီးသက်ပြင်းချ၏။ ပြီးနောက် ချစ်တီးကို ခပ်နှိမ့်နှိမ့် တစ်ချက်ကြည့်ကာ . . .။

"မင်းနားမလည်လည်း ရှင်းပြရတာမှော်ကွာ . . . ငါပြောတာ


www.burmeseclassic.com

www.burmeseclassic.com



ပင်ဂွင်းငှက်ဟာအတောင်ရှိလျက်နဲ့ ပျံခွင့်မရသလို၊ မင်းဟာလည်း ချစ်တတ်တဲ့ နှလုံးသားရှိရဲ့သားနဲ့ ချစ်ခွင့်မရမှာ၊ ပိုင်ဆိုင်ခွင့်မရမှာဆိုးလို့ . . . သိရဲ့လား"

ဒီလိုဆိုတော့လည်း ချစ်တီးနားလည်သလိုလိုရှိသွားသည်။ ပေါကြီးကိုလေးစားတဲ့မျက်လုံးတွေနှင့် ငေးကာသွား၏။ ချစ်တီးအကြည့်ကို ပေါကြီးကလည်း သဘောပေါက်လိုက်၍ ခါးကိုတစ်ချက်မတ်လိုက်ကာ . . .။

"အချစ်မှာ ယေဘုယျအားဖြင့် ပိုင်ဆိုင်ခြင်းနဲ့ စွန့်လွှတ်အနစ်နာခံခြင်းဆိုတဲ့ အပိုင်းနှစ်ပိုင်းရှိတယ် . . .။ စွန့်လွှတ်အနစ်နာခံချင်ရင် အစောကြီးကတည်းက ချစ်မနေနဲ့ ငါတော့လက်မခံဘူး၊ လူတိုင်းဟာ ပိုင်ဆိုင်ချင်လို့ ချစ်ကြတာပဲကွ . . . ဥပမာကွာ . . . တချို့သချာ်စည်းမျဉ်းတွေနဲ့ သိပ္ပံတွေ့ရှိချက်တွေက မတော်တဆဖြစ်ပွားရာက လူတွေသိလာကြတာ . . . ဒါပေ မယ့် အချစ်က အဲဒီလိုမဟုတ်ဘူး၊ သူမှာ သီအိုရီမရှိဘူး ပုံစံခွက်မရှိဘူး ပြီးတော့ လူသားတွေ မတော်တဆတွေ့ပြီး ဖြစ်လာတာလည်းမဟုတ်ဘူး၊ ဒါနဂိုကတည်းက ပါလာတဲ့ မွေးရာပါစိတ်သယံဇာတတစ်ခု အင်း . . . မင်းနားလည်အောင် ဥပမာတစ်ခုထပ်ပေးရရင် ကောင်းကင်နဲ့မြေကြီးကြားမှာ ပေါက်ဖွားလာတဲ့ လူသားအပါအဝင် သတ္တဝါတွေအားလုံးဟာ . . ."

တချို့စကားတွေနားလည်သလိုရှိသည်။ တချို့ဟာတွေက မှုန်ဝါး ဝါး တချို့ဒဿနတွေဆို ဘာပြောလို့ ပြောသွားမှန်းတောင်မသိ။ ဒါပေမယ့် ဘာမှစောဒကမတက်ရဲပေ ဒီလိုပဲလိမ်ပိန်ပြီး နားထောင်နေရရှာသည်။

ချထားသော ဆေးလိပ်တစ်ဘူးက နောက်ဆုံးတစ်လိပ်ပဲကျန်တော့သည့် အခြေအနေရောက်မှ ပေါကြီးက သူ့စကားကိုအဆုံးသတ်လိုက်သည်။အားလုံးပြီးဆုံးသွားချိန်တွင် ချစ်တီးနားလည်လိုက်တာတစ်ခုတော့ရှိသည်။ အဲ ဒါက ပေါကြီးတစ်ယောက်သူ့ဘက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေခြင်းပင်။ သူပြောသွားသည့်စကားတွေ ဘာမှန်းမသိသော်လည်း ငယ်ငယ်နဲ့ ပတ်သက်၍သူ့အစွမ်းကုန်ကူညီမယ် ဆိုတာတော့ သဘောပေါက်လိုက်၏။

လက်ဖက်ရည်ဆိုင်ကထဲတော့ ညတောင်အတော် လေးမိုးချုပ်နေပါပြီ။ ညဥ့်ငှက်နှင့်နေ့ငှက်တို့ ဂျူတီချိန်းသောကာလကိုတောင် ကျော်လာပြီ။ နောက်ဆုံးလမ်းခွဲခါနီး ပေါကြီးက သူ့လက်ကိုကမ်းပေးကာ . . .။

"ငါတို့လက်တွေဘာလုပ်ဖို့လဲကွာ"

သူပေါကြီးလက်ကို ပြန်လည်ဆုပ်ကိုင်လိုက်ချိန်တွင် အင်အားတစ်ခု သွေးစီးချောင်းထဲသို့ တိုးဝင်လာသလို ခံစားလိုက်ရ၏။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



# ၃၀

ဆောင်းဦးပေါက်လေညင်းသည် နှင်းမှုန်တို့ကို သယ်လျက် အခန်း ပြတင်းပေါက်ဆီမှ တိတ်တခိုးချဉ်းနင်းဝင်ရောက်လာသည်။ လေတိုက်တိုင်းလွင့်ထွက်သွားသော အရှိန်ကြောင့် ကန့်လန့်ကာနှစ်ဖက်က တစ်ဖတ်ဖတ်ရိုက်ခတ်နေသံကိုကြားနေရသည်။ တရှပ်ရှပ်ပြေးလွှား နေသော သစ်ရွက်ခတ်သံများ၊ တချွင်ချွင်မြည်ကာနေသော တံခါး ဘောင်တစ်ခုက အလှတပ်ခေါင်းလောင်း ... တဒုတ်ဒုတ်ခုန်ကာ နေသည့် ရင်ခွင်၊ အရာအားလုံးစည်းချက်ညီညီ ယိမ်းကလျက် ..။

သူပိတ်ထားသော မျက်ခွံကိုဆွဲဖွင့်ကြည့်လိုက်၏။ ဖြူဖွေးသော ကွန်ကရစ်အမိုးကို ဖယ်ခွာကာ ခုတင်ပေါ်မှဆင်းလိုက်ချိန်တွင် အခန်း ထောင့်မှာထားသော ကီးဘုတ်ပေါ်သို့ မျက်စိကရောက်သွားသည်။ ဘီသို ဗင်၏ပေါက်ကွဲ သံစဉ်တချို့ သူ့အာရုံထဲအော်ဟစ်ပြေးလွှားသွားချိန်မှာ ပင် လက်ချောင်းများက ခလုတ်အဖြူလေးများပေါ် ရပ်ကာသွားခဲ့ သည်။

"ဂွမ်"



www.burmeseclassic.com

www.burmeseclassic.com


တွယ်ရာမဲ့ပြုတ်ကျသွားသော လက်ချောင်းများအောက်မှ အစီအစဉ်မကျသော အသံတစ်ချက်ထွက်လာသည်။ သူ့စိတ်တွေက လည်း ထိုသံစဉ်လိုပင် အနိမ့်အမြင့်မမှန်ပြေးလွှားရှပ်ယှက်ခတ်ကာ နေ၏။

"ငယ်"

တိုးဖွဖွရေရွတ်လိုက်သည်။ နှုတ်ခမ်းလှုပ်ရုံကလေး သူကိုယ်တိုင် တောင်ပြန်မကြားရ။ အေးစက်တိတ်ဆိတ်နေသော ဆယ်ပေပတ်လည် သူ့အခန်းကျဉ်းလေးထဲ နာရီအိုတချက်ချက် မြည်သံမှလွဲ၍ အရာ အားလုံး ချောက်ချားတိတ်ဆိတ်လျက်။

သူ့လက်တွေခလုတ်ဖြူလေးများပေါ် ပြေးလွှားကာသွားသည်။ ပျော့ပျောင်းသွယ်လျှသော သံစဉ်တစ်ခု သူ့ဦးနှောက်ကိုချုပ်ကိုင်လိုက် သည်။ ခဏအတွင်းပင် သူ့အခန်းကလေးသည် ဂီတ၏ဦးဆောင်မှုဖြင့် ခုတ်မောင်းစပြုလာပြီ . .။

သံစဉ် . . .။

ဂီတ . . .။

အချစ် . . .။

အရာအားလုံးစည်းချက် ညီညီလည်ပတ်ကာသွား၏။ လက်ချောင်းများက ခလုတ်အဖြူများ ပေါ်ပြေးလွှားခုန်ပေါက်မြ" ..ၤ ခုန်ဆဲ . .။ သူ့နှုတ်ခမ်းမှ စာသားတချို့ သံစဉ်နဲ့ရောထွေးထွက်ပေါ် လာ သည်။ လူသားတို့ အချစ်ကို ခေတ်အဆက်ဆက်ကဖော်ကျူးခဲ့ကြသည်။ ညွှန်းဆိုခဲ့ကြသည်။ ကိုယ်ပိုင်ဉာဏ်စွမ်းရှိသရွေ့ဖွဲ့နွဲ့ခဲ့ကြ၏။

သူသည်လည်း . . . ။ သူသည်လည်း . . .။

တဖြည်းဖြည်း စန္ဒရားသံကတိုးတိတ်ဖျော့ ကျသွားပါတော့ သည်။ သူ့လက်ချောင်းများကလည်း လှပစွာဖျော်ဖြေခဲ့သော အလင်း ကချေသည်တစ်ဦး၏ နောက်ဆုံးပိတ်ပွဲသိမ်းကကြိုးကဲ့သို့ . .။

တဖြည်းဖြည်းချင်းငြိမ်သက်သွားပါတော့သည်။ နာရီအို တစ်



www.burmeseclassic.com

www.burmeseclassic.com


ချက်ချက် အသံနဲ့အတူ တစ်ဖက်ခန်းမှ အမေ၏ဟောက်သံကပြန်လည်စိုးမိုးလာပါတော့၏။

ထော်ဝင်မြို့မ စာအုပ်တိုက်
www.burmeseclassic.com

www.burmeseclassic.com


"ဒီသီချင်းခေါင်းစဉ်ကို ငါက 'ငယ်'ဆိုပြီး တစ်လုံးတည်းပေး ထားတယ် မင်းတို့ဘယ်လိုသဘောရလဲ"

ပေါကြီးက ဆေးလိပ်သောက်နေရာမှ ရန်နိုင်စိုးကို လှမ်းကြည့်လိုက်၏။ ရန်နိုင်စိုးက ချစ်တီးလက်မှ စာရွက်လေးကိုယူရင်း . . .။

"ဘယ်တုံးကစပ်ထားတာလဲ"

"ညက ငါ့လည်း ငယ့်ကိုမတရားလွမ်းလာတာနဲ့ ဂီတနဲ့ ကုစားမယ်ဆိုပြီး ကီးဘုတ်ထတီးရင်း သံစဉ်တွေ စာသားတွေ ငါ့ရင်ထဲက အလိုလိုအန်ကျလာတာ"

"ညကဆိုလည်း ညကပေါ့ကွာ အဲဒီ့လောက်ရှည်ရှည်ဝေးဝေးကြီး ရှင်းပြနေစရာမလိုပါဘူး"

ဝင်ပြောလိုက်တာ ဇော်ဇော်ပါ။ သူက ကဗျာတစ်ပုဒ်ဖတ်နေရင်းက နားကြားပြင်းကတ်လာလို့ လှမ်းပြောလိုက်တာပါ။ ရန်နိုင်စိုးကတော့ ချစ်တီးပေးတဲ့စာရွက်လေးကိုကြည့်ရင်း ငြိမ်နေပြီး အတန်ကြာတော့မှ . . .။

www.burmeseclassic.com

www.burmeseclassic.com



"စာသားလေးတွေ တော်တော်နူးညံ့တယ် ဒါပေမယ့် မင်းဟာ ကော့ဒ်တွေလည်းမပါဘူး၊ ငါက ဘာကိုကြည့်ပြီး သွားတီးရမှာလဲ"

"ဂစ်တာကော့ကတော့ မင်းဟာမင်းထည့်လိုက်ပေါ့ကွာ ငါက ကီးဘုတ်နဲ့တီးပြမယ် မင်းထည့်ကြည့်လိုက်"

ရန်နိုင်စိုးအိမ်မှာလည်း ကီးဘုတ်တစ်လုံးရှိတော့ သူတို့ အဆင်ပြေသွားကြသည်။ ရန်နိုင်စိုးက ခေါင်းညိတ်ပြီး ဂစ်တာယူကာ သူ့အခန်းထဲသို့ဝင်သွား၏။ ချစ်တီးလည်း နောက်ကလိုက်သွားတော့သည်။ ခဏနေတော့ ရန်နိုင်စိုး အခန်းထဲမှ ကီးဘုတ်သံနှင့် ဂစ်တာသံ စည်းချက် ညီညီထွက်လာတော့သည်။ ပေါ်ကြီးနဲ့ ဇော်ဇော်ကတော့ ဝရန်တာမှာ ဘာအလုပ်မှမရှိဘဲတစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ကျန်နေရစ်ခဲ့တော့သည်။

"ငပေါကြီး ... မင်းချစ်တီးကို မြှောက်မြှောက်ပေးမနေနဲ့ ဒီကောင့်အကြောင်းလည်း မင်းသိရဲ့သားနဲ့ တော်ကြာကိုယ့်ဇာတ်ကိုယ် မနိုင်ဘဲ ဖြစ်နေဦးမယ်"

"ဟ ... အချစ်ဆိုတာ မြှောက်ပေးတိုင်း ဖြစ်လာတာမှ မဟုတ်တာ ငါမြှောက်မပေးလည်း သူ့အလိုလိုဖြစ်လာမှာပဲ မင်းလည်း ကဗျာတွေစာတွေ ရေးနေတာပဲ ပန်းဆိုတာ ပွင့်ချိန်တန်ရင် ဘယ်သူမှ မပွင့်နဲ့လို့ တားလို့မရဘူးကွ"

"အေးပါ ပေါကြီးရာ ပြောမိတာ ငါ့အမှားပါ"

ပေါကြီးက ခေါင်းခါသည်။ အခုမှ နောင်တမရနဲ့ဆိုတဲ့ အကြည့်နဲ့လည်း ကြည့်၏။ ဇော်ဇော်ကတော့ သက်ပြင်းချကာ ကိုယ့်လျှာကိုယ် ကိုက်ဖြတ်ချင်စိတ်ပင်ပေါက်သွားမိတော့သည်။ ရာဇဝတ်အိုးကိုမှ တုတ်နဲ့ ထိုးမိလေပြီ ...။

"လောကမှာ ဘက်မျှခြင်းနိယာမဆိုတာရှိတယ်ကွ ... အဲ ... ချိန်ခွင်လိုပေါ့ကွာ လိုအပ်ချက်နဲ့ဖြည့်စွက်ချက် ... အဲဒါပဲ ... အင်း မင်းနား လည်အောင်ရှင်းပြရရင် ဥပမာကွာ ကမ္ဘာမှာ ကုန်းမြေနဲ့



www.burmeseclassic.com

www.burmeseclassic.com


ရေပြင်ဟာ သူ့ဟာနဲ့သူ သဟဇာတဖြစ်ပြီး ကမ္ဘာဟာလုံးလုံးကလေးနဲ့ လှမနေဘူးလား . . . အဲ. . ကမ္ဘာပေါ်မှာ ပင်လယ်သမုဒ္ဒရာထဲက ရေတွေကိုထုတ်ပြီး "မင်းမြင်ကြည့်လိုက်စမ်း ဘာနဲ့တူမလဲ"

ပြောပြီး အဖြေတောင်းတဲ့ပုံစံ မေးဆတ်ပြတော့ ဇော်ဇော် စိတ်ညစ်နေရာမှ အေးပြီးရောခေါင်းခါပြလိုက်သည်။ ပေါကြီးကပဲ ပြုံးစိစိနှင့်ကြည့်ကာ ဆက်ပြော၏။

"ကမ္ဘာဟာ စုန်းကိုက်ထားတဲ့ ပန်းသီးလိုဖြစ်နေမှာပေါ့ကွ . . . ဟုတ်ဘူးလား . . . အင်း . . . နောက်တစ်ခုက ကမ္ဘာ့စစ်သမိုင်းကို လေ့လာရရင်"

ပြောရင်း သောက်လက်စဆေးလိပ်ကို တောက်ထုတ်လိုက်ကာ နောက်တစ်လိပ်ကောက်ကာတပ်သည်။ အဲ့ဒီစက္ကန့်ပိုင်းလစ်ဟာသွားတဲ့အချိန်ကလေးကို ဇော်ဇော်ကအမိအရအသုံးချကာ . . .

အေး . . . ငါ . . . ငါဗိုက်နာလာပြီကွာ အိမ် . . . အိမ်သာသွားလိုက်ဦးမယ်"

ဆိုပြီး ပြောရင်းထလစ်လိုက်ပါတော့သည်။ ပေါကြီးခမျာ ပါးစပ်ဟောင်းလောင်းလေးနှင့် တိုးလိုးတန်းလန်းကျန်ခဲ့ရတော့သည်။ ခဏကြာတော့မှ ရန်နိုင်စိုးတို့ အခန်းထဲကထွက်လာကာ . . .

"မင်းသီချင်းလေးကောင်းတယ်. . . အသံသွင်းထားလိုက်လေ၊ ပြီးတော့ သူ့ကိုပေးလိုက်ပေါ့ . . . ကြွေသွားမှာအမှန်ပဲ"

ချစ်တီးမျက်နှာ ဆီသုတ်လိုက်တဲ့ လင်ပန်းလို ပြောင်ဝင်းဝင်းကြီးဖြစ်သွားကာ . . .

"တကယ်ပြောတာလား"

"တကယ်ပေါ့ကွ . . . ငါမနောက်ပါဘူး"

ပျော်ရွှင်စွာခုန်ပေါက်ပြီး ပေါကြီးနားမှာသွားထိုင်တော့သည်။ ပေါကြီးကတော့ သားကောင်တွေ့သော မုဆိုးလိုချစ်တီးကိုကြည့်ကာ. .

"မင်းက အချစ်ကို အနုပညာနဲ့တင်စားတယ်ဆိုတာတော့ ထား


www.burmeseclassic.com

www.burmeseclassic.com



ပါတွေ့ ဒါပေမယ့် တင်စားနေရုံနဲ့မပြီးဘူးနော်၊ ဟိုက မင်းကိုချစ်လာမှာ မဟုတ်ဘူး၊ မင်းအဓိကလုပ်ရမှာက သူ့အချစ်ကိုရဖို့ကြိုးစားရမှာ၊ မင်း ဒီလိုပုံစံနေသွားလို့ ဟိုက မင်းဆီရောက်မလာဘူး"

ချစ်တီးရဲ့ပျော်နေတဲ့အတွေးလေးတွေ ထိုင်ရှိုးရှိုသေးသည်။ သုံးပုံနှစ်ပုံလောက် ဘယ်ရောက်သွားမှန်းမသိတော့၊ အဲဒီအချိန်မှာပဲ အိမ်သာတက်ချင်ယောင်ဆောင်ပြီး ပြန်လာသောဇော်ဇော်ပါ ဝင်ပါလာတော့၏။

"ဟုတ်တယ် ချစ်တီး မင်းသူနဲ့ပြန်တွေ့တာမှ လေးငါးကြိမ်ပဲ ရှိသေးတယ် ဒီလောက်ကြိုးစားမှုနဲ့တော့ မင်းလိုချင်တာတွေ ပြည့်လာမှာ မဟုတ်ဘူး၊ မင်း သူ့ကိုခုထက်နှစ်ဆလောက်သွားတွေ့ဖို့လိုတယ်။ ပြီးတော့ မင်းသူ့အပေါ် ဘယ်လိုသဘောထားတယ်ဆိုတာလဲ သူသိအောင်ပြဖို့လိုတယ်"

ချစ်တီးခမျာ စာမေးပွဲကျလို့ ဆူခံနေရသည့်ကျောင်းသား တစ်ယောက်လို မျက်နှာလေးငယ်ကာသွား၏။ ပြီးမှ အားလုံးကို အားငယ်သည့်မျက်လုံးလေးတွေနှင့် လိုက်ကြည့်ကာ . . .။

"ငါ သူ့ဆီကို အကြောင်းအမျိုးမျိုးပြပြီး သွားတာကုန်နေပြီကွ . . ဘာအကြောင်းထပ်ပြပြီး သွားရမှန်းမသိတော့ဘူး . . . ကယ်ပါဦးကွာ"

ရန်နိုင်စိုးက သက်ပြင်းချကာ . . .။

"ကုန်နေလည်း တွေ့ချင်လို့လာတာဆိုပြီး ပေါ်တင်သွားပေါ့ကွာ . . အဲဒါဆိုမင်းသူ့ကို စိတ်ဝင်စားလို့လာမှန်း ပိုတောင်သိသေးတယ်"

"ငါ . . . ငါမှ အဲလိုမလုပ်ရဲတာ"

"သေလိုက် ချစ်တီး . . . သေလိုက် . . . ကွာ . . . တော်"

ရုတ်တရက်ပေါ်ကြီးကထပြီး ဒေါသထွက်သွားတော့သည်။ ဘာကြောင့်မှန်းလည်းမသိ ချစ်တီးကိုပေါ်တင်ကြီး ထ,ကောက်၏။ ရန်နိုင်စိုးနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဇော်ဇော်တောင်ကြောင်ပြီး ပေါကြီးကိုကြည့်နေမိ၏။ ပေါကြီးက ဘာကို မှုဂရုမစိုက်။

"ချစ်တီး မင်းကဘာနဲ့တူလဲဆိုတော့ ဝင်ကစွပ်နဲ့တူတယ်၊ ကိုယ်တိုင်လည်း လက်ကြောတင်းအောင် မဖန်တီးချင်ဘူး၊ သူများအခွံနဲ့ ဘဝကိုတည်ဆောက်နေတဲ့ကောင်ပဲ၊ ဒါပေမယ့် အဲဒါ ဝင်ကစွပ်ပဲ လုပ်လို့ရမယ် အချစ်မှာ မရဘူးကွ"

ချစ်တီးမျက်နှာသေးသေးလေးပဲရှိတော့သည်။ ဘာကြောင့် မှန်းမသိ ပေါကြီးကို တော်တော်ကြောက်ကာသွားပြီး . . .။

"အေး . . . အေးပါကွ . . . ငါနောက်မလုပ်တော့ပါဘူး သူငယ်ချင်းရာ"

ပါးစပ်ထဲရှိရာတွေလျှောက်ပြောကုန်၏။ နောက်မလုပ်တော့ ပါဘူးဆိုလို့ အရင်ကပဲတစ်ခုခုများခဲ့သလိုလိုတွေဖြစ်ကုန်သည်။ ချစ်တီး ချွေးသီးချွေးပေါက်တွေကျလာကာ သုံးယောက်လုံးကို မျက်နှာငယ် လေးနှင့် လိုက်ကြည့်ရင်း . . .။

"ငါ . . . ငယ် . . . ငယ့်ကိုချစ်မိတာ ဘာ . . . ဘာများ မှားမိလို့လဲကွာ"

အားလုံးချစ်တီးအခြေအနေကိုကြည့်ကာ သက်ပြင်းချလိုက် မိပါတော့သည်။ ချစ်တီးပုံစံကို သူတို့သဘောပေါက်လိုက်ပြီ။ ဒီလို ပူပူ လောင်လောင် တွန်းအားပေးလို့မရ၊ ပြီးတော့ တွန်းတွန်းတိုက်တိုက် လည်းလုပ်လို့မရ၊ အခုတောင် ဒီကောင် သူတို့သဘောကို ကောင်း ကောင်းနားမလည်ဘဲ တောင်တွေးမြောက်တွေးတွေ လျှောက်တွေးပြီး လွဲကုန်ပြီ။ အဲဒီတော့ သူ့ကိုလုပ်ပေးနိုင်တာ တစ်ခုပဲရှိတော့သည်။ ဖြည်းဖြည်းချင်းတွန်းအားပေးပြီး မှန်မှန်လေးချီတက်သွား ယုံသာရှိပါ တော့သည်။

အားလုံးအတွေးဆုံးသွားတော့ ချစ်တီးက တရှုပ်လိုက် ကာ. . .။



www.burmeseclassic.com

www.burmeseclassic.com


"မင်းတို့ပြောတာ ငါသဘောပေါက်သွားပြီ"

ဟုပြောပြီး သူတို့ရှေ့မှ ထွက်သွားပါတော့သည်။

အားလုံးချစ်တီးကိုကြောင်ကာ ငေးရင်း ကျန်ခဲ့ရတော့၏။

❦ ❦ ❦

ဿက်ဝင်မြို့ ဓာတ်ဆွဲပ်ကိုက်
www.burmeseclassic.com

www.burmeseclassic.com



ငါ့ . . . ရင်ကိုဖောက်ထွက်မယ့်မြားတစ်စင်းဟာ။

မင်းလား . . . !

အဲဒီ့ရာသီဦးမှာ . . . ငါ့နှလုံးသားဟာ

ခရမ်းပြာ ဓားတစ်လက်ကြောင့်

ပက်ကြားအက်ခဲ့ရတယ် . . . ။

. . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . နှင်းရေ !

မင်းဟာ ငါ့ရင်ထဲမှာ . . . . ။

ဆောင်းဘယ်နှခုတိုင်အောင် ခိုနေဦးမှာလဲကွာ။

'ဗြဲ'

တိတ်ဆိတ်အေးချမ်းနေတဲ့ ညဥ့်သန်းကောင်းအချိန်မှာ စာရွက်ဖြူသံက ရုတ်တရက်ထွက်ပေါ်လာ၏။ လက်မှာလုံးခြေပြီး ဘေးက

www.burmeseclassic.com

www.burmeseclassic.com



ခြင်းထဲထည့်လိုက်သည်။ သွားပြန်ပြီတစ်ရွက်၊ ဒီတစ်ရွက်နဲ့ဆို ငါးရွက်ရှိသွားပြီဖြစ်ကြောင်း သူသိလိုက်၏။ စိတ်ကိုအတည်ငြိမ်ဆုံး ပြန်ထားကာ ဘောပင်ကိုပြန်ကိုင်လိုက်ပြန်သည်။

သူရည်းစားစာရေးနေခြင်းပင်။ ညကိုးနာရီကတည်းက ထိုင်ရေးနေသော ရည်းစားစာတစ်စောင်က အခုထိအထမမြောက်သေးပေ။ ပြောတော့သာလွယ်တာ တကယ်တမ်းရေးကြည့်တော့ ဘယ်ကစရေးရမှန်းမသိ။ သို့သော် မရေးလို့လည်းမရ။ ငယ့်ကိုဒီရက်ပိုင်းအတွင်း ရည်းစားစာတစ်စောင်လောက်တော့ ပေးချင်သည်။ ပါးစပ်က ဖွင့်မပြောရဲသော သူ့အတွက် ဒီနည်းလမ်းက အလွယ်ဆုံးပင်။ ပြီးတော့ နှုတ်တစ်ရာစာတစ်လုံးဆိုသလို ပိုပြီးလေးလေးနက်နက်ရှိမယ်လို့လည်း ထင်၏။ နည်းလမ်းက ရိုးသော်လည်း သူ့အတွက်အံ့ဝင်ခွင်ကျပင်။

သို့/

ချစ်သော်ငယ်လေးရေ . . .။

သိပ်နုသွားပြီထင်သည်။ ပြီးတော့ ငယ်လေးရေလို့ရေးလိုက်တဲ့ လက်ရေးကိုလည်း သိပ်မကြိုက် . .၊ ထို့ကြောင့်

"ဖြဲ"

ခြောက်ရွက်မြောက်စက္ကူလုံးလေးသည် မိုက်ကယ်ဂျော်ဒန်ပစ်ထည့်လိုက်သော ဘတ်စကက်ဘောလိုခြင်းထဲသို့ တန်းတန်းမတ်မတ်ဝင်ကာသွား၏။

နောက်တစ်နည်း။

ရင်ကွဲပက်လက်ချစ်ရပါသော 'ငယ်'

အင်း . . . ဒါလေးတော့မဆိုး၊ ရင်ကွဲပက်လက်ချစ်တယ်ဆိုတော့ သူမကိုအသေအကျေချစ်နေသည်ဆိုတဲ့သဘော၊ သို့သော် ထိုအတွေးသည်ခဏပဲခံသည်။ သူ့စာ သူလေးခေါက်လောက်ဖတ်ပြီးတော့ ကြောင်တောင်တောင်ကြီး ဖြစ်နေမှန်းသိသွား၏။ ထို့ကြောင့်

"ဖြဲ"



www.burmeseclassic.com

www.burmeseclassic.com



ခြင်းလေးထဲတွင် စက္ကူတစ်လုံးတိုးကာသွားပြန်သည်။ ဒီအတိုင်းဆက်သွားနေလို့တော့ မဖြစ်တော့၊ ရည်းစားစာရေးဖို့ မနက်ကမှ ဝယ်ထားတဲ့ပန်းနုရောင် စာအုပ်လေးသည် သုံးလေးရွက်လားပဲ ကျန်တော့သည်။ ထို့ကြောင့် မရေးခင်ခေါင်းထဲမှာပဲ စကားလုံးတွေ အရင်ဆုံးချစီကြည့်ဖို့စိတ်ကူးလိုက်၏။ ဒီတစ်ခါတော့ ငယ့်နာမည်အရင်း 'နှင်းခက်ချို'ဆိုတဲ့ အထဲကတစ်လုံးလုံးပြောင်း သုံးကြည့်မည်ဟုလည်း စိတ်ကူးထားလိုက်၏။

ငယ့်နာမည်က 'နှင်းခက်ချို'ဆိုတော့ အဖျားစလုံးလေးဆွတ်ပြီး 'နှင်း' ဟုခေါ်ကြည့်လိုက်၏။ မြောက်ဝင်ရိုးစွန်းမှာ မှောက်ခုံကြီးလဲကျသွားသလို ရင်တစ်ခုလုံး ကျဉ်ခနဲဖြစ်သွားပြီး နှလုံးသားအပေါ်ယံ နှင်းမြူတွေရစ်သိုင်းသွား၏။ ဒီနာမည်လေးမဆိုး၊ ကဗျာလေးလည်း ဆန်သည်၊ ခေါ်လို့လည်းကောင်းသည်။ ထို့ကြောင့် 'နှင်း' ဆိုတဲ့ နာမည်နဲ့ စာတစ်စောင်ရေးဖို့ဆက်တွေးလိုက်တော့၏။

သို့/

လျှို့ဝှက်သောနှင်း . . . ရေ

စင်ရော်မောင်မောင်နဲ့ လွင်မိုးပုံကြီး မျက်စိထဲပေါ်လာ၍ ဖျောက်ဖျက်ပစ်လိုက်ရသည်။ မဖြစ် ဒီစာသာ ငယ်ဖတ်မိသွားရင် ခွက်ထိုးခွက်လန် အော်ရယ်လိမ့်မည်။ ဒါကြောင့် နောက်တစ်နည်းပြောင်း စဉ်းစားကြည့်၏။

"ဆောင်းရယ် နှင်းရယ် ကိုယ့်ချစ်သူရယ်"

မဖြစ်သေး၊ စာသားမဆုံးခင် အတွေးကိုရပ်ပစ်လိုက်သည်။

သို့/

နှင်းရေ . . .

နှင်း . . .

နှင်းလေးရေ . . .

နှင်း နှင်း . . .



www.burmeseclassic.com

www.burmeseclassic.com



နှင်းငယ်လေး . . .

ချစ်သော . . . နှင်း . . .။

မြက်ဖျား . . . နှင်း . . .။

အသဲတုန်၊ အူတုန် ချစ်တဲ့ နှင်းနှင်းလေးရေ . . .။

ကိုယ့်ရဲ့ နှင်း . . .။

အို . . . နှင်း

အားလုံး 'နှင်း'ဆိုတဲ့ စာလုံးကိုခေါင်းစဉ်တင်၍လျှောက်စဉ်းစားကြည့်သည်။ ကြောင်သည်၊ ဝေါင်သည်၊ ပေါသည်။ ဘယ်အရာမှအထာမကျ။ သက်ပြင်းချ၍ ဘောပင်ကိုဒေါက်ခနဲ ပစ်ချလိုက်တော့၏။ သွားပြီ ရည်းစားစာတစ် စောင်ရေးဖို့ကိုစွသည် ဆယ်တန်းစာမေးပွဲထက် ခက်ခဲနေလေပြီ။ နောက်ဆုံး 'ဘယ်လိုစဉ်းစားစဉ်းစား ဘာတစ်လုံးမှ ထွက်မလာတော့၍ လက်လျှော့လိုက်ရတော့သည်။

စိတ်ပျက်လက်ပျက် ကုလားထိုင်မှာ ငုတ်တုတ်ထိုင်ရင်း ဘာဆက်လုပ်ရမလဲ စဉ်းစားကြည့်၏။ ရည်းစားစာတစ်စောင်တောင် ဖြောင့်တန်းအောင် မရေးတတ်တဲ့ ကိုယ့်ကိုယ်ကိုလည်းအပြစ်တင်မိသည်။ အနည်းဆုံးဖွဲ့ဖွဲ့နွဲ့နွဲ့ စာလေးတစ်ပိုဒ်လောက်တော့ ဒီညဖြစ်မြောက်သွားသင့်သည်ဟုထင်သည်။ ဆန္ဒရှိသော်လည်း အရည်အချင်းကမလိုက်နိုင်၍ အခက်တွေ့နေပြီ။

နောက်ဆုံး ရသေ့စိတ်ဖြေလေးဖြစ်သွားအောင် တယ်လီဖုန်းမှတ်သည့်စာအုပ်ကလေးမှာပဲ လက်ရေးသေးသေးလေးနှင့် ရေးချလိုက်ရပါတော့သည်။

"ငယ့်ကိုချစ်တယ် . . . ဒါပေမယ့် . . ."

သူ စာရေးစာပွဲပေါ်မှာပဲ ခေါင်းငိုက်စိုက်ကျသွားကာ ထိုညမိုးလင်းခဲ့ရပါတော့သည်။ အိပ်မက်ထဲမှာ သူက ငယ့်ကို 'လက်တို့ပြီး တော့ပြောရဦးမယ်'ဆိုပြီး ရည်းစားစကားတွေလိုက်ပြောနေလေသည်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com


"အင်း . . . အဆင့်အတန်းမီတဲ့ ရည်းစားစာတစ်စောင်ဖြစ်လာဖို့ဆိုတာ တော်ရုံတန်ရုံ ကဗျာဓာတ်ခံရှိရုံနဲ့ ဖြစ်တဲ့ကိစ္စမဟုတ်ဘူး ချစ်တီးရ မင်းလို ငတုံးမျိုးဆို ပိုဆိုးတာပေါ့"

ပေါကြီးကပြောပြီး သူ့ကိုတစ်ချက်ကြည့်သည်။ ငတုံးလို့ပြောခံလိုက်ရ၍ စိတ်ထဲမျက်ခနဲဖြစ်သွားသော်လည်း ဘာမှပြန်မပြောရဲ၊ ဒီကိစ္စမှာပေါကြီး ကလွဲပြီး ဒါမျိုးသူ့အပေါ် တူတူတန်တန်ဆက်ဆံချင်သူမရှိ။ ပေါကြီးကလည်း သူပြောတဲ့ စကားကြီးစကားကျယ်တွေကို သူတစ်ယောက်ကလွဲ၍ ဒီလိုနားထောင်ပေးမယ့် လူမရှိသောကြောင့် သူ့ကိုလက်မလွှတ်နိုင်မှန်းသိထား၏။ သူနဲ့ ပေါကြီးက ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ . . .။

"မင်းကောင်မလေးနာမည်မှာ နှင်းပါတယ်ဆိုကတည်းက ဖွဲ့စရာ နွဲ့စရာတွေ တစ်ပုံကြီး ဥပမာ ငါပြောပြမယ် . . . နှင်းပွင့်လေးတစ်ပွင့်လို ဖြူစင်နူးညံ့လှပါသော နှင်းရယ် . . . ကိုယ့်ဘဝသက်တမ်းတစ်လျှောက် နွေး၊ မိုး၊ ဆောင်းအခါခါပြောင်းလဲခဲ့ပေမယ့် ရင်ထဲက

www.burmeseclassic.com



ဆောင်းရာသီမှာတော့ နှင်းဟာ ဆယ်နှစ်လပတ်လုံး စိုးမိုးနေခဲ့တာ နှင်းသိမှာမဟုတ်ပါဘူး . . . ဟုတ်တယ်နော် . . . အဲပြီးတော့ . . . အဟမ်း . . . နှင်းရယ် . . . မရေးတတ်ရေး တတ်နဲ့တတ်သလောက် မှတ်သလောက်ရေးထားတဲ့ ဒီရည်းစားစာလေးကို ပြက်ရယ်မပြုပါနဲ့နော် . . . လူတိုင်းဟာ အချစ်နဲ့ပတ်သက်ရင် ကဗျာဆန်သွား တယ်လို့ ပလူတိုကပြောတယ် နှင်းရယ် . . .

"ပေါ . . . ပေါကြီး . . . ပ . . ပလူတိုက ဂြိုဟ်မဟုတ်ဘူးလား ခင် . . . ပ . . . ပလေ . . . တို . . . ထင်တယ်"

သူမဝံ့မရဲလေးထောက်ပေးလိုက်တော့ ပေါကြီးမျက်နှာ ချက်ချင်းပျက်သွား၏။ သူ့ကိုယ်သူ မှားသွားမှန်းလည်းသိသည်။ သို့သော် ချစ်တီးရှေ့မှာ အရှက်ကွဲမခံချင်၍ . . .။

"မင်းကို အဲဒါကြောင့် ငတုံးလို့ပြောတာ မင်း ပလေတို အကြောင်း ဘယ်လောက်သိလဲ"

"ဘာမှမသိ . . . မသိပါဘူးကွာ"

"အေးမသိရင် ဝင်မပြောနဲ့ ပလေတိုရဲ့ ငယ်နာမည်က ပလူတိုကွ မှတ်ထား"

သူဆက်မငြင်းတော့ပဲ ခေါင်းညိတ်ပြလိုက်၏။ ပလေတိုနဲ့ ပလူတို ပြောင်းလဲမှုသည် သူ့ဘဝအတွက် အရေးကြီးကိစ္စမဟုတ်၍ ပေါကြီးစိတ်ချမ်းသာအောင် လွှတ်ပေးလိုက်တော့သည်။ ပေါကြီးက ခုန ငုပ်သွားသော ဖိလင်ကိုပြန်သွင်းပြီး စီးကရက်တစ်လိပ်ကို မီးညှိ လိုက်၏။ ပြီးမှ . . .

"မင်းကဗျာလေးတွေ ဘာလေးတွေထည့်ရေးပေါ့ကွာ မိန်းကလေးတွေဆိုတာ အနုပညာဆန်မှစိတ်ဝင်စားတာကွ"

"ငါမှကဗျာမရေးတတ်တာ"

"ငါပြောပြမယ်လေ . . . ငါတစ်ယောက်လုံး မင်းဘက်မှာရှိနေတာ ဘာလိုသေးလည်းချစ်တီးရာ"



www.burmeseclassic.com

www.burmeseclassic.com



ချစ်တီးအားတက်သွားကာ မျက်နှာက ပြုံးပြုံးကြီးဖြစ်သွားပြီး . .

"လုပ် . . . လုပ်စမ်းပါ ငါ့ကောင်ရာ မင်းကို အဲဒါကြောင့် ငါအားကိုးတာပေါ့"

ပေါကြီး ခါးတစ်ချက်မတ်လိုက်ကာ အသံနေအသံထားဖြင့်

"နွေရက်မိုးဆောင်း
ဘယ်လိုပြောင်းလဲ
ငါရဲ့ရင်မှာ
နှင်းလေးပါ . . ."

"ဟင်"

ချစ်တီးရုတ်တရက်တော့ ငေါင်သွား၏။ ဒီကဗျာကာရန်ကို လည်း တော်တော်ရင်းရင်းနှီးနှီးကြားဖူးနေ၍ စဉ်းစားသွားသည်။ ခဏ နေတော့မှ . .

"ဟာ . . . မင်း . . . မင်းဟာ အန်း . . . အန်းလီ ကြော်ငြာကြီး"

ပေါကြီးကတော့ ခပ်တည်တည်ပင် . . .

"ဘာဖြစ်လဲ သီချင်းတွေတောင် ကော်ပီတွေပြန်ဆိုတေးတွေ လုပ်နေသေးတာ မင်းလည်း ကဗျာကိုပြန်စပ်ဆိုတာ အပြစ်မရှိဘူး . . . နောက် အဲဒီကြော်ငြာကလည်း သူတို့နဲ့တိုက်ရိုက်ပတ်သက်နေတော့ ရင်ထဲမှာ မင်းကိုအမြဲ သတိရသွားမှာ"

"တော်စမ်းပါ ပေါကြီးရာ မင်းကဟုတ်မလိုလိုနဲ့"

"ဟား . . . ဟား . . . ငါကအလကားစတာပါကွာ . . အဲ ဒါပေမယ့် တစ်ခုတော့ရှိတယ် မင်းဟာမင်း ရည်းစားစာပဲပေးပေး၊ ပါးစပ်ကပဲ ဖွင့်ပြောပြော အရေးကြီးတာက သူနဲ့မင်း ထိတွေ့နေဖို့လို တယ်၊ ဥပမာ လူကိုယ်တိုင်သူ့ဆီမရောက်နိုင်ရင်တောင် ဖုန်းလေး ဘာလေးဆက်ပေါ့ကွာ"

သူတစ်ချက်တော့ စဉ်းစားသွား၏။ ပေါကြီးပြောတာမှန်သည်၊

www.burmeseclassic.com



သူ တစ်ခုခုတော့လုပ်သင့်ပြီ။ ငယ်ငယ့်ကို သူဖွင့်မပြောသေးရင်တောင် မကြာခဏတော့သွားတွေ့သင့်၏။ ဒါမှ ရင်းနှီးမှုပိုလာမည်။ သံယောဇဉ် ပိုတွယ်လာသည်။ မိန်းကလေးတစ်ယောက်က ယောကျ်ားလေးတစ် ယောက်အပေါ် ချစ်လာနိုင်ဖို့ဆိုသည်မှာ သံယောဇဉ်၊ သနားခြင်း၊ ရင်ခုန်မှု၊ ရင်းနှီးမှု စသည်တို့ အပေါ်တွင် မြစ်ဖျားခံကြောင်း မနေ့က ဖတ်လိုက်ရသော ဝတ္ထုတစ်ပုဒ်ထဲတွင် ရေးထားတာတွေ့လိုက်ရ၏။ အပြင်မှာလည်း ဒီလိုပဲဖြစ်လိမ့်မည်ဟု သူထင်သည်။

"မင်းပုံစံကလည်း ကြက်ကိုလည်လိမ်ထားတာကျနေတာပဲ ဘာဖြစ်သွားတာလဲ"

"ဘာမှမဖြစ်ပါဘူး၊ မင်းပြောတဲ့ စကားကို ငါတွေးနေတာပါ. . မင်းပြောတာဟုတ်တယ် ငါသူ့ကိုသွားတွေ့သင့်တယ် . . . အဲ . . . ဒါပေမယ့် လောလောဆယ် ငါ့ဆိုင်ကယ်ရောင်းထားတော့ သွားဖို့လာဖို့ အဆင်မပြေဘူးဖြစ်နေတယ်"

"မင်းပဲကားပြန်ဝယ်မယ်ဆို မဝယ်ဖြစ်သေးဘူးလား"

"ဝယ်တော့ဝယ်မယ် ဒါပေမယ့် ကားသန့်သန့်လေးရှာနေ လို့ကြာနေတာ အခုတော့ တစ်စီးတွေ့ထားတယ် ဈေးသိပ်အဆင်မပြေ သေးလို့ ရှေ့အပတ်ထဲလောက်တော့ ရပြီထင်တယ်"

"အေးလေ ဘာပဲဖြစ်ဖြစ် ကားဝယ်ဖြစ်သွားတယ်ဆိုရင် မင်း သွားလို့ လာလို့ အဆင်ပြေသွားပြီပေါ့ အဲဒီကျ မင်း ငယ်ငယ့်ဆီသွား ပေါ့ကွာ"

"အေးပါ ငါလည်းသူ့ကို အရမ်းတွေ့ချင်လှပါပြီ"

ပေါကြီးက ကုန်သွားတဲ့ဆေးလိပ်ကို ထိုးခြေလိုက်ပြီး နောက် တစ်လိပ်ထပ်ညှိလိုက်၏။

"မင်းလည်းဆေးလိပ်အရမ်းသောက်တယ်နော် တစ်ဘူး တစ်ဘူးခဏလေးပဲ"

"ငါက ဖွာတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဆေးလိပ်သောက်တာ ကျန်းမာရေးကိုထိခိုက်တယ်ကွ . . . တော်ကြာ ငါနဲ့ငယ်ငယ်နဲ့ ရည်းစားမဖြစ်ခင် မင်းအဆုတ်ကင်ဆာနဲ့ သေနေဦးမယ်"

"မဦးမချွတ် သူတောင်းစား"

ချစ်တီးကရယ်လိုက်ကာ ဆေးလိပ်တစ်လိပ် ကောက်ကိုင်လိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com


လူတစ်ယောက်ခြေကျိုးသွားခြင်းသည် ဝမ်းသာစရာကိစ္စ မဟုတ်ပါ။ သို့သော် ချစ်တီးကတော့ နေလို့ထိုင်လို့မရလောက်အောင် ပျော်နေလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုခြေထောက်ပြန်ကောင်းသွားရေး သူက တာဝန်ယူထားရသောကြောင့်ဖြစ်၏။

ခြေထောက်ကျိုးသွားသူက သူ့အဖေလုပ်နေသည့် ကုမ္ပဏီက အလုပ်သမားတစ်ယောက် ကုမ္ပဏီကနယ်ဘက်မှာဖြစ်၍ အဖေက သူ့ကိုလွှမ်းပြီး တာဝန်ပေးခြင်းပင်။ ပထမတော့ ငယ်နဲ့တွေ့ဖို့ အရေးကြီးပမ်းနေချိန် ဒီကိစ္စပေါ်လာ၍ စိတ်ပျက်သွားသေး၏။ သို့သော် ကျိုးသွားသောအရာမှာ အရိုးဖြစ်နေ၍ တော်တော်ပျော်သွားရသည်။ ခွင်တော့တွေ့ပြီ။ ထိုလူကိုလည်း ရန်ကုန်ရောက်လာရင် ကောင်းကောင်းပြုစုလိုက်မည်ဟုလည်း တွေးထားလိုက်၏။ ကုသိုလ်လည်းရသလို ငယ်ငယ်နဲ့သူတွေ့ဖို့ အကောင်းဆုံးအကြောင်းပြချက်ဖြစ်သွားသောကြောင့်ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် ငယ်ငယ်တို့ အဖေက အရိုးအထူးကုသမားတော်ကြီးကိုး . . .။


www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို ... ဟို ... ကျွန်တော် နှင်းခက်ချိုနဲ့ စကားပြောချင်လို့ပါ ခင်ဗျာ"

"နှင်းခက်ချို ဩော်အေး ခဏကွယ် ..၊ သမီးရေ ... ဖုန်း"

ခဏကြာတော့ ငယ်ကဖုန်းလာကိုင်သည်။

"ဟဲလို"

"ငယ် .. ငယ်ငယ်လားဟင်"

"ဟုတ်တယ် ... ဘယ်သူလဲ"

"ချစ် ... ချစ်တီးပါ"

"ဘယ်သူ ... ကြက်ကြီး ... ဘယ်က ကြက်ကြီးလဲ"

"ဟာ ... ချစ်တီးပါဟာ ... ချစ်တီးလေ ... နင့်သူငယ်ချင်း ချစ်တီးလေ"

"ဟဲ့ ချစ်တီး ... ဟာ ... ဟီးဟီး ... ဆောတီးဟာ ငါသိပ်သည်းသည်းကွဲကွဲမကြားလိုက်လို့ ... ဒါ ... ဒါနဲ့ နင်က ငါဆီ ဖုန်းတွေ မဆက်စဖူးဆက်လို့ ... ငါက နင်လို့ဘယ်ထင်ပါ့မလဲ"

နင်သာလက်ခံမယ်ဆိုရင် ဖုန်းပြောရင်း သေသွားတောင် အသက်ကို စတေးရဲတဲ့ လူပါငယ်ရယ်လို့ စိတ်ထဲမှာပြောလိုက်မိ၏။ ဖုန်းထဲမှာတော့။

"ငါ မဆက်တာမဟုတ်ပါဘူးဟာ အလုပ်ကိစ္စလေးနည်းနည်း ရှုပ်နေလို့ပါ ... ဟို ... အခု ငါ နင့်ကို အကူအညီလေးတစ်ခု တောင်းစရာရှိလို့ ဟ ... ဟိုနေ့် ... အကူအညီလိုမှ ဖုန်းဆက်တယ်မထင်နဲ့နော်"

"အမလေး ... ရှည်လိုက်တာချစ်တီးရယ် ပြောမှာသာပြောစမ်းပါ ... နင်နဲ့ငါက သူငယ်ချင်းတွေပါ အဲဒါတွေမလိုပါဘူး"

ချစ်တီးပျော်ကာသွား၏။ ငယ်နဲ့ ဒီလိုဖုန်းပြောခွင့်ရသွားသည့်အတွက်လည်း ကိုကိုခြေကျိုးကို ကျေးဇူးအထူးတင်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"တခြားမဟုတ်ပါဘူး နင့်အဖေက ဘယ်မှာဆေးခန်းထိုင်လည်း သိချင်လို့"

"ဘာလုပ်မလို့လဲ"

"ဟိုဟာ . . . ငါ့အဖေကုမ္ပဏီက လူတစ်ယောက်ခြေထောက်ကျိုးသွားလို့ဟ အဲဒါ ဒီနေ့ရန်ကုန်ရောက်မယ် . . . သူက နယ်က အဲဒါအဖေက ငါ့ကိုဆေးရုံဆေးခန်းကိစ္စတွေတာဝန်လွှဲလိုက်လို့"

"ဩော် အေး . . . မသိပါဘူး ငါက နင်များတစ်ခုခု ကျိုးသွားလို့လားလို့"

"စိုးရိမ်တယ်ပေါ့"

အခွင့်အရေးရတုန်းလေး တစ်ချက်ရိပစ်လိုက်၏။ ရင်လည်းတော်တော်ခုန်လာတာ ကိုယ့်ဟာကိုယ်သတိထားမိလာသည်။

"မစိုးရိမ်ပါဘူး၊ အဲဒါဆိုလည်း အေးတာပဲလို့ ပြောမလို့ ခစ် . . ခစ်"

ငယ်ကတော့ အေးအေးလေးပင် သူ့ကိုပြန်နောက်သည်။ ငယ်လည်း ရင်ခုန်နေလားမပြောတတ်၊ သူ့မှာဖြင့် ပျော်လွန်းလို့ ချွေးတွေတောင်ပြန်လာသည်။ လက်ကိုင်ပဝါလည်းမရှိ၍ လက်နဲ့ပဲသုတ်သုတ်နေရ၏။ နောက်တော့ ငယ်က သူ့အဖေထိုင်တဲ့ ဆေးခန်းနဲ့အချိန်ကိုပြောပြသည်။ ဘိုကင်လုပ်ထား ပေးမည်ဟုလည်းပြော၏။ နောက်ဆုံးသူတို့စကားနည်းနည်းပါးပါးပြောကာ ဖုန်းချလိုက်ကြသည်။ နံရံမှာချိတ်ထားသော နာရီကိုကြည့်လိုက်တော့ ဟိုလူလာမယ်လို့ပြောထားတဲ့အချိန်တောင် နီးနေလေပြီ၊ ဒီလူလာရင် ဆေးခန်းသွားပြမည်။ အရိုးကျိုးသည့်ကိစ္စက တစ်ရက်တည်းပြီးမှာမဟုတ်၊ ဓာတ်မှန်ရိုက်ရမည်၊ ပြီးတော့ရိုက်ထားတဲ့ဓာတ်မှန်စောင့်ရဦးမည်။ လိုအပ်လျှင် ဆေးရုံတက်ရမည်။ ဆေးထိုးဆေးစားလုပ်ရင်း အခြေအနေတိုးတက်မှုကို ဆရာဝန်ထံသွားပြရဦးမည်။ ထို့ကြောင့် အနည်းလေး ဆယ်ရက်လောက်တော့ကြာမည်ဆိုတာ ခန့်မှန်းမိ၏။ ဒီကြားထဲငယ်နဲ့ တွေ့ဖို့အကြောင်း အမျိုး



www.burmeseclassic.com

www.burmeseclassic.com


မျိုးပြကာ ဖုန်းနဲ့တစ်မျိုး လူကိုယ်တိုင်တစ်မျိုး ဆက်သွယ်လို့ရလေပြီ။ ဒီအပတ်ထဲ သူ့အတွက်ကံကောင်းခြင်းတွေနဲ့ပဲ ကြုံနေရလေသည်။ တစ်နေ့က ကားဝယ်လိုက်သည်။ အခုလည်း ငယ်ကိုဘယ်လိုတွေ့ရမလဲ အကြံထုတ်နေစဉ် အခြေအနေကောင်းဖို့အကြောင်းဖန်လာသည်။ ဘာပဲဖြစ်ဖြစ်ဝယ်ပြီး စကားအသစ်လေးနှင့် ဟိုငတိကိုအကြောင်းပြကာ ငယ့်ဆီစတိုင်ကျကျသွားတွေ့နိုင်တော့မည်ဖြစ်လေသည်။

"တူ . . . "

"တူ . . . "

"တူ . . . "

ဖုန်းမြည်သံကြားလိုက်ရ၍ အတွေးစပြတ်သွားကာ ဖုန်းဆီလှမ်းသွားလိုက်၏။

"ဟဲလို"

တစ်ဖက်မှစကားပြောသံကို ရုတ်တရက်မကြားရ။

"ဟဲလို"

"ဟို . . . ဟို . . . ဟိုဟာလေ . . . ဦး . . ဦးဝင်းထွဋ်လွင်တို့ အိမ်ကလားဟင်"

ရုတ်တရက်တော့ ဘာပြန်ဖြေလို့ဖြေရမှန်းမသိ။ သူ့နာမည်ကို ဦးဝင်းထွဋ်လွင်တွေ ဘာတွေခေါ်သံကြားလိုက်ရတော့ လတ်တလော စိမ်းသွား၏။ ခဏကြာမှ သူကိုပြောတာပါလားဆိုတာ သဘောပေါက်သွားကာ . . . ။

"ကျွန် . . ကျွန်တော်ပါပဲဗျာ . . . ဒါနဲ့ . . . အခုပြောနေတာ ဘယ်သူလဲဟင်"

တစ်ဖက်က ရုတ်တရက်ပြန်မပြောနိုင်သေး။ အသံကြားရတာတော့ လူလတ်ပိုင်းအရွယ်လောက်တော့ ဖြစ်ဖို့များသည်။ ဒီအသံမျိုး လည်းတစ်ခါမှ မကြားဘူး။

"လှ . . လှထွန်းပါ"


www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ"

"မကျည်းတန်းရွာက ဒေါ် .. ဒေါ်အေးမြင့်သားလှ .. လှထွန်းပါ"

"လှထွန်း ... ဪ ... ဘာများကိစ္စရှိလို့လဲမသိဘူး"

"ကျွန်တော့်ကို ဦးဝင်းထွဋ်လွင်ဆီ လွှတ်လိုက်လို့ပါ"

"ဘယ်သူလွှတ်လိုက်တာလဲ"

"အဖေပါ"

"အဖေ ... ခင်ဗျား အဖေလွှတ်လိုက်တာလား"

"ဟုတ်ဘူး ... ဦးဝင်းထွဋ်လွင်အဖေ"

ဟုတ်တော့ ဟုတ်နေပေပြီ။ စကားကနှစ်လုံးတည်းနဲ့ ကပ်ရှုပ်နေသည်။ သူချက်ချင်းသဘောပေါက်လိုက်ပြီ၊ ဒါကိုကိုခြေကျိုး သူ့ကျေးဇူးရှင်

"ဟား ဟုတ်ပြီ ... ဟုတ်တယ် ... ဟုတ်တယ် အဖေ ကျွန်တော့်ဆီဖုန်းဆက်ထားတယ် ဒါနဲ့ခင်ဗျားက အခုဘယ်မှာလဲ"

"ကျွန်တော် ... ကျွန်တော်ကအခု ကျွန်တော့်ဘကြီးဆီမှာ ရောက်နေတာ"

"ဪ ဟုတ်ပြီ အဲဒါဆို ကျွန်တော်လာခေါ်လိုက်မယ်လေ ... ဒါနဲ့ခင်ဗျားက ဘယ်မှာတည်းမှာလဲ"

"ဘ ... ဘကြီး ဆီမှာနေမှာ"

သူနည်းနည်းတော့တွေးရပြီ၊ သူနဲ့ငယ်နဲ့တွေ့ရဖို့အရေး ဒီလူက အခရာ ဖြစ်သည်။ အိမ်ခေါ်ထားရင်ကောင်းမလား တွေးနေတုန်းမှာပင် ဆုံးဖြတ်ချက်ချပစ်လိုက်၏။ ခေါ်ထားလိုက်မည်၊ ဒီလူ့စရိတ်အကုန် လိုက်ရတာ အရေးမကြီး တော်ကြာ ခွင်ကောင်းကောင်းလေးလွတ် သွားဦးမည်။

"ခင်ဗျားကလည်းဗျာ ကျွန်တော့်ဆီအရင် ဆက်သွယ်လိုက်ပြီး ရော အလကားဒုက္ခရှာလို့ ကျွန်တော့်အိမ်မှာပဲတည်းပေါ့ဗျာ ...

www.burmeseclassic.com



နောက် ခင်ဗျားလည်းတခြားလူမှမဟုတ်တာ ကျွန်တော်အဖေကုမ္ပဏီကပဲ ဒါဆိုအခု ကျွန်တော် လာခေါ်လိုက်မယ်"

"ဟို . . . ဟိုဟာ လာမခေါ်နဲ့တော့ ကျွန် . . . ကျွန်တော် မလိုက်တော့ဘူး"

"ဟင် . . . ဘာ . . . ဘာဖြစ်လို့လဲ"

"ကျွန်တော့်ဘကြီးကပြောတယ် သူ့အသိဆေးဆရာကြီးတစ်ယောက်ဆီပြပေးမယ်တဲ့ . . . မန်းတာနဲ့ပျောက်တယ်ပြောတယ်"

ရင်ထဲမှာဒိန်းခနဲဖြစ်ကာသွားတော့ အိပ်မက်လေးတွေပျက်ချေတော့မည်။ ချက်ချင်းချွေးပြန်သွားကာ ငတိဖုန်းမချခင် အရဆွဲမှ ဖြစ်ပေတော့မည်။"

"ဟိုဟာ . . . ဟို . . . ဟာ မဟုတ်တာခင်ဗျားကိုပြဖို့ ဒီမှာ ဆရာဝန်တွေနဲ့ စီစဉ်ပြီးပြီ မရဘူး ကျွန်တော်ပြတာပဲ လက်ခံပါ။ ဟို . . . ဘယ့်နှယ် . . . နဲ့မန်းတာနဲ့ဆိုကြတာပေါ့ . . . ဒီမှာဆို ခဏ လေး"

"ဟို . . . ဟိုဟာ . . အားနာလို့ပါ . . . နောက်ပြီး ကျွန်တော့် ဘကြီးကလည်းပြောတယ် ရန်ကုန်မှာ လူတစ်ယောက်ဆေးကုစရိတ်က မနည်းဘူးဆိုပြီး"

"ဟာ အဲဒါတွေမလိုဘူး . . . ကျွန်တော် . . . ကျွန်တော် အကုန်လုံးတာဝန်ယူတယ်စိတ်ချ . . . ကျွန်တော့်အိမ်မှာပဲ အိပ်၊ အိမ်မှာပဲနေ"

"အဲ . . . အဲဒါဆို ဘကြီးကိုပြန်တိုင်ပင်ကြည့်ဦးမယ်နော်"

"အခြေအနေက ငါးဆယ်ရာခိုင်နှုန်း သေချာသွားသော်လည်း သိပ်မယုံရသေး၍ ဖုန်းမချခင်လေး လိပ်စာမေးလိုက်တာကောင်းမည်။ လိပ်စာသိပြီး သူဆိုသွားကာ သူ့ဘကြီးပါအကျိုးသင့်အကြောင်းသင့် ရှင်းပြရမည်။

"ဒါ . . . ဒါနဲ့ ခင်ဗျားက အခု ဘယ်မှာနေလဲ"



www.burmeseclassic.com

www.burmeseclassic.com


"ဘုန်းကြီးကျောင်းမှာ"

"ဟင် . . . ခုနပြောတော့ ခင်ဗျားဘကြီးအိမ်ဆို"

"ဟုတ်တယ်လေ ကျွန်တော့်ဘကြီးက ဘုန်းကြီး . . . ပြီးတော့ ကျောင်းထိုင်"

ဘကြီးဘုန်းကြီးတဲ့ မှလာတိုးနေလေပြီ။ ဘာပဲဖြစ်ဖြစ်ကျောင်းလိပ်စာလေးတော့ ချော့မော့တောင်းလိုက်၍ရသွား၏။ ချက်ချင်းပဲကားသော့ယူကာ ဘုန်းကြီးတူအား ပင့်ရန်ထွက်ခဲ့ပါတော့သည်။ အနေအထားကြည့်ရတာတော့ သိပ်လွယ်မယ့်လူတော့မဟုတ်ပေ။

❦ ❦ ❦


www.burmeseclassic.com

www.burmeseclassic.com



# ၁၁

"ခင်ဗျားကို ကျွန်တော်ရွှေတိဂုံဘုရားလည်းလိုက်ပို့မယ်၊ တိရစ္ဆာန်ရုံလည်းလိုက်ပြမယ်၊ ငါးပြတိုက်နဲ့ ကရဝိက်ကြီးလည်းလိုက်ပြမယ် ကျွန်တော့် အိမ်မှာပဲနေနော် . . ."

အိမ်ကိုခေါ်လာပြီး ရောက်ရောက်ချင်းမက်လုံးလေးပေးလိုက်တာပါ။ ငတိက သူ့ကိုမယုံသင်္ကာမျက်လုံးတွေနဲ့ကြည့်ကာ . . .

"တ . . . တကယ်ပြောတာလား"

"တကယ်ပြောတာပေါ့ ဘာလဲခင်ဗျားက မယုံလို့လား"

ပြောသာပြောလိုက်ရတာ ယုံကြည်မယ့်ပုံလည်းသိပ်မပေါ် အသားလွတ်ကြီး ဆေးလည်းကုပေးကာ နေရာစုံလည်းလိုက်ပို့ပေးမယ်ဆိုတော့ ဘကြီး ဘုန်းကြီးတူ မသင်္ကာဖြစ်နေပုံပေါ်သည်။

"ခင်ဗျားက မယုံလို့လား ကျုပ်ကကုသိုလ်ယူတာပါဗျ"

"ကျေးဇူးတင်ပါတယ်ဗျာ"

"ရပါတယ်ဗျာ ခင်ဗျားနဲ့ ကျွန်တော်မိတ်ဆွေတွေဖြစ်သွားပြီပဲ ဒါတွေ မလိုတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



အတင်းကြီးဇွတ်ဆွဲလုပ်ပစ်လိုက်၏။ ငယ်ပေါင်းကြီးဖော်တွေလို ဖက်လှဲတကင်းဆက်ဆံနေတော့ မနေတတ်မထိုင်တတ်တွေဖြစ်နေလေသည်။

ထို့နောက်အဒ္ဒီလူညအိပ်ရန်အတွက် စီစဉ်ပေးရန် အခန်းတစ်ခန်း ရှင်းခိုင်းလိုက်၏။ ခဏနေတော့ အခန်းလိုက်ပြကာ နေရာချပေးလိုက်သည်။

"ခင်ဗျားကိုယ့်အိမ်လိုသဘောထားပြီး အေးအေးဆေးဆေးနေ . . . လွတ်လွတ်လပ်လပ်နေ လိုအပ်တာရှိတာပြောနော်"

ထိုလူ ခေါင်းညိတ်ပြတော့ သူအခန်းထဲမှထွက်ကာ ဖုန်းဆီသို့ လှမ်းသွားလိုက်လေသည်။ ဖုန်းနံပါတ်နှိပ်ပြီး တစ်ဖက်မှ ငယ်ငယ်ဖုန်းလာကိုင်တယ်ဆိုတာသိလိုက်ရ၏။ ဒီအသံလေးကို ဒေါင်းယောင်ဆောင်ပြီး တွန်ပြတောင်သိနေသည်။

"ငယ်ငယ် . . . ငါ့လူနာပါလာပြီဟ အဲဒါမနက်ဖြန် ငါနင့်အဖေထိုင်တဲ့ ဆေးခန်းလာခဲ့မယ်နော်"

"အေး လာခဲ့လေ ငါညကျအဖေ့ကိုပြောထားလိုက်မယ် . . . ဒါနဲ့ နင့်လူနာဘယ်မှာလဲ"

"အိမ်မှာ"

"ဟင် သူကနင့်အိမ်မှာတည်းမှာလား"

"အေး ဟုတ်တယ် ငါလည်း သူသွားရလာရတာ အဆင်ပြေအောင် အိမ်ခေါ်ထားလိုက်တာ၊ ဒါနဲ့ ငါဆေးခန်းသွားတဲ့နေ့ နင်အားရင်လိုက်ခဲ့ပါလား ဟင်"

ဟိုဘက်က ခဏတော့ တိတ်သွား၏။ ခဏကြာတော့မှ အေးဟုတစ်လုံးတည်းပြောကာ ကျန်တဲ့အကြောင်းတွေနည်းနည်းပါးပါးပြောပြီး ဖုန်းချသွား၏။ ဖုန်းချပြီးပြီးခြင်း ရင်ထဲမှာ ဟာ၍ကျန်ခဲ့၏။ တစ်နေ့ဖုန်းနှစ်ခါပြော လိုက်ရ၍ နဂိုကတည်းက လှုပ်ချင်နေသည့် ရင်တိုဆွဲခါလိုက်သလို ဖြစ်သွားရလေသည်။ ဘာပဲဖြစ်ဖြစ် ကြိုးစားရမျိုးတော့နပ်



www.burmeseclassic.com

www.burmeseclassic.com


၏။ အခုဆိုငယ်နဲ့နဖူးတွေ့ ဒူးတွေ့တွေ့ ရပေတော့မည်။
နိုးစပ်ချင်ပြီ ငယ် . . . ရယ်


www.burmeseclassic.com

www.burmeseclassic.com



ရာသီဥတုသည် ဒီနေ့တော်တော်ပူသည်။ ဆောင်းတွင်းဖြစ်သော်လည်း နေ့လယ်ခင်းအပူရှိန်က နွေလောက်နီးနီးပူလောင်နေ၏။ ကမ္ဘာကြီးသည် တဖြည်းဖြည်းပူနွေးလာပြီဟုတော့ သိပ္ပံပညာရှင်တွေက ပြောကြသည်။ အိုဇုံးလွှာပါးလွှာမှုကြောင့်လည်းဆိုင်နိုင်သည်။ အယ်နီးညိုးတို့ လာနီညာတို့စသည့် သဘာဝရာသီဖောက်ပြန်မှုတွေကြောင့်လည်း ဖြစ်နိုင်ချေရှိသည်။ စေ့စေ့တွေးကြည့်ရင် ဘာကိုမှ ဟုတ်တိပတ်တိ နားမလည်သော်လည်း ဒီနေ့တော်တော်ပူသည်။

ချစ်တီးသည် အော်ဂလီမျက်မှန်ကို ကောက်တပ်လိုက်သည်။ ထို့နောက်အနေအထားကျ မကျကားနောက်ကြည့်မှန်တွင် တစ်ချက်စစ်ဆေးလိုက်ပြီး ကျေနပ်သွားတော့မှ ကားဒက်ဘုတ်ပေါ်တွင် တပ်ထားသော ပန်ကာလေးကိုဖွင့်လိုက်လေသည်။ အေးမြသော ပန်ကာလေက နေပူရှိန်ကိုသက်သာသွားသလို ရှိသော်လည်းခဏသာ . .။

သူ့ကားမှာ အဲယားကွန်းမရှိ ပျက်နေ၍မဟုတ်၊ နဂိုကတည်းက အော်ရီဂျင်နယ်ပါမလာချင်းဖြစ်သည်။ သူ့ကားအမျိုးအစားက ဘော်ကတ်ဝက်ဂွန်(လိပ်ခုံးကား) အမျိုးအစား။ ဒီလိုကားမျိုးမှာ အဲယား ကွန်းမပါ။

www.burmeseclassic.com


ထို့ကြောင့် ပန်ကာတပ်ထားလိုက်သည်။ အခု သူဝယ်ထားတာ နှစ်ပတ် လောက်ပဲရှိသေးသည့် ထိုကားလေးနှင့် ကိုကိုခြေကျိုးကိုတင်ကာ ထွက် လာခဲ့ခြင်းပင် ..။

အရင်ဆုံး ငယ့်ကိုချိန်းထားတဲ့နေရာမှာသွားခေါ်ပြီး သူ့ အဖေထိုင်သည့် ဆေးခန်းကိုအရင်ဆုံးသွားပြမည်။ ပြီး . . . ညွှန်ကြား တာတွေ ဆက်လက်ဆောင်ရွက်ပေးမည်။ သွားရေးလာရေး အဆင်ပြေ စေရန် မနက်က ချိုင်းထောက်အသစ်တစ်ခုဝယ်ပေးထားလိုက်၏၊ သူ့မှာပါလာတဲ့ ချိုင်းထောက်က အတက်ထွက်နေသည့် ဝါးလုံးကို လုပ်ထားသောကြောင့် သိပ်မကောင်း၊ အခုလို အသစ်လေးဝယ်ပေး လိုက်တော့ သူလည်းတော်တော်ပျော်သွားပါသည်။

အရင်းအနှီးကတော့ကြီးသည်။ ပထမဦးဆုံး ချိုင်းထောက်ဖိုး အရင် ထွက်သွား၏။ နောက်ဘာတွေဆက်ကုန်ဦးမည်မသိ၊ ဓာတ်မှန်ဖိုး ဆေးကုသစရိတ်စသည်ဖြင့် တော်တော်ကျန်သေးသည်။ ဂျပန်ကုမ္ပဏီက ရသည့် လခလေးတော့ ကိုယ်တော်ချောကြောင့် ကိစ္စချောပေတော့မည်၊ ကိစ္စမရှိ . . .။ အဓိက ငယ်ငယ်။

ငယ်လေးနဲ့ တွေ့ရတော့မည်။ ဟိဟိ ပျော်လိုက်တာ . . .။

"ဗျာ . . . အစ်ကို"

သူ့ကို ရုတ်တရက်လှည့်မေးလိုက်သော ကိုကိုခြေကျိုး (ခေါ်) လှထွန်းကြောင့် ကြောင်သွားကာ . . .။

"ဘာ . . . ဘာပြောလို့လဲ"

"အစ်ကိုခေါ်သလားလို့"

"ဟင့်အင်း မခေါ်ပါဘူး ခင်ဗျားက ဘာကြားလို့လဲ"

"မသိဘူးလေ အစ်ကိုက ပြုံးစိစိကြီးနဲ့ ပွစိပွစိပြောနေလို့ ကျွန်တော့် များခေါ်သလားလို့"

ချစ်တီး တော်တော်တော့ ရှက်သွား၏။

သူ့အတွေးနယ်လွန်ပြီး တစ်ယောက်တည်း ဘာတွေဖြစ်ကုန်


www.burmeseclassic.com

www.burmeseclassic.com



မှန်းမသိတော့၊ သို့သော် ချက်ချင်းကွန့်ထိန်းကာ . . ။

"ဩော် မဟုတ်ဘူး၊ ကိုယ်က အဲဒီအတိုင်းပဲ အခုလို လမ်းသွားရင်အန္တရာယ်ကင်းအောင် သဗ္ဗုဒ္ဓေအမြဲရွတ်တယ်လေ . . . ဟဲ . . . ဟဲ အဲဒါ ရွတ်နေတာ"

လှထွန်းက ဘာမှတော့ဆက်မပြောပေမယ့် ယုံပုံတော့သိပ်မရ၊ သူလည်းဟန်ကိုယ့်ဖို့လုပ်ရင်း ခပ်တည်တည်ပင် ဆက်နေလိုက်တော့သည်။ အဲဒီအချိန်မှာပင် နှစ်ယောက်စလုံး မြင်းစီးသလို ဟတ်ထိုးဟတ်ထိုးဖြစ်သွားတော့၏။ ပထမတော့ ဘာဖြစ်မှန်းမသိ နောက်မှ . . .

"ဟာ အစ်ကိုကား . . . ကား ဘာဖြစ်တာလဲ"

လှထွန်းက အလန့်တကြားထအော်သည်။ သူလည်း ရုတ်တရက် ဘာဖြစ်မှန်းတော့မသိ ကားကမောင်းနေရင်း အကောင်းသားမှ လေငန်းလိုက်သလို ဆန့်ငယ်ဆန့်ငင်ထဖြစ်သွားခြင်းပင်။

လီဗာကို လေးချက်လောက်နာနာ ပုတ်ထည့်လိုက်သည်။

"ဖုန်း"

"ဘုန်း"

"ဘွတ်"

"ဟွန်း"

ဘာသံတွေမှန်းမသိ၊ ပြောက်အိုးလို အသံအကျယ်ကြီး ထွက်လာ၍ ရုတ်တရက်ဘရိတ်ကို ဆောင့်နင်းလိုက်ရ၏။ ကားက လမ်းအလယ်ကောင်မှာ မားမားကြီးရပ်ကာသွားလေသည်။

သူကားနောက်ကြည့်မှန်ကိုကြည့်လိုက်တော့ ရုတ်တရုတ် ဟာခနဲ ဖြစ်သွားမိသည်။ ကားနောက်မှာ မီးခိုးတွေမြင်မကောင်းတော့၊ လှထွန်းကတော့ ချိုင်းထောက်ကလေးကိုင်ကာ သူ့ကိုမျက်နှာငယ်လေး ကြည့်နေသည်။ သူ့ခမျာ တော်တော်ကြောက်နေပုံလည်းရသည်။ ဒါက လမ်းလယ်မှာဆိုတော့ ဖြတ်သွားဖြတ်လာ ကားတွေက ခေါသည်း ယားစရာ။



www.burmeseclassic.com

www.burmeseclassic.com


ခဏနေတော့ ယာဉ်ထိန်းရဲတစ်ယောက်ရောက်လာ၏။ အကျိုးအကြောင်းမေး၍ ပြောပြလိုက်တော့ လမ်းဘေးချရပ်ခိုင်းသည်။ လူမရှိ၍ ယာဉ်ထိန်းရဲနဲ့ သူကားကိုတွန်းကာ လမ်းဘေးကပ်လိုက်၏။ အပူရှိန်ကြောင့် အစကတည်းက ချွေးထွက်သန်သောသူ . . အခုတော့ တစ်ကိုယ်လုံးရွှဲနစ်နေပြီ၊ သို့သော် စတိုင်တော့ ဘယ်တော့မှ အပဲ့မခံ၊ ချွေးတွေဒီလောက်ရွှဲနေသည့်ကြားထဲက အော်ဂလီကိုမချွတ် . . .။

ဟန်ပါပါနှင့် ကားပေါ်မှဆင်းကာ ရှေ့အဖုံးကို ဖွင့်ချလိုက်တော့ ခေါင်းတစ်ခုလုံးတူထုခံလိုက်ရသလို မိုက်ခနဲဖြစ်သွားကာ တစ်ချက်ယိုင်သွားသည်။

"အင်ဂျင်"

အလန့်တကြားရေရွတ်သံနဲ့အတူ ဟင်းလင်းကြီးပြောင်လက်နေသော ရှေ့ခန်းမှာအင်ဂျင်နဲ့တူသော အရာကို အရှူးအမူးလိုက်ရှာမိသည်။ သူ့ကားအင်ဂျင်တစ်လုံးလုံး ဘယ်ကျကျန်ခဲ့ပြီလဲ၊ ယောင်တန်းလန်းနှင့် ကတ္တရာလမ်းပေါ် လှမ်းကြည့်လိုက်သေး၏။ အင်ဂျင်မပြောနှင့် အုတ်နီခဲတောင်မတွေ့ပေ။ သူ့တော်တော်ပျာသွားသည်။ ချွေးက နဂိုကထက် နှစ်ဆလောက်ထွက်လာတော့၏။ စိတ်ကိုငြိမ်ငြိမ်ထားပြီး သေွးအေးအေးစဉ်းစားလိုက်တော့မှ ဒီကားအမျိုးအစားတွေက နောက်ခန်းမှာ အင်ဂျင်ထားကြောင်း သတိပြုမိသွားလေတော့သည်။

ရင်ကိုအေးခနဲဖြစ်သွားကာ နောက်ဖုံးပြေးဖွင့်လိုက်တော့ အင်ဂျင်ကို တွေ့ရလေသည်။ ယောင်ပေပေနှင့် ဟိုကြိုးဆွဲလှုပ်၊ ဒီကြိုးဆွဲလှုပ်နှင့် ဘာဖြစ်လို့ဖြစ်မှန်းမသိ၊ ငယ်နဲ့ချိန်းထားချိန်ကလည်း နီးနေပြီ အရေးထဲသူ့ကကားမပြင်တတ်။

'အဲဒီအချိန်မှာပဲ ခုနယာဉ်ထိန်းရဲက သူ့အမူအရာကြည့်ကာ ရိပ်မိ သွားပုံရ၍။

"ကဲ . . . ကဲ ကိုယ်နည်းနည်းကြည့်ပေးမယ်၊ ညီလေးဖယ်"

သူ့ကျေးဇူးတင်စကားဆိုရင်း နောက်ဆုတ်ပေးလိုက်၏။


www.burmeseclassic.com

www.burmeseclassic.com



ယာဉ်ထိန်းရဲကြီး ဟိုနှိုက်ဒီနှိုက်လုပ်သည်။ ခဏနေတော့ သူ့ကိုစက်နှိုးကြည့်ခိုင်းသည်။ ကောင်းသွားပြီ သို့သော် ဆီထဲမှာ ရေပါနေပုံတော့ရသည်။ စက်သံကသိပ်မမှန်၊ ဒီလိုနဲ့ မောင်းလာရင်း ခဏကြာတော့ ပုံမှန်ပြန်ဖြစ်သွားလေတော့သည်။

ငယ်နဲ့ချိန်းထားတဲ့ နေရာလေးရောက်တော့ နည်းနည်းနောက်ကျနေ၍ ငယ့်မျက်နှာလေးညိုကာနေ၏။ သူလည်းအကြောင်းစုံရှင်းပြတော့ လှထွန်းကပါ နောက်က ထောက်ခံပေးသည်။ ကိုကိုခြေကျိုးတို့က ဒါမျိုးတော့ အားကိုးရသည်။

ထို့နောက် လှထွန်းကို နောက်ခန်းပို့ကာ ရှေ့ခုံလေးမှာ ငယ့်ကို ထိုင်စေ၍ ပျော်ရွှင်စွာမောင်းထွက်လာခဲ့ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်ခင်းအပူရှိန်သည် အခုတော့ အေးမြသွားလေပြီ။ အပူရှိန်ကလျော့သွား၍မဟုတ်၊ ကတ္တရာလမ်းပေါ်တံလျှပ်တို့ ပြေးလွှားနေတာတောင် မြင်နေရသည်။ သို့သော် သူ့ရင်ထဲမှာအေးနေသည်။ ချက်နှာမှာတော့ ချွေးတစိစိ ..။

ပေါက်ခနဲပြုတ်ကျသွားသော ချွေးစက်ကိုလက်ကိုင်ပဝါနဲ့ သုတ်လိုက်ကာ ငယ့်ကိုလှည့်ကြည့်လိုက်၏။ အချစ်ကြောင့် အေးမြနေသော ရင်ကစီးချက် မှန်မှန်ခုန်နေသည်။

"ချစ်တီး နင့်ကားကြီးက ပူလိုက်တာဟာ ဒီမှာသေတော့မယ်"

တစ်သျှူးလေးကို ဖွဖွလေးသုတ်ရင်း ငယ်ကပြောတော့ ချစ်တီးမျက်နှာတစ်ချက်ပျက်သွား၍ ..။

"ဟို ... ဟို .. ငါ ပန်ကာ ဖွင့်ပေးမယ်လေ"

"မဖွင့်နဲ့ ပန်ကာဖွင့်လည်း လေပူတွေပဲလာမှာ"

"အဲဒါဆိုခဏလေး ဒီမှာယပ်တောင်ပါတယ်"

"အမိပ္ပာယ်မရှိတာ ချစ်တီးရာ ယပ်တောင်ကြီးနဲ့ ရှက်စရာကြီး



www.burmeseclassic.com

www.burmeseclassic.com


အဲ ယားကွန်းမပါဘူးလား"

ချစ်တီးမျက်နှာ ချက်ချင်းညှိုးသွားပြီး . . .

"ဒီကားက မော်ဒယ်နည်းနည်းနိမ့်တယ်ဟာ အဲယားကွန်းမပါဘူး"

ငယ်ငယ်က စိတ်ပျက်လက်ပျက်စုတ်သပ်ကာ မျက်နှာကိုပြတင်းပေါက်ဘက်ကပ်သွားသည်။ လေအတိုးမှာ လွင့်သွားတဲ့ဆံပင်လေးတွေက မဟာဆန်စွာ၊ နားက နားကပ်တွဲလောင်းလေးကလည်းချစ်စရာ၊ ပါးပြင်ပေါ်တွင် လျှပ်တိုက်ပြေးလွှားနေသော မွှေးညှင်းနုလေးတွေကလည်း အသည်းယားဖို့ကောင်းသေး၏။ ဘယ်လိုကြည့်ကြည့်လှသည့်ငယ်၊ စိတ်ပျက်နေသည့်မျက်နှာ လေးမှာ တစ်ချက်တစ်ချက်ခွက်ဝင်သွားသော ပါးချိုင့်ကျင်းလေးထဲ သူ့အသည်းနှလုံးတစ်ခုလုံးကျွမ်းထိုးမှောက်ခုံပြုတ်ကျလောက်အောင် ဆွဲငင်အားကကောင်းနေသေး ၏။ ဆံနွယ်၊ မျက်ခုံး၊ မျက်လုံး၊ နှာခေါင်း၊ နှုတ်ခမ်းနှစ်လွှာအရာရာလိုက်ဖက်ညီစွာ ဘယ်ဘုရားသခင်က ကောင်းချီးပေး ဖန်ဆင်းပေးလိုက်ပါလိမ့်။

ချစ်တီးတွေးနေရင်းနှင့် သူ့ရုပ်နဲ့တောင် ငယ်နဲ့တန်ပါမလားဆိုတာပါဆက်တွေးမိပြီး အားငယ်သွားမိ၏။ သို့သော် ချက်ချင်း ကိုယ့်စိတ်ကိုယ်ဖြေကာ ချစ်သူလေးကိုတစ်မိနစ်အတွင်းအခါ တစ်သောင်းလောက်ခိုးကြည့်ပစ်လိုက်သည်။

ဒါတွေကို ငယ်ကတော့မသိရှာ၊ ကားရှေ့မှန်ကိုသာ ငေးရင်းလိုက်နေသည်။ သူလည်းအခွင့်အရေးရတုန်း အားရပါးရငေးပစ်လိုက်၏။ ငယ်က အခုလိုအနီးကပ်ကြည့်လေ မင်းသမီးထွန်းအိန္ဒြာဗိုနဲ့တူလေဖြစ်သည်။ သူလည်း ထွန်းအိန္ဒြာဗိုကိုတော်တော်ကြိုက်သည်။ ချစ်လိုက်တာငယ်ရယ် . . .။

"ဟဲ့ . . . ချစ်တီး . . . ရှေ့မှာ . . . ရှေ့မှာ . . . ကုလား . . . ကုလားကြီး"


www.burmeseclassic.com

www.burmeseclassic.com


ချစ်တီးခိုးကြည့်နေရင်းမှ လန့်သွားကာ လီဗာကိုစောင့်နင်းမိလိုက်သည်။ ကားက ငယ်သံပါအောင် အော်ကာဆောင့်ထွက်သွားတော့သည်။

ဇောင်းက လွှတ်လိုက်တဲ့မြင်းလို့အသံမျိုးစုံအော်ကာ ပြေးကပ်လာသောကားကြောင့် ဘရာကျော်ပန်းတစ်ဖက် မီးဖိုတစ်ဖက်ကိုင်ထားသော ကုလားအဘိုးကြီး ရုတ်တရက်ဆိုတော့ ကြက်သေသေသွား၏။ သို့သော် ခဏအတွင်းပင် ကယောင်ကတန်းတွေဖြစ်ကာ မီးဖိုတစ်ဖက်၊ ဗန်းတွေတစ်ဖက်နှင့် ကားရှေ့မှာတောင်ဘက်ပြေးရမလို မြောက်ဘက်ပြေးရမလိုတွေဖြစ်ကုန်တော့သည်။

အဘိုးကြီးက ဒီလောက်အရှိန်ပြင်းပြင်းနှင့် သူ့ဆီလာလိမ့်မည်ဟုထင်မထား၊ ဒါကြောင့် ပုံမှန်လေးလမ်းဖြတ်ကူးစဉ် တည့်တည့်ကြီးတိုက်မလို ဝင်လာသော ကားကြောင့် ယောင်ခြောက်ဆယ်ဖြစ်သွား၏။

"ဟရေ့ ရပ်ပါဦး၊ ရပ်ကြပါဦး . . . နာ့ကိုကားရိုက်တိုက်နေလို့ ကယ်ကြပါ . . . ကယ်ပါ"

အဘိုးကြီး၏အော်သံ၊ ပတ်ဝန်းကျင်က လူတို့၏ကားသံ၊ ငယ်ငယ်၏မျက်စိနှစ်လုံးကို လက်ဝါးနဲ့အုပ်ပြီး အာခေါင်ခြစ်အော်ဟစ်သံတွေကြောင့် ချစ်တီးကားဘရိတ်ကို ဒက်စတော့ဆောင့်အုပ်လိုက်တော့၏။

"ကျွီ . . . ဂူး . . . ဂူး . . . ကျွီ"

ကံကောင်းသည်ဟုဆိုရမလား . . . ကားကဘရာကျော်မီးဖိုကိုတိုက်မိရန် နှစ်ပေလောက်တွင်ရပ်သွား၏။ အဘိုးကြီးတော့ မရှိတော့၊ ဘရာကျော်ဗန်းရော မီးဖိုပါ ကတ္တရာလမ်းပေါ် ပစ်ချပြီး ဘယ်ရောက်သွားမှန်း မသိတော့ . . . ။

"ဟူး . . . တော်ပါသေးရဲ့"

ချစ်တီးနဖူးမှ ချွေးကိုလက်ကိုင်ပဝါနဲ့သုတ်လိုက်ရသည်း ရှိသေးသည်။


www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ချစ်တီး . . . ချစ်တီး နင့်ကားနောက်ကမှန် . . . မှန်ကြီးမရှိတော့ဘူး"

"ဟေ . . ."

ချစ်တီး ကားနောက်ဘက်ကိုအမြန်လှည့်ကြည့်လိုက်တော့

"ဟာ . . . သွားပြီ . . . မှန် . . . မှန်ကြီးဘယ်ရောက်သွားပြီလဲ"

နောက်မှန်နေရာတွင် ဟာလာဟင်းလင်းကြီးဖြစ်နေပြီ၊ သူ ချက်ချင်းသိလိုက်ပြီး ဒက်စတော့ အုပ်လိုက်သောအရှိန်ကြောင့် မှန်ပြုတ်ကျသွားပြီ။

ချက်ချင်းကားပေါ်မှ ဆင်းကာအနောက်ဘက်သို့ ပြေး၏။ ကံကောင်းသည်ဟုဆိုရမည် မှန်က ကတ္တရာလမ်းပေါ် မှောက်လျက်ကလေး။

ချစ်တီးအမြန်ပြေးသွားလိုက်ကာ ကွဲမကွဲသေချာစစ်လိုက်၏။ ကွဲတော့မကွဲ သို့သော် အက်သွားသည်။ စိတ်ပျက်စွာ မှန်ကိုကောက်ကာ ပြန်အထတွင် . . .

"ချစ်တီး . . . ချစ်တီး လုပ်ပါဦး . . . လုပ်ပါဦး ဒီမှာ နင့်ကား . . . နင့်ကားကြီးရွေ့နေတယ်"

"အစ်ကိုကယ်ပါဦး . . ဘာဖြစ် . . ဘာဖြစ်လဲမသိဘူး . . သူ့အလိုလိုသွားနေတယ်"

ငယ်ငယ်နဲ့ လှထွန်း အော်သံက ပတ်ဝန်းကျင်မှာ ဟိန်းခနဲထွက်သွား၍ လှည့်ကြည့်လိုက်တော့

"မြတ်စွာဘုရား"

သူ့ဆီဦးတည်ကာ ကုန်းဆင်းအတိုင်းလိမ့်လာသောကားကို ကြည့်ကာ ဆံပင်မွေးတွေထောင်သွားသည်။ ကားပေါ်က အလျင်စလို ဆင်းလာမိ၍ ဂီယာမထိုးခဲ့ရ၊ ငါးပါးမှောက်ပြီ . . .။

"လုပ်ကြပါဦး ငါ့ကား . . . ငါ ကားလေးကိုဖမ်းကြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ကယ်ကြပါဦးဗျို့ ဒီမှာ ကားကြီး သူဟာသူမောင်းနေ အမလေး . . . အမေရေ့ သားတော့ခြေထောက်ကျိုးရုံတင်မက ဘ ပါပျက်ပါပြီလုပ်ပါဦး"

"ချစ်တီးရေ . . . ချစ်တီး . . . အမလေးချစ်တီး ငါ . . ငါ ကြောက်တယ် . . . ကြောက်တယ်"

အော်သံတွေဆူညံပွက်လောရိုက်ကုန်သည်။ လမ်းမှာကားဗေ လည်း သူတို့အဖြစ်ကြောင့် လမ်းပိတ်ကုန်ကြပြီ . . .။

ချစ်တီးသွေးရူး သွေးတန်းနှင့်ကားဖင်ကိုပြေးတွန်း၏။ ဟို . ကုန်းဆင်းကြီးဖြစ်၍ ကားကအရှိန်တစ်ဖြည်းဖြည်းရလာက ဘယ်လို ထိန်းမရတော့။ ချစ်တီးတရွတ်တိုက်ကြီး တွန်းရင်းပါလာသည်။

"လုပ်ကြပါဦးဗျို့ . . . ကယ်ပါဦး . . . ကယ်ကြပါဦး"

ချစ်တီးချွေးတွေသံတွေနှင့် အသားကုန်စွတ်အော်သည်။ လ ဘေးမှလူများပြေးလာကာ ကားကိုဝိုင်းဆွဲပေးကြ၏။ ဘက်မှန်တွေဘ တွေပြုတ်ထွက်ကုန်သည်။ သို့သော် ကားက အရှိန်သာတန့်သွား ရပ်မသွား . . .။

နောက်ဆုံး ပလက်ဖောင်းတုံးကို ကျော်ကာလမ်းဘေး သစ်ပင်တစ်ပင်နှင့် တိုက်ကာရပ်သွားလေတော့သည်။

ချစ်တီးလည်းပျော့ပျော့ပဲ ကျန်တော့၏။ အသက်ကို အ အယက် ရှူကာ မှောက်ခုံကြီး ကားဘေးနားလဲနေရာမှ ကုန်းထ ကားတံခါးကို ဆွဲဖွင့်လိုက်သည်။

မြင်လိုက်ရသော မြင်ကွင်းကြောင့် ငယ်ထိပ်မြွေပေါက်လို သလို ကြောက်ကာသွားလေသည်။ ချစ်သူလေးငယ်ငယ်နှင့် ကို ခြေကျိုးတို့ တုံးလုံး ပက်လက်မေ့မြောနေပြီ။ ထိုအချိန်တွင် ယာဉ်ထိန် တစ်ယောက်ရောက်လာကာ အကျိုးအကြောင်းမေးပြီး လိုင်စင်တော သည်။

နောက်ဆုံးတော့ လိုင်စင်အသိမ်းခံလိုက်ရ၏။ ဒူကိုမတိုက်



www.burmeseclassic.com

www.burmeseclassic.com


လည်းကောင်း၊ ပြည်သူပိုင်ပစ္စည်းမပျက်စီး၍လည်းကောင်း ပြစ်ဒဏ်က တော်တော်လေးသက်သာသွားသော်လည်း သက်ဆိုင်ရာရုံးသို့သွားကာ သက်ဆိုင်ရာဥပဒေအရ အရေးယူဒဏ်ဆောင်ရပေဦးတော့မည်။

ခဏနေတော့ ယာဉ်ထိန်းရဲနှင့် သူနှစ်ယောက်ပေါင်းကာ အရေးပေါ်ပြုစုလိုက်၍ ငယ်ငယ်ရော လှထွန်းပါသတိရလာ၏။ သူတို့နှစ်ယောက်က အကြောက်လွန်ပြီး သတိလစ်သွားကြခြင်းပင်။ သတိရခြင်း ငယ်ငယ်က ကားပေါ်မှဆင်းကာ ကကင်္ဘားပြီး အိမ်ပြန်သွားတော့သည်။ ချစ်တီးဘယ်လိုပဲလိုက်ပြီး တောင်းပန်သော်လည်းမရတော့၊ လူလယ်ခေါင် သူ့ကိုအရှက်ခွဲသည်ဆိုပြီး စကားတောင်တစ်ခွန်း လှည့်မပြောဘဲ ထွက်သွားတော့၏။

လှထွန်းကတော့ ခြေထောက်ကျိုးနေ၍ ဘယ်မှထွက်မသွားနိုင်သော်လည်း ကားပေါ်ရောက်ရောက်ခြင်း . . .

"အစ်ကို ကျွန်တော်ကို ဘုန်းကြီးကျောင်းပဲ ပြန်ပို့ပေးတော့ ဘယ်လောက်ကြာကြာ ကျွန်တော့်ခြေထောက်ကို မန်းပြီးတော့ပဲကုတော့မယ်"

ချစ်တီးညိုးငယ်စွာ ခေါင်းညိတ်ပြလိုက်ရပါတော့သည်။

❦ ❦ ❦


www.burmeseclassic.com

www.burmeseclassic.com


## အပိုင်း (၂)

ဆိုဖာပေါ် ခြေပစ်လက်ပစ်ထိုင်ချရင်း လေပူတစ်ချက်အားရပါးရ မှုတ်ထုတ်လိုက်ကာ မျက်စိနှစ်လုံးစုံမှိတ်ချလိုက်သည်။

ကံကောင်းလို့မသေခြင်းပင် . . .။ အနန္တော အနန္တငါးပါးနှင့် ရတနာသုံးပါး ဂုဏ်ကျေးဇူးကြောင့်ဖြစ်မည်ဟု သူမထင်သည်။ နောက်ဆို ချစ်တီး ကားကိုဝေးဝေးကရှောင်မှဖြစ်တော့မည်။ ပူလို့ဖွင့်စရာ အဲယားကွန်းမရှိ၊ ပန်ကာကြီးနှင့်။ ပြီးတော့ အလိုက်ကန်းဆိုးမသိ ယပ်တောင်ပါထုတ်ပေးလိုက်သေးသည်။ သူမ ငယ်စဉ်ကတည်းက အခုအရွယ်ထိဒီလိုကားမျိုးမြင်သာမြင်ဖူးသည်၊ တစ်ခါမှမစီးဘူး၊ ကားပုံလေးကချစ်စရာလေးပေမယ့် အတွင်းခန်းတော်တော်ကျပ်သည်။ ပြီးတော့ စက်သံလည်းဆူသေး၏။

"မမ အအေးဖျော်လိုက်ရမလားဟင်"

အတွေးပြတ်သွား၍ အိမ်ဖော်ကောင်မလေးကို လှည့်ကြည့်လိုက်ကာ

"အေး ကရက်ရှာတစ်လုံးလောက်ဖော်ခဲ့ဟာ မြန်မြန်လေး"

www.burmeseclassic.com



"ဟုတ်"

ကောင်မလေး လှည့်ထွက်သွားတော့ သူမအတွေးကို ပြန်ဆက်လိုက်၏။

ချစ်တီးက ကားပေါ်မှာ သူ့ကိုခိုးခိုးကြည့်တာ သတိထားမိသည်။ ဒီကောင်သူ့အပေါ်ကြည့်သည့် မျက်လုံးတွေကလည်း သိပ်မှုမမှန်ချင်၊ ပြီးတော့ ဒီနေ့အခြေအနေကိုပြန်တွက်ကြည့်ရင် သံသယဖြစ်စရာတွေအများကြီး တွေ့ရပြန်၏။ လူတစ်ယောက်ခြေကျိုးတဲ့ ကိစ္စက လုပ်ယူလို့မရသော်လည်း သူမကို ဆေးခန်းအပါခေါ်ခြင်းက သိပ်ပုံမဟုတ်၊ တကယ်ဆို သူမအဖေထိုင်သည့် ဆေးခန်းလိပ်စာနှင့်အချိန်၊ ဘိုကင်အားလုံးစီစဉ်ပေးပြီးပြီ၊ ဒါတောင် ကိုယ်တော်ချောက သူ့ကို မရရအောင်ခေါ်သေး၏။ တကယ်ဆိုသူ့ဟာသူသွားပြလည်းပြီးတဲ့ကိစ္စ။

နောက်တစ်ခုက သူမကို ကားပေါ်မှာ အငမ်းမရခိုးကြည့်တဲ့ကိစ္စ။ ကံကောင်းလို့ အငမ်းလွန်ပြီး ဗယာကြော်ကုလားကြီးမတိုက်မိခြင်းပင်။

"မမ . . . ရပြီ"

ကောင်မလေးလာချပေးသည့် ကရက်ရှာအောရင့် ဖျော်ရည်လေး တစ်ငုံသောက်လိုက်တော့ ရင်ထဲအမောပြေသလိုရှိသွား၏။ အခုမှ နောက်တစ်ခုထပ်သတိထားမိသွား၏။ သူကရက်ရှာအောရင့် ကြိုက်တာ ဒီကောင်သိနေပြန်သေးသည်။ သူကတော့ အမှုမဲ့အမှတ်မဲ့ ပြောမိလိုက်တဲ့စကားတစ်ခွန်းကို ဒီကောင် အသေအလဲမှတ်ထား၏။ ဒါမရိုးသား။

ယောကျ်ားလေးတစ်ယောက် ကိုယ့်အပေါ်စိတ်ဝင်စားမှုရှိမရှိ အကဲခတ်နိုင်သည့်စွမ်းအင်သည် မိန်းကလေးတိုင်း၏မွေးရာပါပညာရပ်တစ်ခုဖြစ်သည်။ ငါးကြင်းနှင့် ငါးမြစ်ချင်းကို သူမကောင်းကောင်းမခွဲတတ်သော်လည်း ဒီလိုကိစ္စမျိုးကိုတော့ ကောင်းကောင်းခွဲခြားတတ်၏။

ချစ်တီးသူ့ကို စိတ်ဝင်စားနေပြီ။ ထိုအတွေးဝင်လာသည်နှင့် တစ်ပြိုင်နက်အမူအရာပျက်သွားလောက်အောင် ရှက်မသွားသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဘက် ရင်အုံမှာတော့ ခပ်နွေးနွေးလေးဖြစ်သွားရ၏။

သူမ ဆယ်ကျော်သက်အပျိုဖျန်းလေးမဟုတ်ပါ။ သစ်ရွက်လှုပ်တာကို အသားလွတ်ထိုင်ပြီး ရင်ခုန်နေသည့် ခပ်ညံ့ညံ့ မိန်းမမျိုးလည်း မဟုတ်၊ လွတ်လပ်ခြင်းနှင့် တည်ငြိမ်ခြင်းအကြား အထားအသိုမမှားအောင် အံပင်ခွင်ကျနေထိုင်တတ်သူတစ်ယောက်ဖြစ်သည်။ ပြီးတော့ သူမမှာ ယခင်က ရည်းစားနှစ်ယောက်ထားခဲ့ဖူးသည်။ မိန်းကလေးတစ်ယောက်အနေနှင့် နှာခေါင်း ရှုံ့ချင်စရာ ကိစ္စအဖြစ်ပွေးပရာ ရှိသော်လည်း မျက်နှာများခဲ့ခြင်းမဟုတ်၊ ကံကြမ္မာကြောင့် လွဲချော်ခဲ့ရသော အရာလေးတွေသာဖြစ်သည်။

ကုန်သွားသော အအေးကို စားပွဲပေါ်တင်၍ ကောင်မလေးကို ခေါ်ကာသိမ်းခိုင်းလိုက်ပြီး ဧည့်ခန်းမှထကာ သူမအခန်းထဲသို့ဝင်လိုက်၏။ အဝတ်အစားလဲကာ ခုတင်ပေါ်လှဲရင်း မှေးနေလိုက်သည်။

အကယ်၍ ချစ်တီး သူကိုဖွင့်ပြောလာရင် ဘာလုပ်မလဲ . . .။ စဉ်းစားဦးမယ်ဆိုတဲ့ အဖြေတစ်ခုသာ လောလောဆယ် သူမမှာ အဆင်သင့်ရှိလေသည်။ ပစ်ပစ်ခါခါလည်း မငြင်းရက်။ ယခုလောလောဆယ် ချစ်တီးကို စိတ်ကူးထဲမှာ ရင်ခုန်ကြည့်သည်။ စိတ်မပါသေး . .။ ယေဘုယျအားဖြင့် ချစ်တီးသည် စဉ်းစားသင့်သော ယောကျ်ားထဲမှာ ပါပါသည်။ ပြီးတော့ ငယ်သူငယ်ချင်း . . .။ သံယောဇဉ်တစ်ခု၏ ရစ်ပတ်နှောင်ဖွဲ့သော ခိုင်မာမှုအတိုင်းအတာကို သူမသိသော်လည်း အခုလတ်တလော မတွေးနိုင်သေး၊ ပြီးတော့ ချစ်တီးက ဒီအတိုင်းနေမည့် လူစားမျိုးလည်းမဟုတ်၊ သူမဆီအကြောင်းအမျိုးမျိုးပြကာလာတွေ့ဦးမည်။ သူမလည်း အကဲခတ်စရာတွေအများကြီးရှိသေး၏။

ဒီအတွေး ဒီမှာတင်ရပ်တာကောင်းလိမ့်မည်ဟု တွေးကာ စိတ်ကိုလျှော့ချလိုက်ပါတော့သည်။ အဲဒီနောက်တော့ သူမ ဘာမှမသိတော့၊ အိပ်ပျော်ခြင်းဆိုသည့် သဘာဝတရားထဲရောက်ရှိသွားပါတော့၏။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



လူတွေကတော်တော်များသည်။ တန်းစီလိုက်တော့ သူမက ဆယ်ယောက်မြောက်လောက်မှာ။ လက်မှတ်ရောင်းကောင်တာက ကောင်မလေးတွေ ကလည်း လက်မလည်။

သူမအလှည့်ရောက်တော့ လက်မှတ်တစ်စောင်ဝယ်ကာ ဝင်လိုက်၏။ ပုံမှန်ဆို ဒီလိုကစားကွင်းမျိုး သူမလာလေ့လာထသိပ်မရှိ၊ ရိုလာကိုစတာနှင့် ရဟတ်လိုဟာမျိုးကိုလည်း မစီးရဲ၊ ခေါင်းမူးတတ်သည့်အကျင့်ကရှိသည်။ အခု ဒီကစားကွင်းထဲရောက်လာရတာက အိအိကြောင့်ပင်။ မကြီးမငယ်နှင့် ရိုလာကိုစတာစီးနေသည်ဆို၍ ဝင်လာရခြင်းပင်။

ကွင်းထဲရောက်တော့ ရိုလာကိုစတာနှင့် ချားရဟတ်တွေရှိတဲ့ ဘက်ကပျော်မြူးစွာအော်ဟစ်သံတွေကြားနေရ၏။ ကလေးမကျ လူကြီးမကျ သူငယ်ချင်းမလေးကို ဘယ်မှာသွားရှာရမှန်းမသိ၊ ဟိုကြည့် ဒီကြည့်လုပ်ပြီး အိမှာလည်း ဟန်းဖုန်းပါသွားတာကို သတိရ၍ သူ့ဟန်းဖုန်းနှင့်လှမ်းခေါ်ကြည့်လိုက်တော့ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . ဘယ်မှာလဲ"

"အေး . . . ဟဲ့ . . . နှင်း . . . နင် ဘယ်မှာလဲ"

"ကောင်မ ငါ ကစားကွင်းထဲရောက်နေပြီ နင်ရော"

"ဟိဟိ ငါအခု ဂိမ်းဆော့နေတယ်ဟဲ့ ဂိမ်းစီးတီးထဲလာခဲ့"

"ဟာ နင်ကရှုပ်နေတာပဲဟာ စိတ်ညစ်တယ် . . . လေဖမ်းရတာကျနေတာပဲ"

ပြောပြောဆိုဆိုနဲ့ ဖုန်းချလိုက်ကာ စိတ်တိုတိုနဲ့ လှည့်ထွက်လိုက်စဉ် လူတစ်ယောက်နှင့် ရုတ်တရက်တိုက်မိသွားသည်။ သူမဘက်ကတိုက်လိုက်တဲ့ အရှိန်က ပြင်းထန်သော်လည်း တိုက်မိတဲ့လူရဲ့ ပြေးလာတဲ့အရှိန်ကတော်တော်ပြင်း၍ သူမခန္ဓာကိုယ်ကို ဘယ်လိုမှထိန်းမရတော့ကာ ဖင်ထိုင်လျက်ပြုတ်ကျ သွားပါတော့သည်။

"ကုန်ပြီ . . ကုန်ပြီ . . . သွားပြီ"

သူမနဲ့တိုက်မိတဲ့သူလည်းပါးစပ်က တစ်တွတ်တွတ်အော်ကာ ကတ္တရာပေါ် ဝမ်းလျားထိုးကျသွား၏။ လောကကြီး ခဏတိတ်ဆိတ်သွားကာ နှစ်ယောက်စလုံး ဘာဖြစ်လို့ဖြစ်သွားမှန်းမသိလိုက်ကြ။ ခဏကြာမှ အသိစိတ်ပြန်ကပ်ကာ ရှက်စိတ်နှင့်အတူ ကိုယ်စီကုန်းထကာတစ်ယောက်မျက်နှာတစ်ယောက် စက္ကန့်ပိုင်းမျှ ကြောင်စီစီကြည့်ရင်း . . .။

"လူတစ်ယောက်လုံးတောင်မမြင်ပဲ ဝင်တိုက်ရအောင် ရှင်က ဘာတွေအရေးကြီးနေလို့လဲ . . . စိတ်ညစ်တယ် ဒီမှာအကုန်ပေကုန်ပြီ"

"တောင်း . . . တောင်းပန်ပါတယ်ဗျာ ကျွန်တော်လည်း ရေခဲမုန့်တွေ အရည်ပျော်ကုန်မှာစိုးလို့ အမြန်ပြေးလာတာ ခင်ဗျားက ရုတ်တရက်ဝင်လာတော့ အရှိန်မထိန်းလိုက်နိုင်တာပါ"

သူမကိုတိုက်မိတဲ့ လူကပြောရင်း မြေကြီးပေါ် တုံးလုံးပက်လက်လဲနေသည့် ရေခဲမုန့်ခွက်လေးနှစ်ခွက်ကိုကြည့်ကာ သူ့အကျႌမှာပေသွားတာကို ခါသည်။ သူမလည်း ဘာမှဆက်ပြောချင်စိတ်မရှိတော့ အကျႌနဲ့ ထဘီမှာ အကွက်လိုက်စွန်းသွားသည့် ရေခဲမုန့်တွေကို


www.burmeseclassic.com

www.burmeseclassic.com



ရသလောက် သုတ်ကာ ထိုလူရှေ့မှ လှည့်ထွက်လာခဲ့တော့သည်။

ဂိမ်းစီးတီးထဲရောက်တော့ မယ်မင်းကြီးမကိုရှာရ၏။ အရေးထဲ ဘယ်ရောက်နေမှန်းမသိ၍ တော်တော်လေးရှာလိုက်ရသည်။ ခြေထောက်ကောလက်ကော မအားအောင်ဆော့နေသည့် သူငယ်ချင်းမလေးကို ခပ်လှမ်းလှမ်းမှတွေ့လိုက်ရ၍ အမြန်သွားခေါ်လိုက်ရသည်။ ဒါတောင် တစ်ပွဲနှစ်ပွဲလောက်စောင့်ပါဦး လုပ်နေ၍အကြောင်းစုံရှင်းပြကာမနည်းခေါ်လာရသည်။ အပြင်ရောက်တော့ . . .

"ငယ်ရယ် နင်ကတော့ ဖြစ်လိုက်မှဖြင့် အရမ်းပဲ"

"အဲဒါ နင့်ကြောင့် . . . နင်ရှည်လို့"

အိက လျှာလေးတစ်လစ်ထုတ်ကာ ဇက်ပုသွား၏။ သူ့ကို ဘာမှဆက်မပြောတော့သော်လည်း တစ်စခန်းထလာပြန်သည်။

"ဗိုက်ဆာတယ်ဟာ သင်တန်းချိန်ကစောသေးတယ် ငါတို့ ATT မှာ တစ်ခုခုစားရအောင်"

သူမကတော့ စိတ်ပျက်နေ၍ သင်တန်းတောင်မသွားချင်တော့၊ ဒါပေမယ့် ပထမဆုံးနေ့ဖြစ်၍ ဖျက်လည်းမဖျက်ချင်၊ နောက်ဆုံးတော့ သူမ အင်္ကျီမှာစွန်းနေတာတွေခြောက်သွားအောင် တစ်နေရာမှာ အချိန်ဖြုန်းခြင်းက အကောင်းဆုံးဖြစ်၍ ခေါင်းညိတ်လိုက်၏။ ထဘီက သိပ်မများ၊ အင်္ကျီက တော်တော်များသည်။ အိမ်ပြန်ပြီးလဲဖို့လည်း အချိန်မရတော့ . . .။

ဆိုင်ထဲရောက်တာနှင့် ခုံတစ်ခုံမှာ ပြေးထိုင်ကာ စားချင်တာကို အိကိုပဲမှာလိုက်သည်။ အိက စားစရာတွေအတွက် သက်ဆိုင်ရာကောင်တာတွေကိုထသွားချိန်တွင် ဆိုင်ထဲကိုတစ်ချက်မျက်စိဝေ့ကြည့်လိုက်တော့ ခပ်လှမ်း လှမ်းစားပွဲတွင် တစ်ယောက်ထဲထိုင်နေသောလူတစ်ယောက်ကိုသွားတွေ့သည်။ တော်တော်လေးလှမ်း၍ မြင့်ရုံသလိုလိုဖြစ်နေသောကြောင့် သေချာအားစိုက်ကြည့်လိုက်ရာ . . . လား . . . လား . . . ချစ်တီး . . .။



www.burmeseclassic.com

www.burmeseclassic.com


သူမကိုလုံးဝမြင်ပုံမပေါ် တစ်ယောက်တည်းဘာတွေငုံ့ကြည့်နေလည်းမသိ၊ ပြုံးသွားလိုက် တည်သွားလိုက်နှင့် တစ်ယောက်တည်း စကားတွေ ပြောနေသလိုလို ပါးစပ်ကလည်း ပွစိစိနှင့် အဖော်လည်းပါပုံမပေါ်။

ပထမတော့ သွားမနှုတ်ဆက်တော့ဘူးလို့ စဉ်းစားလိုက်သေးသော်လည်း ချစ်တီးက သူ့ကိုမြင်သွားရင်ရောက်လာမှာ သေချာသောကြောင့် သူကပဲ အရင်ဆုံးထသွားလိုက်တာကောင်းမည်ဟု စဉ်းစားလိုက်၍ . . .။

"ဟဲ့ . . . ချစ်တီးတစ်ယောက်တည်း ဘာပြုံးနေတာလဲ"

ပိုက်ဆံအိတ်ကလေးကို ဖွင့်ကာကြည့်ပြီး တစ်ယောက်တည်း ဖီလင်တက်နေသော ချစ်တီး၏ ခန္ဓာကိုယ်သည် နတ်ပူးသလို တုန်ခါသွားလေသည်။ ပြီးတော့ ငယ်ငယ့်ကိုလည်း မြင်လိုက်ရော ရုပ်ရှင်ရုံမှာ ဖိနပ်ခိုးတုန်းလူမိသွားသလို တစ်ကိုယ်လုံးဖျော့ဆင်းသွားကာ . . .

"ဟင် . . . နင် . . . နင်"

ချစ်တီးရဲ့ အမူအရာကိုကြည့်ပြီး ငယ်ငယ်ကြောင်အအ ဖြစ်သွားကာ . . .။

"ဟဲ့ ငါကိုတွေ့တာ ဘီလူးတွေ့တာကျနေတာပဲ ဘာဖြစ်တာလဲ"

ချစ်တီးချက်ချင်းပဲ သူ့အမူအရာကို ထိန်းလိုက်ပုံပေါ်သည်။ ရုတ်တရက် ခဏဖွေးသွားသော အသားက နဂိုအတိုင်းပြန်မည်းသွားကာ မျက်နှာပေါ် အပြုံးတစ်ချက်တက်လာ၏။ ထို့နောက် ခဏချင်းပင် ပိုက်ဆံအိတ်နဲ့ ကွယ်ကြည့်နေသော စာအုပ်သေးသေးလေးကို အိတ်ထဲ အတင်းထိုးထည့်ကာ ပိုက်ဆံအိတ်ကို အမြန်ပိတ်လိုက်တော့၏။

ငယ်ငယ်သည် သူများအကြောင်းကို စပ်စုတတ်သည့် မိန်းကလေးမျိုးတော့မဟုတ်၊ သို့သော် ချစ်တီးအမူအရာက တော်တော်ပျက်နေသည်။ ငယ် သူငယ်ချင်းဆိုတော့ ချစ်တီးအကျင့်လေးတွေကိုသိ၏။ ချစ်တီးမှာ လူမသိအောင်လုပ်ထားသည့်အကြံအစည်တစ်ခုခုရှိလို့ မျက်လုံးကလည်ပြီး ဇောချွေးကပြန်လာတတ်သည်။ အခုလည်း


www.burmeseclassic.com

www.burmeseclassic.com


ဒီအတိုင်းပင်။ ခွေးတွေမျက်မှာမှာ မြင် မကောင်း၊ နှုတ်ခမ်းကတုန်ပြီး တစ်ခုခုကိုကြောက်နေပုံ၊ ပြီးတော့ မျက်လုံး . .၊ တောင်ကြည့်လိုက်၊ မြောက်ကြည့်လိုက်နှင့် ဂနာမငြိမ် အပြုံးကအဆိုးဆုံး၊ အသက်မပါဘဲ တော်တော်ကြီးကြီးစားစားပြုံးပြထားရပုံ . . .။

"နင်ခုန ဘာကိုကြည့်နေတာလဲ"

"ဟင် . . . နင် . . နင် . . ဘာ . . . ဘာတွေ့လို့လဲ . . . ဟား . . ဟား . . . ဘာမှမဟုတ်ပါဘူး ဖုန်း . . . ဖုန်းစာအုပ်ပါ"

"နင်က ဒါဆို ဖုန်းစာအုပ်နဲ့လည်း စကားပြောတတ်သားပဲ"

ချစ်တီး မျက်လုံးလေးလည်နေရာမှ အလယ်မှာရပ်သွားကာ ပါးစပ်ကလေးဟောင်းလောင်းဖြစ်သွား၏။ ပြီးတော့မှ . . .။

"ငါ . . . ငါဘာမှမပြောပါဘူး"

"အဲဒါဆို ငါ့ကိုခဏပြ"

ပထမတော့ ဘာရယ်မဟုတ်ပြောလိုက်တာပါ၊ စချင်တာလည်း ပါ၊လို့ပါ။ ဒါပေမယ့် ချစ်တီးမျက်နှာက သိသိသာသာ ပျက်သွားပြီး သေမိန့်ချခံလိုက်ရတဲ့ တရားခံနဲ့တူသွားလို့ သူမစိတ်ဝင်စားသွားရ၏။ အဘယ်ကြောင့်ဆိုသော် ချစ်တီးပြောတဲ့ ဖုန်းစာအုပ်က သူမနဲ့တစ်နည်းနည်းပတ်သက်နေပြီဆိုတာ သိလိုက်ရ၍ဖြစ်သည်။ သူမလုံးဝ အလျှော့မပေးတော့ . . . .။

"မ . . . မလုပ်ပါနဲ့ဟာ . . . အဲဒါ မိန်းကလေးတွေနဲ့ မဆိုင်ဘူး"

"ဖုန်းစာအုပ်က ဘာလို့မိန်းမတွေနဲ့ မဆိုင်ရမှာလဲ . . . ပြ . . . မရဘူး နင်ဘာမဟုတ်တာလုပ်ထားလဲ . . . ပြ"

ချစ်တီးအတင်းငြင်းသည်။ သူမကလည်း စိတ်ကြီးသည်။ ဒါဆို . . ဒါပဲ . .။

"နင်မပြဘူးလား . . . အေးမပြရင်တစ်သက်လုံး ငါနဲ့


www.burmeseclassic.com

www.burmeseclassic.com


သူငယ်ချင်း စာရင်းပြတ်ပြီ ဒါပဲ"

အဲဒီစကားတစ်ခွန်းနဲ့တင် နောက်ဆုံး ချစ်တီးခများ . . .။

"ငါ့ကိုစိတ်မဆိုးပါနဲ့ဟာ . . ."

ပိုက်ဆံအိတ်ကလေးထိုးပေးကာ မျက်လွှာချသွားပါတော့သည်။

ငယ့်ကိုချစ်တယ် . . . ဒါပေမယ့် . . ။

သူမတစ်ချက်ပြုံးလိုက်ကာ စာအုပ်ကလေးကို ပိတ်လိုက်၏။ ဒီအချိန်မှာရှက်ပြီး အမူအရာတွေ ပျက်သွားလို့မဖြစ်မှန်း သူမသိသည်။ အေးအေးဆေးဆေးပင် စာအုပ်လေးကိုနေရာတကျပြန်ထည့်ကာ . . .။

"နင် ဒီကို ဘယ်လိုရောက်လာတာလဲ"

ပထမဦးဆုံး တွေ့တွေ့ချင်းမေးရမယ့် စကားကိုစလိုက်တော့သည်။

"ငါ့ သူငယ်ချင်းတစ်ယောက် မွေးနေ့က ဒီဆိုင်မှာကျွေးမှာလေ. . . ငါတစ်ယောက်တည်းမဟုတ်ဘူး။ ကျန်တဲ့သူတွေလည်းပါတယ်။ သူတို့တွေ ကစားကွင်းတွေထဲသွားကြတယ်။ တော်ကြာလောက် ဒီကိုလာမှာ ငါကစားချင်စိတ်မရှိတာနဲ့ ဒီမှာအရင်လာထိုင်နေတာ . . နင်ရော"

"ငါလည်း သူငယ်ချင်းတစ်ယောက်နဲ့ ချိန်းထားတာ သူက ဒီရှေ့က အိမ်ရာတွေမှာနေတာလေ . . . အဲဒါ ဂိမ်းစီးတီးထဲရောက်နေတယ်ဆိုတာနဲ့ဝင်လာတာ . . . ငါအခု MCC မှာ ကွန်ပျူတာတက်တော့မယ်သိလား . . . အဲဒါဒီနေ့စာအုပ်ရမှာ . . . ငါ့သူငယ်ချင်းနဲ့ အဲဒီ့ကိုစချိန်းထားတာ"

"ဟုတ်လား"

"အဲဒါဆို ငါသွားမယ်စကားကောင်းနေတာနဲ့ ဟိုမှာသူငယ်ချင်းတောင် စောင့်နေတာကြာသွားပြီ"

ပြောရင်း သူမထရပ်တော့ ချစ်တီးက


www.burmeseclassic.com

www.burmeseclassic.com



မငုံ့မရဲလေသံလေးနှင့် . . .။

"နင် ငါ့ကိုစိတ်ဆိုးလားဟင်"

"ဘာကိုလဲ"

"ခု . . . ခုန ငါ စာလေးကို . . . အဲဒါ"

"အဲဒီအထဲက အတိုင်းပဲလား"

ချစ်တီးခေါင်းညိတ်ပြလိုက်တော့ . . .။

"မဆိုးပါဘူး"

ချစ်တီးမျက်နှာသည် တစ်ရာအားမီးသီးလို ဝင်းလက်သွား၏။

ယောက်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဟန်ဆောင်မှုဆိုသော အတတ်ပညာကို ငယ်ငယ်ရွေ့မှာ ပိပြင် အောင် ဘယ်လိုမှထုတ်သုံးလို့မရမှန်းသူသိသည်။ အခု အားလုံးပေါ် သွားပြီ၊ ကဗျာမဆန် စာမဆန်ပဲ ငယ့်ကို သူရည်းစားစကားပြော ပြီးသွားလေပြီ၊ စိတ်မဆိုးဘူးဟုပြောသွား၍ ရင်ဘတ်တစ်ခြမ်းအေးရ သော်လည်း နောက်တစ်ခြမ်းက ပူလောင်ဆဲ။

မိန်းမဆိုတာ ယောကျ်ားတွေထက်ဟန်ဆောင်ကောင်း၍ လတ်တ လောပေါ် ပေါက်လာသော ဉာဏ်နီဉာဏ်နက်မှာလည်းသာ၏။ ငယ့်ကိုသိပ်မယုံရ၊ စိတ်မဆိုးဘူးဟုကြည့်ကောင်းအောင်ပြောသွားပြီး နောက်အတွေ့ခံချင်မှခံလိမ့်မည်။ စဉ်းစားမယ်ဟုပြောပြီး တစ်သက်လုံး ခေါင်းထဲတောင်မထည့်ပဲ ဝေ့လည်ကြောင်ပတ်လုပ်နေသည့် သူတွေ လည်းဒုနဲ့ဒေး။ ဒါကြောင့်လတ်တလော အဆင်ပြေသွားသည့်အတွက် ရင်ဘတ်တစ်ခြမ်းသာ အေးခွင့်ရလေသည်။

"ဒီကောင်မလေးက တော်တော်မိတ္တယ်ကွ၊ မှားအောက သူ့ဘက် က မှားပေမယ့် ငါလည်းမှန်ပြီး တောင်းပန်လိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းလိုက်ရှာတော့ရှိသေးလား"

"မရှိတော့ဘူး၊ ငါလည်း ရေခဲမုန့်ထပ်ဝယ်ပြီး ပြန်လာတော့ လိုက်ရှာသေးတယ် မတွေ့တော့ဘူး"

ဇော်ဇော်၊ ရန်နိုင်စိုးနဲ့ ပေါကြီးတို့ရောက်လာကြခြင်းပင်၊ ပေါကြီးက မွေးနေ့ရှင်ဆိုတော့ ဒီနေ့သူတို့စားသမျှ တာဝန်ယူထား၏။ ထို့ကြောင့် ကြိုက်တာမှာဆိုပြီးပြောတာ၊ သူလည်းမှာချင်တာမှာဖို့ စားပွဲမှ ထ,သွားလေသည်။ ATT ဆိုင်က ကိုယ်စားချင်သည့် အစားအစာကို သက်ဆိုင်ရာကောင်တာမှာ သွားမှာ၍ ကျသင့်ငွေကို ပိုက်ဆံနှင့် လဲထားသည် ကူပွန်စာရွက်လေးတွေနှင့် ချေယူရသည့်စနစ်၊ ထို့ကြောင့် ခဏ အတွင်း သူတို့စားပွဲဝိုင်းတွင် လူတစ်ယောက်မှမရှိတော့ စားချင်တာမှာဖို့ သက်ဆိုင်ရာကောင်တာ အသီးသီးရောက်ကုန်ကြသည်။ ငွေလွှဲကူပွန် တွေကိုလည်း လိုသလောက်ပေါကြီးက ထုတ်ပေး၏။

"တစ်သက်မေ့မရတဲ့ မျက်နှာဆိုတာ အဲဒါမျိုးလေးဖြစ်မယ် ကွ . . . ငါတော့ ရေခဲမုန့်နှစ်ခွက်ဆုံးသွားတာ အရမ်းတန်တယ်ကွာ"

ပထမတော့ သူက နားထောင်နေယုံသာ သို့သော် စကားတွေ က စိတ်ဝင်စားစရာလေးတွေဖြစ်နေ၍ ရန်နိုင်စိုးကို ဘာလဲဆိုပြီး မေးငေါ့ပြလိုက်တော့. . .။

"ဒီကောင် မဒီလေးတစ်ယောက်နဲ့ ဇာတ်လမ်းတွေဖြစ်လာ တာ . . . အဲဒါပြောနေတာ"

"ဘယ်မှာလဲ"

"ကစားကွင်းထဲမှာ . . . ငါက ရန်နိုင်စိုးနဲ့ ငါနဲ့စားဖို့ ရေခဲမုန့် ဝယ်ပြီးလာတာ သူလေးနဲ့တိုက်မိတာ ဟိ . . . ဟိ"

ဇော်ဇော့်ပုံက တော်တော်နဲ့မျက်နှာပိုးမသေ၊ ပြောင်ချော်ချော် ဖြစ်စပ်စပ်နှင့် . . .။

"သူရော ငါရော တုံးလုံးကြီးကွာ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com


"မြေကြီးမှာ တုံးလုံးပက်လက်လဲတာပြောတာပါ"

"အဲဒါနဲ့ မင်းက ဘာဖြစ်နေတာလဲ"

"ငါ ချစ် . . ချစ်သွားတာကွ"

"ဟာ . . . မြန်လှချေလားကွာ"

"ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်ချစ်ဖို့ဆိုတာ အချိန်ကာလနဲ့ဆိုင်လား"

ဒီစကားကိုတော့ သူပြန်မပြောနိုင်၊ အဖြေမရှိ . . . အချိန်ကာလလို ချင်လည်းလိုမည် မလိုချင်လည်းမလိုပေ . . . ဒါပုံသေနည်းမရှိ။

"ငါတော့ ချစ်သွားပြီကွာ နာမည်လေးတောင် မမေးလိုက်ရဘူး . ဘယ်မှာရှာရမှန်းလည်း မသိဘူး . . . ရုပ်ရှင်တွေထဲကလို နောက်ရက်တွေ တစ်နေရာရာမှာ ထပ်ဆုံရင်ကောင်းမယ်ကွာ"

နားထဲမှာ ဇော်ဇော်ပြောသမျှ ဆက်ကြားနေရသော်လည်း အရေမရ အဖတ်မရတွေဖြစ်၍ အရေလည်းရ အဖတ်လည်းစားရသည့် ကြေးအိုးကိုသာ မရသေးဘူးလား စိတ်ဝင်စားနေမိ၏။

စားစရာတွေရတော့ အသီးသီးစားပွဲကို ပြန်လာချိန်တွင် . .။

"ငါ ငယ်ငယ့်ကို ဖွင့်ပြောလိုက်ပြီသိလား"

ပထမတော့ ချစ်တီးစကားကို အားလုံးကြောင်တောင်တောင် ဖြစ်သွား၍ . .။

"ဘာရယ်"

ချစ်တီးက ခပ်ပိုင်ပိုင်တစ်ချက်ပြုံးကာ . . .။

"ငါ ငယ်ငယ့်ကို ရည်းစားစကားပြောလိုက်ပြီလို့"

"သောက်ရူး"

"ငပေါ"

တစ်ယောက်မှယုံကြည်ကြပုံမပေါ်။ ဇော်ဇော်က အချစ်အကြောင်းပြောလိုက်၍ ရောဂါပြန်ထလာကာ သွေးရူးသွေးတန်း


www.burmeseclassic.com

www.burmeseclassic.com


လျှောက်ပြောတယ်ပဲ ထင်ကြသည်။ ချစ်တီးကလည်း ဒါကိုသိ၍။

"ငါတကယ်ပြောတာ၊ မင်းတို့မယုံလည်းနေ . . . ငါပြောပြမယ်"

ဆိုပြီး အဖြစ်အပျက်တွေ အကုန်ပြောပြ၏။ ချစ်တီးပုံက စကားပြောနေစဉ်အတွင်း လေးနက်တည်ကြည်နေ၍ အားလုံးငေးသွားသည်။ စကားဆုံးတော့မှ ပေါကြီးက . . .။

"ကောင်းတယ် . . . အဲဒီအဖြစ်အပျက်က တကယ်ဆိုအရမ်းကောင်းတယ် . . . အဲဒါ မင်းကိုမြားနတ်မောင်က မနေနိုင်တော့လို့ ကူညီလိုက်တာ . . . သိပ်ကဗျာဆန်တယ်ကွာ၊ တစ်ခါတစ်ရံတိုက်ဆိုင်မှုတွေက အကောင်းဆုံးရလဒ်တွေ ပေးတတ်ကြတယ်ကွ"

ဇော်ဇော်နဲ့ ရန်နိုင်စိုးကတော့ ဘာမှဝင်မပြော ပေါကြီးပြောတာကိုသာ အသံတိတ်ခေါင်းညိတ်ထောက်ခံပေးကြသည်။ ချစ်တီးအားတက်သွားကာ. . .

"အဲဒါလေ ငါ့ကို . . . ငါ့ကိုသိလား၊ စိတ်မဆိုးဘူးတဲ့"

"ကောင်းတာပေါ့ကွာ၊ ပါးရိုက်မသွားတာတောင် မင်းအတွက် ကံကောင်းနေပြီ . . . စိတ်မဆိုးဘူးဆိုတော့ကောင်းတာပေါ့"

ချစ်တီးနင်သွားသည်။ သို့သော် ဘာမှပြန်မပြော၊ ဇော်ဇော်က ထပ်ပြီး. . .

"မင်း ကောင်မလေးက ငါတွေ့ခဲ့တဲ့ကောင်မလေးလောက်လှလို့လား၊ ဟဲ ဟဲ . . . မလှနိုင်ပါဘူး"

အဲဒါကို ထိလာရင်တော့ ချစ်တီးမခံတော့ . . . .

"လောင်းကြေးတောင်ထပ်လိုက်ချင်သေးတယ်၊ သာရေဆိုရင်တောင် အရှုံးပေးတယ်ကွာ . ."

"စိန်လိုက်လေ၊ မင်းလည်း ငယ်ငယ့်ကိုရအောင်လုပ်၊ ငါလည်း တကယ်လို့ အဲဒီကောင်မလေးနဲ့ဖူးစာမှန်လို့ပြန်ဆုံဖြစ်ရင် စုံစမ်းကြည့်လို့ အရှုပ်အရှင်းကင်းရင် ရအောင်လုပ်မယ်၊ ကဲ . . . ဘယ့်လိုလဲ . . .

ယောက်ဝင်မြို့မ စာအုပ်တိုက်
www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့ ငါတို့တွေ သူတို့တွေနဲ့ရည်းစားတွေဖြစ်ခဲ့လို့ရှိရင် ရည်းစားချင်းအလှပြိုင်မယ်"

"အေး . . . ဟုတ်တယ်၊ ကောင်းတယ် ချကွ"

"ဟုတ်တယ်၊ အဆင်လေးလှတယ် . . . စိတ်ဝင်စားဖို့လည်းကောင်းတယ်၊ လုပ်ကြည့်စမ်း . . . ဒါပေမယ့် သိပ်တော့လွယ်မယ်မထင်ဘူး။ ဇော်ဇော့်ဘက်က အခွင့်အရေးနည်းလွန်းတယ်"

ရန်နိုင်စိုးနဲ့ပေါကြီးက ဝင်ပြောပြီးတော့ ဇော်ဇော်က . . .

"ဒါ စကားအဖြစ်ပြောထားတာလေ၊ ဖြစ်တာ မဖြစ်တာတော့ ကံကြမ္မာပဲ၊ တကယ်လို့ဖြစ်လာရင်လုပ်လိုက်ကြရအောင်"

လေးယောက်လုံး ငြိမ်သွားကြသည်။

တော်တော်လေးကြာမှ ချစ်တီးက . . .

"စိန်လိုက်ကွာ"

"OK"



www.burmeseclassic.com

www.burmeseclassic.com



"နင်ကလေ . . . တော်တော် နမော်နမဲ့နိုင်တယ်သိလား . . . ပျောက်တော့လည်း ငါ့ဟာမှပျောက်ရလားဟဲ့၊ နင့်ဟာပျောက်ပါလား"

စိတ်တိုနေသည့် အိကိုကြည့်ကာ ငယ်ငယ် ဟက်ဟက်ပက်ပက် ရယ်မောလိုက်၏။ ကလေးတစ်ယောက်လိုလည်း စိတ်ကောက်တတ်ကာ တစ်ခါတစ်ရံ သူလုပ်ချင်တာဆို ဇွတ်တရွတ်လုပ်တတ်သော အိက အခုတော့ လူကြီးတစ်ယောက်လို စိတ်ဆိုးတတ်ပြန်သေးသည်။ အမြဲတမ်း ရှုပ်ပျာပျာနှင့် တလွဲတွေလုပ်တတ်သောအိက အခုတော့ သူမကို နမော်နမဲ့နိုင်တယ်ဆိုပြီး ဆူနေ၍ သူမရယ်မောမိလေသည်။

"ဒေါသလေးတွေလျှော့ပါ . . . ဒီဘောက်ချာလေးပျောက်သွားတာ ကိစ္စမရှိပါဘူး . . . သူတို့မှာလက်ခံရှိပါတယ်၊ စိတ်ချ နင် ဒီသင်တန်းတက်ရမှာ မပူနဲ့"

"အလုပ်ရှုပ်တာပေါ့ဟာ၊ ပြန်ရှာဦး ဘာဦးနဲ့၊ ဒါနဲ့နင်က ဘယ်လို ယူလာလို့ ကျပျောက်ရတာလဲ"

"ငါလည်း အတိအကျတော့မသိဘူး၊ နင် ကစားကွင်း



www.burmeseclassic.com

www.burmeseclassic.com



ဘဲမှာဆိုတော့ ငါလည်းဝင်ဝင်ချင်း နှင့်ကိုပေးမယ်ဆိုပြီး လက်ကိုင်ပဝါလေးနဲ့ရောကိုင်ထားတာ၊ အဲဒီမှာပဲ ဟိုလူနဲ့ဝင်တိုက်ပြီးကျသွားဘယ်ထင်တယ်၊ ထားပါတော့ဟာ အရေးမကြီးပါဘူး။ သင်တန်းအပ်တဲ့ဘောက်ချာပဲလက်ခံရှိမှာပါ ... ငါပြော ပေးပါ့မယ်"

ပြောရင်း MCC ပထမထပ်သို့တက်လာခဲ့လိုက်သည်။ သင်တန်းအပြီး အပြန်ကျတော့ သူတို့ကကင္ဒားကြ၏။ ကားပေါ်ရောက်တော့ အိကတစ်ခုခုကို သတိရသွားဟန်နှင့် ...

"ဟဲ့ ... နှင် ATT ဆိုင်မှာတုန်းက စကားသွားပြောတာ ဘယ်သူလဲ"

"အော် ... သူငယ်ချင်းတစ်ယောက်ပါ"

"ဟုတ် လို့ လား"

မျက်လုံးက ပြူတီတီ၊ မျက်နှာကပြောင်စပ်စပ် ...

"မဟုတ်ဘူး ဟေ့ ... ငါ့ရည်းစား"

အမြင်ကတ်ပြီး ထပြောလိုက်တော့ မိန်းမဆန်စွာ တဟားဟားထရယ်သေးသည်။ သူ့စကားပြောသံကြောင့် ကားမောင်းသည့်ဦးလေးကြီးပါ ပြုံးစိစိဖြစ်သွား၍ သူမရှက်သွားမိ၏။ ဒါကို အိကလက်ညှိုးကလေးကွေးချည် ဆန့်ချည်လုပ်ပြီး လှောင်တော့ပေါင်တွင်းကြောကိုကြိတ်ပြီး လိမ်ဆွဲပစ်လိုက်သည်။

"အ ... အား၊ ဟဲ့ ဘာလုပ်တာလဲ ... နှင် ရှက်တာကြီးကလည်း နာတယ်ဟ"

"သေလိုက် ... ကောင်မ နှင့်ကြောင့် ငါ အရှက်ကွဲတယ်"

သူက လေသံလေးနဲ့ကြိတ်ပြောလိုက်တော့ မျက်လုံးလေးပြူးပြူးကာ လျှာထုတ်ပြပြီး ဘာမှဆက်မပြောတော့ပေ။ သူမ အခုမှ ချစ်တီးနဲ့အတူ မနက်ကအဖြစ်အပျက်ကို သတိရသွားတော့၏။

ချစ်တီးဆိုတဲ့ကောင်က အူကြောင်ကြောင်ပင်၊ မိန်းမတစ်ယောက်ကို ဖွင့်မပြောရဲလို့ တယ်လီဖုန်းစာအုပ်မှာများရေးပြီး အာသာ



www.burmeseclassic.com

www.burmeseclassic.com



ဖြေရတယ်လို့ ကြားတိုမကြားဘူး၊ ပြီးတော့ သူရေးထားတဲ့ဟာ သူ
သူကြည့်ပြီးကြည်နူးနေသေးသည်။ ဦးနှောက်မှုမှန်ရဲ့လားမသိ
ဖြစ်ချင်တော့ သူနဲ့မှ ပက်ပင်းသွားတိုးပြီး မရှုနိုင်မကယ်နိုင်ဖြစ်
ဖွင့်ပြလိုက်ရသည့်ဘဝ၊ အကယ်၍ ဒီနေ့ သူသာ ATT ကိုမရောက်ခဲ့
ဒီတစ်သက်ချစ်တီးသူ့ကို ဖွင့်ပြောဖို့ လမ်းမမြင်၊ တစ်သက်ဖွင့်ပြော
မယ့်ရှုပ်လည်းမဟုတ်ပေ။

တွေးနေရင်းနှင့် ဒါလည်း ကံကြမ္မာက ခွင့်ဆင်ပေးလိုက်သ
သဘောပဲဟု သူမထင်လိုက်မိ၏။ ဘာလိုလိုနှင့် သူမတောင် ဒီ
ယောကျာ်းတစ်ယောက်ရဲ့ချစ်ခွင့်ပန်ခြင်းကိုခံလိုက်ရလေပြီဟု တွေး
ရင်ခုန်သွားမိသည်။

သူမ ချစ်တီးကိုချစ်နိုင်သလား . . .

အဖြေက မသဲကွဲသော်လည်း ရင်ခွင်မှာတော့ လှိုင်းခတ်သွာ
မိ၏။ အရင်က တွေးခဲ့ဖူးသော်လည်း အခုလို နဖူးတွေ့ ဒူးတွေ့ကြတော့
ချစ်တီးရှေ့မှာ ကော်တော်ဟန်ဆောင်ခဲ့ရတာ သူမကိုယ်သူမသိသည်
နောက်နေ့တွေ ချစ်တီးနဲ့တွေ့ရင် ဘာလုပ်မလဲ၊ ဒါမှမဟုတ် ချစ်တီး
အဖြေတောင်းလာရင် ဘာပေးမလဲ . . . အို ဘာကြီးမှန်းမသိ မိုင်(၂၀)
လောက် မနားတမ်းပြေးခဲ့ရသူလို ရင်ထဲမှာ လှိုက်ခုန်မောပန်းသွားရ

"ဟဲ့ . . . ရောက်ပြီ၊ ငါ သွားတော့မယ် . . . ခေါ်မကြာ
အော်မကြားနဲ့တစ်ယောက်တည်း ပြုံးနေလိုက်တာတကတည်း"

ပြောပြီး အိကာ လှစ်ခနဲ ဆင်းသွား၏။ သူမလှမ်းရိုက်ချိန်တောင်
မရလိုက်ပေ။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ ဝှက်ဖဲရှိသည်။ အဲဒီဝှက်ဖဲတစ်ချပ်ကို သူကလွှဲပြီး ဘယ်သူမှ မသိနိုင်။ အလောင်းအစားတစ်ခု၏ အမြင့်မားဆုံးရလဒ်သည် အနိုင်ရခြင်းပဲ ဖြစ်သည်။ ဝိုင်းတစ်ဝိုင်းတွင် လုံးဝထင်မှတ်မထားသော အဆင်လေးကလည်း နောက်ဆုံးတစ်ဝိုင်းလုံးသိမ်းသွားရတာမျိုးရှိသည်။ အပိုင်ပဲဆိုပြီး အကုန်လုံး ပုံအောလုပ်ပစ်လိုက်လို့ ခွက်ခွက်လန်သွားတာတွေလည်း အများကြီး။ ထို့ကြောင့် လောင်းကစားသည် သိပ်ကြောက်ဖို့ကောင်းသည်။ ကံသေ ကံမ ဘယ်သူမှနိုင်မယ်လို့ တပ်အပ်မပြောနိုင်။ ထိုနည်းလည်းကောင်းပင် လောင်းကစားနှင့်အလောင်းအစားလည်း တူညီသည်။ ကိုယ့်ဘက်ကနိုင်မယ်ထင်ထားလည်း ရှုံးတတ်သည်။ ရှုံးမယ်ထင်ထားလည်း ကံစွပ်ပြီး အောင်မြင်ချင်အောင်မြင်သွားတတ်၏။

သူ့မှာ ဘယ်သူမှမသိသည့် ဝှက်ဖဲလေးတစ်ချပ်ရှိသည်။ ထိုဝှက်ဖဲလေးကပဲ သူ့ကိုအောင်မြင်အောင် အစစအရာရာကူညီဆောင်နိုင်မည်ဟုထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘောက်ချာလေးကို အဏုမြူစနက်တန်ဖြုတ်သလို ဖြည်းဖြည်းခြင်း ရင်ခုန်စွာလှန်ကြည့်လိုက်တော့ . . .

"အိအိနှင်း ဒဂုံမြို့နယ်"

ရင်ထဲမှာ လှိုက်ခနဲတစ်ချက်ခုန်ကာသွား၏။

ပထမအဆင့်နာမည်လေးတော့ သိရပြီ၊ ဘောက်ချာကို သေချာလေ့လာလိုက်တော့ MCC ကွန်ပျူတာသင်တန်းဘောက်ချာ၊ သူ့အပျော်လွန်ကာ တစ်ချက် ထခုန်ပစ်လိုက်သည်။ ဒါဆို သင်တန်းကို လိုက်သွားလို့ရပြီဖြစ်သည်။ သင်တန်း အချိန်အတိအကျကိုတော့ စုံစမ်းရင်ရနိုင်သည်။ တွေးနေရင်းနှင့်မျက်လုံးက တစ်နေရာတွင် ရပ်လို့သွားတော့၏။ သူ့အတွက် ကံကြမ္မာက မျက်နှာသာတော်တော်ပေးနေပြီလားမသိ၊ သူတွေ့လိုက်ရတာ ဖုန်းနံပါတ် . . . .။

ဘာလုပ်ရရင်ကောင်းမလဲ၊ မတ်တတ်ရပ်ပြီး စဉ်းစားသည်၊ ထိုင်ပြီးစဉ်းစားသည်၊ အိပ်ရာပေါ်ပက်လက် အနေအထားစဉ်းစားသည်၊ မှောက်ခုံကြီးလုပ်ပြီး စဉ်းစား၏။ လူက ခွေးနေရာမရသလို ဂနာမငြိမ်၊ နောက်ဆုံးတော့မထူးတော့ပါဘူးဆိုပြီး မျက်စိစုံမှိတ်ကာ . . .။

"ဟဲလို"

"ဟုတ်ကဲ့ ပြောပါရှင်"

ဟိုဘက်က မိန်းကလေးတစ်ယောက်အသံ၊ အိအိနှင်းဖြစ်ချင်လည်းဖြစ်မည်။ နောက်တစ်ယောက်ဖြစ်ချင်လည်းဖြစ်မည်။

"ဟိုဟာလေ . . . ဟို . . . အိအိနှင်းနဲ့ပြောချင်လို့ပါခင်ဗျာ"

"ရှင်"

"အိ . . . အိအိနှင်းနဲ့ပြောချင်လို့ပါ"

"ဟုတ်ကဲ့၊ ကျွန်မ အိအိနှင်းပါ"

ရုတ်တရက်ဘာဆက်ပြောရမှန်းမသိ။ ဆက်မပြောပဲလည်း ဒီအတိုင်း ကိုင်ထားလို့ဖြစ်တဲ့ကိစ္စမဟုတ်၍ ပါးစပ်ထဲတက်လာတဲ့စကားတွေပြောပစ်လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com


"ရေခဲမုန့်ပေသွားတဲ့ အင်္ကျီလျှော်ပြီးသွားပြီလားဟင်"

ဟိုဘက်က အသံခဏတိတ်သွားသည်။ အံ့ဩသွားတာလည်း ဖြစ်နိုင်သည်။ မလျှော်ရသေးရင် လာလျှော်ခိုင်းမလို့ အစီအစဉ်လုပ်နေတာလည်း ဖြစ်နိုင်၏။

"ရှင်ဘယ်သူလဲ ... ဘာတွေပြောနေတာလဲ"

အသံနည်းနည်းမာပြီး စိတ်ရှုပ်နေပုံမျိုး၊ ဒီလောက်တော့ရှိမည်ဆိုတာ ကြိုတွက်ထား၍ စိတ်အေးအေးထားကာ ...

"ကျွန်တော့်နာမည်က ဇော်ဇော်မင်းထိုက်ပါ ... မနက်က တိရစ္ဆာန်ရုံကစားကွင်းထဲ လူချင်းတိုက်မိတဲ့တစ်ယောက်လေ .. ဟိုအဲဒီ့ ဘက်မှာတောင်ရေခဲမုန့်တွေပေသွားသေးတယ်"

ဟိုဘက်က 'ရှင်'ဆိုပြီးတစ်ချက်ပဲအော်နိုင်ကာ တော်တော်ကြာကြာ ငြိမ်သွား၏။ အချိန်အတော်ကြာသည်အထိ ဘာစကားမှပြန်မပြောတော့၍ စိုးရိမ်သွားကာ ...။

'ဟဲလို'

'----------'

'ဟဲလို .. အိအိနှင်း ... ဟဲလို'

'----------'

'ဟဲလို ... ဟဲလို ... ဟဲလို'

"ဘယ်လိုဖြစ်လို့ အရမ်းစွတ်အော်နေတာလဲ ... ကြားတယ်"

"ဟူး ... တော်သေးတာပေ့ါဗျာ၊ ကျွန်တော်က ခင်ဗျားဖုန်းချသွားပြီတောင်ထင်တာ"

"ဒါနဲ့ နေပါဦး၊ ရှင်က ကျွန်မ ဖုန်းနံပါတ်နဲ့နာမည် ဘယ်လိုလုပ်သိလဲ"

"ဟဲ ဟဲ .. မပြောပြဘူး၊ သတ်ရင် သတ်ပစ်လိုက်"

"အပိုတွေ လျှောက်ပြောမနေနဲ့၊ အဲဒီ့စကားက ခိုးနေပြီ ... နောက်တစ်မျိုးပြောင်းပြောပါဦး၊ အင်း ... ဒါဆိုမယ့် သိပ်တော့


www.burmeseclassic.com

www.burmeseclassic.com



ရှည်ရှည်ဝေးဝေးတွေးနေစရာတော့မလိုပါဘူး . . . ရှင် ကျွန်မသင်တန်း အပ်တဲ့ ဘောက်ချာကပဲတွေ့တာနေမှာပေါ့ . . . . ဒီနေ့ ကျွန်မ ဘောက်ချာပျောက်သွားတယ်လေ”

သိပ်တော့လွယ်မယ့်ကောင်မလေးမဟုတ်ပေ။ အရိပ်ပြရင် အကောင်တင်မက လက္ခဏာပါတန်းဟောမည့်ပုံ . . .။ ပုံစံလေးကြည့် တော့ အေးမလိုလိုနှင့် အသွက်ကလေး . . . ဒါမျိုးလေးတွေပဲတွေ့ချင် တာပါ။

“ခင်ဗျားဗိုက်ထဲ ပုဏ္ဏားလေးများရှိလားမသိဘူး၊ အကုန် အမှန်တွေချည်းပဲ”

“ဒီခေတ်က ပုဏ္ဏားခေတ်မဟုတ်တော့ဘူး . . . ကွန်ပျူတာ ဗေဒင် ခေတ်ရှင့် မှတ်ထား၊ ဒါနဲ့ အဲဒီဘောက်ချာ ရှင့်ဆီမှာလား”

“ဟုတ်တယ်၊ ခင်ဗျား ကျွန်တော်နဲ့တိုက်မိပြီး ကျကျန်ခဲ့တာ ဒါနဲ့ အဆင်ကောပြေရဲ့လား၊ ဟို ရေခဲမုန့်တွေစွန်းသွားတယ်ဆိုတော့ အားနာလိုက်တာ”

ကောင်မလေးက ဟိုဘက်က တခစ်ခစ်ရယ်သည်။ ပြီးတော့ သူက တစ်လုံးပြောရင် ဟိုဘက်ကဆယ်ခွန်းလောက်ပြန်ပြော၏။ ဘောက်ချာလေးလာပေးရမလားမေးလိုက်တော့ ဇာတ်လမ်းတွေမရှာ နဲ့ဆိုပြီး ဖုန်းချသွားလေတော့သည်။ ပထမတော့ ပြန်ဆက်မလို့စဉ်းစား သေး၏။ သို့သော် ချက်ချင်းပြန်ဆက်ရင် တစ်ဖက်ကငြိုငြင်သွားမှာ ဆိုး၍တစ်ကြောင်း၊ အခုစစချင်းမှာ အဲဒီလောက်မလိုသေး၍ တစ် ကြောင်း လက်လျှော့ကာ ခုတင်ပေါ် လှဲချလိုက် ပါတော့သည်။

ခဏချင်းပင် တစ်နေ့လုံး ပင်ပန်းထားသောကြောင့် မျက်လုံး ကမှေးစင်းသွား၏။ သို့သော် မနက်က အရိပ်ကလေးတွေစိတ်ကူးနဲ့အတူ အိပ်မက်အထိပါတွဲပါလာပါသည်။

ကောင်မလေးက တော်တော်လှသည်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းချပြီးပြီးချင်း အိအိနှင်းလုပ်ရသောအလုပ်မှာ ငယ်ငေ
ဆီလှမ်း ဆက်သွယ်ရခြင်းပဲဖြစ်သည်။ ပထမတော့ သူမဟုတ်ကြော
ဝန်ခံမလို့ စဉ်းစားသေးသော်လည်း ပျော်ချင်စိတ်ကြောင့် နောင
လိုက်တာလက်လွန်သွားပြီ၊ ဟိုဘက်က တကယ်ထင်သွားပြီ။ ငယ်
တော့ သူ့ကိုကြိမ်ဆဲဦးမှာမြင်ယောင်သေး၏။

"နှင်ကတော့ လုပ်လိုက်ပြန်ပြီ . . . ဒါနဲ့ ဟိုဘက်က ဘာပြ
ပြောလဲ"

အားလုံးရှင်းပြတော့ ထုံးစံအတိုင်း ငယ်ကမကျေမန
အသံလေးနှင့်။ ဘယ်ရမလဲ သူ့ဘက်ကလည်း ပြောင်စပ်စပ် အသံနဲ့ပြ
ပြောလိုက်တာပေါ့. . .

"ငါ့ကို နှင်လို့ထင်သွားတာပေါ့ဟ . . . ဟိ . . ဟိ ပျော်စ
ကြီး၊ ငါကလည်း နှင်ဖြစ်ပျက်ခဲ့တဲ့ဟာတွေသိနေတော့ ဖောလို့ရတာ
ဒီကောင့် ကြည့်ရတာ သဘောကောင်းမယ့်ပုံသိလား . . . ခစ် . . ခ
ဖုန်းမိတ်ဆွေ တစ်ယောက်တိုးတာပေါ့ဟာ"

"မိန်းမ ဒါမျိုးဆို သိပ်ရှုတယ်၊ နောက်ချာရတာပဲပြန်တော



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးရော .. ရှည်ကိုရှည်တယ်"

အိအိနှင်း တခစ်ခစ်ရယ်လိုက်ကာ ....

"ပြန်တောင်းလိုက်ရင် ဇာတ်လမ်းပြတ်သွားမှာပေါ့ဟ ... အခုဆို ဘာပဲဖြစ်ဖြစ် သူ့ဘက်ကဆက်သွယ်ချင် ဇာတ်လမ်းရှာလို့ရတယ်၊ သူ့ပုံကြည့်ရတာလည်း ဇာတ်လမ်းဆက်မယ့်ပုံပါဟာ ... ဒါနဲ့ချော လားဟင်"

"သိဘူး ... ငါ သေချာတောင်မကြည့်ခဲ့ဘူး"

အိအိနှင်း တော်တော်ပျော်နေသည်။ လုပ်ချင်တာလုပ်နေရ သော ကလေးတစ်ယောက်လို လွတ်လပ်ပေါ့ပါးနေ၏။

"အေး .. အေး ဒါပဲ ငယ်၊ ငါ ဖုန်းချတော့မယ် ... အဲဒါ နင့်ကို လှမ်းပြောတာ၊ နောက်နေ့ သူဖုန်းဆက်ရင်လည်း ငါ နင့်ဆီ ဆက်သွယ်မယ်သိလား ... ဒီကောင်က ငါ့ကိုနင်လို့ထင်သွားတာ ကြိမ်းသေပဲ"

"အိ ... နင် အရမ်းတွေလျှောက်လုပ်မနေနဲ့နော်"

စကားမဆုံးခင် ဖုန်းချသွားတော့ သူမသက်ပြင်းချကာဖုန်းချ လိုက်ရတော့၏။ ပြောလည်း ရမယ့်ကောင်မလေးမဟုတ်မှန်း သူမသိ သည်။ အိက သူလုပ်ချင်တာဆို စွတ်ရွတ်လုပ်တတ်သည့်ကောင်မလေး။

ချစ်တီးကတော့ အိမ်ပြန်ရောက်သည်နှင့် နေမထိ ထိုင်မသာ ဖြစ်နေကာ ဘာလုပ်လို့လုပ်ရမှန်းမသိဖြစ်နေမိသည်။ အနီးစပ်ဆုံး ဥပမာပေးရရင် ဆယ်တန်းစာမေးပွဲဖြေပြီးစ ကျောင်းသားတစ်ယောက် လိုဖြစ်နေ၏။ စာမေးပွဲခန်းထဲမှာတော့ ဟုတ်သလိုလိုရှိတာတွေက အပြင်ရောက်တာနှင့် ဟိုနားလို သလိုလို ဒီနားလိုသလိုလိုတွေ ဖြစ်နေ သလိုမျိုး။ ငယ်ငယ်များ စိတ်ဆိုးသွားသလားမသိ၊ ပြောလို့မရ မိန်းမ တွေက ခန့်မှန်းရခက်သည်။ ကိုယ့်ရှေ့မှာ လူမှုရေးအရ ဟန်ဆောင် သွားပြီး နောက်ကွယ်မှာ တစ်မျိုးဖြစ်ချင်ဖြစ်မည်။ ပြောလို့မရ ...

ချစ်တီး သူ့အတွေးတွေနဲ့သူ ချာချာလည်ကာ ငယ်ငယ့်ဆီဖုန်း



www.burmeseclassic.com

www.burmeseclassic.com



ထ,ခေါ်လိုက်တော့သည်။ ငယ်ငယ်နဲ့တွေ့တော့ သူကစကားတောင် ဟုတ်တိပတ်တိ မပြောလိုက်ရ။ ဟိုကချည်းပြောသွားလိုက်တာ ရေပက် မဝင်။ နောက်ဆုံး ငယ်ငယ်ပြောသည့်စကားတွေသာ ခေါင်းလေး တညိတ်ညိတ်နှင့် နားထောင်ပေးကာ ဖုန်းချလိုက်ရတော့သည်။

သူ့မှာ အကျိုးကျေးဇူးလေးတစ်ခုတော့ ရသွားသည်ဟုဆိုရ မည်။ ငယ် အခုတက်နေသည့် ကွန်ပျူတာသင်တန်းကိုသွားလည် ခွင့်လိုင်စင်ရသွားသောကြောင့်ဖြစ်လေသည်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



ချစ်တီးပြောပြသောစကားဆုံးသွားသည့်တိုင် ပေါကြီး တစ်ယောက်မှလွဲ၍ ဘယ်သူမှစိတ်ဝင်တစားမရှိ။ ဇော်ဇော်နဲ့ ရန်နိုင်စိုး က မန်ယူကို မက်ကွန်ဂလေဇာ ပိုင်ဆိုင်တော့မည့်အရေးကို သူတို့သိမ တွေ့ လင်နှောက်လိုက်သွားသလို အရေးတကြီးဆွေးနွေးနေ၏။

"မင်းပြောတဲ့အရေးဆို တောင်မလေးဘက်က ပါချင်နေပြီကွ၊ မင်း ဘက်က ထပ်တဖို့ပဲကျန်တယ်"

"အေး . . . ဟုတ်တယ်၊ ငါလည်း ဟတာပဲ၊ ဟာ . . . မင်းဟာရှုစရာကြီး မိုက်ရှိုင်းလိုက်တာ၊ ငါက အကောင်းမှတ်လို့"

ပေါကြီးက တဟားဟားရယ်ကာ ရန်နိုင်စိုးဘက်လှည့်ပြီး . . .

"ဟုတ်တယ်မလား ဟေ့ကောင်"

ရန်နိုင်စိုးကလည်း ယောင်တောင်တောင်နှင့် . .

"ဟုတ်တယ် . . . တကယ်တော့ မန်ယူဟာ ဘောလုံး အကြောင်းနားလည်တဲ့လူတွေရဲ့လက်ထဲမှာပဲ ရှိသင့်တယ်"

ပေါကြီး ဘာမှဆက်မပြောတော့ဘဲ ချစ်တီးဘက်ပြန်လှည့်သွား တာ . . . .။



www.burmeseclassic.com

"အဲဒါပဲ ချစ်တီး၊ လောကမှာ စတောလောက်မှ ဆော်နေတဲ့ လူတွေအများကြီး"

ချစ်တီးကလည်း ခေါင်းညိတ်၏၊ ပြီးမှ သတိရသွားဟန်နှင့် ဇော်ဇော့်ကိုလှမ်းကြည့်ကာ ....

"ဇော်ဇော် မင်းအခြေအနေဘယ်လိုလဲ"

ဇော်ဇော်လှည့်ကြည့်ပြီး ...

"ဘာကိုလဲ"

"တိုက်စွလေ .. တိုဟာ မင်း ကောင်မလေးဆိုတာ"

ဇော်ဇော်တစ်ချက်ပြုံးလိုက်ကာ ...

"အေးဆေးပေါ့ ... လက်ဖက်ကောင်းစားချင် ပလောင်တောင် တက်ရှာရတယ်ကွ"

ချစ်တီးက ပြုံးပဲပြုံးနေသည်။ ပေါကြီးကဝင်ပြီး ...

"မင်းကိစ္စက မလွယ်ဘူးနော် ဇော်ဇော် ... တောက်ရှိုးပုံထဲ အပ်ရှာသလိုပဲ"

"အဲဒီ့အပ်က ခတ်တိုင်လောက်ကြီးတဲ့အပ်ဖြစ်နေတော့ ရှာရလွယ်ပါတယ်ကွာ"

ပေါကြီးတစ်ချက်စဉ်းစားသလို ငြိမ်သွား၏။ ပြီးတော့မှ ပြုံးစစနှင့်..

"မင်းကောင်မလေးနာမည် ဘယ်လိုခေါ်လဲ"

ဇော်ဇော်က ခပ်ထေ့ထေ့ကြည့်လိုက်ကာ ...

"အိအိနှင်းတဲ့ မှတ်ထား"

ချစ်တီးနဲ့ပေါကြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ပြီး ခေါင်းညိတ်လိုက်ကြ၏။ ဇော်ဇော့်မှာ ပိုင်ရာဆိုင်ရာလေးတော့ ရှိထားပြီဆိုတာ သူတို့သဘောပေါက်လိုက်ကြသည်၊ ခဏနေတော့ သူတို့ လက်ဖက်ရည်ဆိုင်က ထွက်လာခဲ့တော့ ချစ်တီးက ဇော်ဇော့်ကို လှမ်းပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း ကောင်မလေးက ထွန်းအိန္ဒြာဗိုလ်ချုပ်ချောလို့လား"

ဇော်ဇော်ကလည်း ဒါမျိုးဆိုနည်းနည်းမှအကြောမခံ . . .

"ဖျတ်ခနဲကြည့်ရင် တထေရာတည်းပဲ"

"ဟေ"

❦ ❦ ❦

တော်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဇော်ဇော်ရဲ့ကြိုးစားမှုက တစ်နေ့တခြားပိုဆိုးလာသည်။ တစ်ခါဘလေ တစ်ရက်တည်းသုံးခါလောက် အိအိနှင်းဆီဖုန်းဆက်သလို အိအိနှင်းဘက်ကလည်း ဖုန်းလာတိုင်းမညည်းမညူပြန်လည်ပြောဆိုသည်။ အခုဆို ဇော်ဇော်နဲ့ အိအိနှင်းတို့က ဖုန်းထဲမှာတော်တော်ခင်နေကြပြီ။ ဇော်ဇော်ကတော့ အိအိနှင်းကို သူနဲ့ဆုံခဲ့သည့်ကောင်မလေးလို့ပဲထင်နေကာ အိအိနှင်းကတော့ ဇော်ဇော့်ကို တစ်ခါမှမမြင်ဘူး။ သူမမြင်ဖူး၍ငယ်ငယ့်ကိုမေးကြည့်တော့လည်း ရေရေရာရာ ဘာအဖြေမှထွက်မလာ။ ငယ်ငယ့်ဘက်က ကြည့်တော့လည်း မှန်သည်။ တစ်ခါလောက် မတော်တဆဝင်တိုက်မိသည့်ယောကျ်ားတစ်ယောက်ကို မမှတ်မိတာအပြစ်မဟုတ်။ ဇော်ဇော့်ဘက်ကတော့ ငယ်ငယ့် ရုပ်ကို တရေးနိုးပါးရိုက်မေးတောင်အလွတ်ရနေ၏။

ချစ်တီးလည်း ဒီကြားထဲငယ်ငယ့်ဆီသွားလည်ဖို့ကြိုးစားနေတာအထမမြောက်သေးပေ။ သတ္တိနည်းနေသောကြောင့်တစ်ကြောင်း၊ ငယ်ငယ့်ကို မျက်နှာချင်းဆိုင်ဖို့မျက်နှာပူနေသေးသောကြောင့်

www.burmeseclassic.com



တစ်ကြောင်းဖြစ်သည်။ သို့သော် ဖုန်းတော့နေ့တိုင်းဆက်ဖြစ်၏။ ဆက်တိုင်းလည်း ငယ်ငယ်ကချည်း စကားဦးဆောင်ပြောနေ၍ သူ့ခမျာ ထိုးဖောက်ခွင့်မရ၊ သူမပြောသမျှသာ အင်း လုပ်လိုက် . . အဲလုပ် လိုက်နှင့်ထောက်ခံကာ ဖုန်းချပစ်လိုက်ရတာများသည်။ သို့သော် ချစ်တီး အခြေအနေကတော့ ကောင်းတယ်ဟု ပြောရမည်။ ဆိုးဆိုးရွားရွား ဖြစ်နိုင်သည့်အခြေအနေမျိုးမဟုတ်၊ ငယ်ငယ့်ခေါင်းထဲမှာ ချစ်တီးရှိ နေတာတော့ သေချာသည်။ သို့သော် ချစ်တီးက ငထူကြီးဖြစ်နေ၍ အချိန်ကြန့်ကြာနေတာသာဖြစ်သည်။ မိန်းကလေးဆိုတာက လစ်ရင် လစ်သလိုလေး အငိုက်ဖမ်း မေးမှုခံစားချက်ပေါ်လာတာမျိုး၊ လိုက်ရင် ပြေးတတ်သည်။ ရပ်နေရင်စောင့် ကြည့်တတ်သည်။ ကိုယ်ကပြေးရင် အရင်ဦးအောင်ရှေ့ကပိတ်ပြီး ခြေထိုးခံတတ်၏။

တက်လာသော လှေကားထစ်တွေကိုကြည့်ကာ အိပ်မက်ထဲ လမ်းလျှောက်နေရသူလို ဇော်ဇော်ခံစားနေရ၏။ ရင်ခုန်မှုနဲ့အတူ လက်ဖျားခြေဖျားတွေ အေးစက်ထုံကျဉ်သွားသည်။

"ရှင်သာ လာမယ်ဆို နှင်းစောင့်နေမယ်လေ"

နားထဲမှာ မနေ့ညက ဖုန်းထဲမှာပြောသည့်စကားတွေမြူးထူး ခုန်ပေါက်နေ၏။ အိပ်မက်လား၊ တကယ်လားဆိုပြီး ကိုယ့်ကိုယ်ကိုဆွဲ ဆိတ်တာတို့၊ ပါးရိုက်ကြည့်တာတို့လုပ်ကြည့်ရအောင်ကလည်း ကိုယ်က သိမ်ကြီးချေး၊ ပထမထပ်လှေကားပေါ် ရောက်နေတာ တကယ့်လက် တွေ့၊ ပြီးတော့ မနေ့ညက သူ့ကို အိအိနှင်းကိုယ်တိုင်လိုလိုလားလား ဖိတ်သွားတာ . . .

တွေးရင်းနှင့် ပထမထပ်ရောက်လာ၍ မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်တော့ အိအိနှင်းပြောသည့်ဝရန်တာဘက်က လက်ဖက် ရည်ဆိုင်လေးကို တွေ့ရသည်။ ဆိုင်ထဲဝင်ထိုင်ပြီး လက်ဖက်ရည် တစ်ခွက်မှာကာ ရင်ခုန်ခြင်း၊ ပျော်ရွှင်ခြင်း၊ ရှက်စိတ်၊ ချစ်ခြင်းတွေ ရောထွေးကာ အိအိနှင်းအလာကိုစောင့်နေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ လာရင် ဘာတွေစပြောမလဲ၊ ဘယ်စကားတွေနဲ့တကယ့် လက်တွေ့ရင်းနှီးမှုတွေယူမလဲ၊ ဖုန်းထဲမှာတော့ အတော်အတန်ရင်းနှီး နေသော်လည်း အပြင်မှာတစ်ခါမှ စကားမပြောဘူး၊ ပြီးတော့ တချို့တွေက ဖုန်းထဲမှာတစ်မျိုး၊ အပြင်မှာတစ်မျိုးဖြစ်တတ်သည်။ ဖုန်းထဲကျတော့ လူချင်းမတွေ့လို့ စကားတွေဖောင်ဖောင်ဖွဲ့အောင် ပြောရဲဆိုရဲရှိသော်လည်း အပြင်မှာ တကယ်တန်းတွေ့ပြီဆိုတော့ စကား တစ်လုံးမှမပြောတော့၊ ကျောက်ရုပ်က အမေတော်ရလောက်အောင် အင်းမလုပ် အဲ . . . မလုပ်နှင့်တစ်ဖက်လူမှာ ငုတ်တုတ်မေ့ရသည်။ တချို့ကတော့ ဒါမျိုးမဟုတ်၊ ဖုန်းထဲမှာလည်း ပြောသလို အပြင်မှာ တွေ့တော့လည်း အသွက်ကလေး လိုက်လျောညီထွေနေတတ်၏။ အိအိနှင်းဟာ ဘယ်လိုလူစားမျိုးလဲ၊ ဘာပဲဖြစ်ဖြစ် အခြေအနေ နှစ်ရပ်လုံးအတွက် သူ့ဘက်က မီးစဉ်ကြည့်ကဖို့ပြင်ဆင်ထားရမည်။

"ကိုဇော်ဇော်မင်းထိုက် ထင်တယ်"

ရုတ်တရက် ကြားလိုက်ရသောအသံကြောင့် ဆတ်ခနဲ မော့ကြည့်လိုက်တာ ရင်ခွင်တစ်ခုလုံး ဟင်းလင်းပွင့်သွားသလိုခံစား လိုက်ရ၏။ သူ့ရဲ့ အနာဂတ်၊ ပစ္စုပ္ပန်၊ အိမ်မက်အပိုင်စားရထားသည့်နှင်း၊ ရုတ်တရက် ဘာလုပ် ရမှန်းမသိဖြစ်သွားကာ ဧည့်ခံစကားတောင်မဆိုမိ၊ မျက်ဝန်းထဲမှာ နက္ခတ်တာရာတို့ ပျော်မြူးသွားသလို ဝင်းလက်သွားရ သည်။ ခဏနေတော့မှ အသိဝင်လာကာ . . .။

"ဟုတ် . . . ဟုတ်ပါတယ် ထိုင်ပါဗျာ၊ မမှတ်မိဘူးလားဟင်"

"နှင်းက ဖုန်းထဲမှာသာ ရှင်နဲ့ခင်တာလေ၊ ရုပ်ကိုတော့ တစ်ခါပဲ တွေ့ဖူးတော့ ဘယ်မှတ်မိပါ့မလဲ"

ပြောရင်း သူကမ်းပေးသော ခုံ မှာဝင်ထိုင်ကာ လွယ်အိတ်ထဲ ကယပ်တောင်သေးသေးလေးကိုထုတ်ကာခတ်သည်။ ပြီးတော့ တစ်ရှူး စလေးတစ်ခုဆွဲထုတ်လိုက်ပြီး မျက်နှာမှာ ဟိုတို့ ဒီတို့လိုက်၏။

"ဘာသောက်မလဲဟင်၊ တစ်ခုခုသောက်ပါလား . . . ကော်ဖီ



www.burmeseclassic.com

www.burmeseclassic.com


လား၊ အအေးလား ဘာမှာလိုက်ရမလဲ"

"ကျွန်မကို အဲ . . . နှင်းကို ခရက်ရှာမှာပေး"

ငယ်ငယ့်ခမျာ အိအိနှင်းနှင့် လေယူလေသိမ်းတူအောင် ကြိုးစားရင်း ရင်တော်တော်ခုန်နေမိသည်။ အိအိနှင်းက သူမကိုသေသေချာချာသင်ပေးလိုက်သော်လည်း မတော်လို့ ဟိုကရိပ်မိသွားရင် ရှက်စရာကြီး။ သူမတစ်သက် ဒါမျိုးလည်း တစ်ခါမှ ဟန်မဆောင်ဖူး၍တော်တော်ကြိုးစားနေရ၏။ ပြီးတော့ အိအိနှင်းပြောနေကျအတိုင်း နှင်းကလေဆိုတဲ့စကားကို ထပ်ခါတလဲလဲပြော ပေးရမည်။ တော်သေးသည်ဟုဆိုရမည်။ အိအိနှင်းနဲ့ သူ့နာမည်က နှင်းဆိုတဲ့ တစ်လုံးတူနေ၍ အခက်အခဲသိပ်မရှိလှ၊ ပြီးတော့ အသံချင်းကလည်း ခပ်ဆင်ဆင်။

ဇော်ဇော်က ငယ်ငယ့်ကိုပြုံးကာကြည့်ရင်း စားပွဲထိုးလာချပေးသော ခရက်ရှာပုလင်းကိုထိုးပေးကာ . . .

"နှင်း နေကောင်းရဲ့လား . . . မျက်နှာသိပ်မကောင်းလို့"

"ဩော် . . . အဟင်း . . . ကောင်းပါတယ်၊ ဟို ခေါင်းလေးနည်းနည်းကိုက်နေလို့ပါ ရပါတယ်။ ဒါနဲ့ နှင်း ကျောင်းအပ်ထားတဲ့ ဘောက်ချာ ရှင့်ဆီမှာဆို ပါလာလားဟင်"

"ပါ ပါတယ် . . . . နှင်းက ပြန်လိုချင်လို့လားဟင်"

"အရေးတော့ သိပ်မကြီးပါဘူး၊ အဲဒါ အသုံးမှမလိုတော့တာ. . ဒါပေမယ့် ရှင်ပြန်ပေးမယ်ဆိုရင်တော့ လိုချင်တာပေါ့"

ဇော်ဇော်က သူ့ပိုက်ဆံအိတ်ထဲက ခေါက်ထားသော ဘောက်ချာလေးကိုထုတ်ပေးလိုက်သည်။ ပြီးနောက် . . .

"ကျွန်တော့်ကို နောက်အကြောင်းရှာပြီး လာလို့မရအောင် တစ်ခါတည်းစာရင်းဖြတ်လိုက်တာတော့မဟုတ်ပါဘူးနော်. . ဟဲ . . ဟဲ အဲဒီလိုဆိုရင်လည်း ကျွန်တော်က အကြောင်းမရှိအကြောင်းရှာပြီးလာမှာပဲ"

ပေါ်တင်ကြီး အတင်းဝင်တာပဲဆိုပြီး ငယ်ငယ်တွေးနေမိသည်။


www.burmeseclassic.com

www.burmeseclassic.com



ဇော်ဇော့်ပုံကြည့်ရတာ မိန်းကလေးတွေနဲ့ပတ်သက်ရင် အတွေ့အကြုံခ လည်းရသည်။ တစ်ဆက်တည်း ချစ်တီးကိုပါသတိရသွားမိ၏။ ချစ်တီး ကတော့ ဇော်ဇော်နဲ့တခြားဆီ . . . ငတုံး။

"နှင်း ဘာတွေစဉ်းစားနေတာလဲဟင် . . . ဟို ဘာလဲ ကျွန်တော်လာတာ အနှောင့်အယှက်ဖြစ်လို့လား"

သူမစိတ်ထဲရှိတဲ့အတိုင်းဆို 'အင်း' ဆိုပြီး ခေါင်းညိတ်ပစ်လိုက်မှာ သေချာသော်လည်း အိအိနှင်းက သူမကို ရေလိုက်ငါးလိုက်ဆက်ဆံခဲ့ရန် သေချာမှာလိုက်သောကြောင့် သူငယ်ချင်းတစ်ယောက်၏ အရှက်ကို ကာကွယ်သည့်အနေနှင့် . . . .။

"မဖြစ်ပါဘူး၊ ရပါတယ် . . . လာပါ . . . နှင်းဆီ ဒီလိုပဲ သူငယ်ချင်းတွေလာလည်နေကျပဲ"

"ကျွန်တော်က အဲဒီသူငယ်ချင်းတွေလာတဲ့ပုံစံမျိုးမဟုတ်ဘဲ ရည်ရွယ်ချက်တစ်မျိုးဖြစ်နေရင်ကောဟင်"

ဇော်ဇော်က အသွယ်အဝိုက်မရှိဘဲ ပေါ်တင်ကြီးထပ်ဝင်၏၊ ငယ်ငယ့်မျက်နှာတစ်ခြမ်းပူခနဲဖြစ်သွားသည်။ ဒီလူနဲ့ စကားဆက်ပြောဖို့ မသင့်တော်တော့မှန်း သူမနားလည်လိုက်သည်။ ဒီလူနဲ့အိအိနှင်းနဲ့ ဘယ်အခြေအနေအထိ ဖုန်းထဲမှာရင်းနှီးထားမှန်းလည်း သူမသိပ်မသိ၊ အိအိနှင်းက သိသင့်သိထိုက်တာလောက်ပြောပြထားသော်လည်း နေ့တိုင်းလိုလို ဖုန်းထဲမှာတွေ့နေသော အိအိနှင်းနဲ့ ဒီလူရဲ့ဆက်ဆံမှု ကိုသူမ မခန့်မှန်းတတ်။ နောက်ပြီး ဒီလူ့ပုံကြည့်ရတာ လက်ရဲဇက်ရဲ အတော်နိုင်မယ့်လူ၊ သူမ ဒီလိုပုံစံမျိုးတစ်ခါမှ အပြောမခံရဖူး၍ ရှက် တာနဲ့ပင်ကြာရင် အမှားမှားအယွင်းယွင်းဖြစ်တော့မည်။

"ဟို . . . ကျွန်မ Class တက်စရာလေးရှိသေး သွားလိုက်ဦးမယ်နော် . . . ဘောက်ချာပြန်ပေးတဲ့အတွက်ကျေးဇူး"

ပြောပြီး စကားဖြတ်ကာထရပ်တော့ ဇော်ဇော်က ... ပြီး . . .။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ညကျဖုန်းဆက်လိုက်မယ်နော်၊ ဒီနေ့တော့ အမှတ်တရပဲဗျာ။ ကျွန်တော့်ရဲ့အိပ်မရတဲ့ညတွေထဲမှာ ဒီညတစ်ည တော့ပါသွားပြီ သေချာတယ်"

သူမ မျက်နှာတစ်ဖက်သို့ ချာခနဲလှည့်ကာ ကဲန်တင်းထဲမှထွက် ခဲ့လိုက်တော့သည်။ စိတ်ထဲမှာတော့ ရှက်သလိုလို ရင်ခုန်သလိုလို. .

အတန်းဘက်ဝင်ခါနီးတော့ ထောင့်တစ်နေရာမှ စောင့်ကြည့် နေသောအိအိနှင်းက လက်မထောင်ပြတာတွေ့လိုက်ရ၍ သူမကြိမ်ဆဲ လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ြီးသည် ချစ်တီးကိုတော်တော်စိတ်ကုန်သွားပြီ။ ချစ်တီးသည် သူထင်ထားတာထက် ပိုဆိုးနေ၏။ သူပြောလွန်းလို့လည်း သူ့စကားတွေတောင် သူပြန်အလွတ်ရနေပြီ၊ ချစ်တီးကတော့ ဒိုရင်းကဒိုရင်း။ ဒါတောင် ကံကြမ္မာလေးကောင်းပြီး ရည်းစားစာလိုလို ဘာလိုလို လေးပြမိလိုက်တာတောင် တော်တော်ကျေးဇူးတင်ရမည့် အနေအထားပင်။

အခုဆို ဇော်ဇော့်ဘက်က တော်တော်ခြေလှမ်းတွေသွက်နေတာ သူရိပ်စားမိ၏။ ဇော်ဇော်ဆိုတဲ့ကောင်က နှုတ်သွက်၊ လျှာသွက်ပြီးတော့ လက်လည်းသွက်သည်။ တော်ကြာ ချစ်တီးနဲ့ငယ်ငယ် အဆင်မပြေခင် ဇော်ဇော့်ဘက်က အိအိနှင်းဆိုတဲ့ကောင်မလေးနဲ့ အရင်ဆုံးအဆင်ပြေသွားမှာဆိုးရ၏။ ယေဘုယျအားဖြင့် သူငယ်ချင်းနှစ်ယောက်လုံး ဘယ်သူရည်းစားအရင်ရရ အားပေးရမှာဖြစ်သော်လည်း တကယ်တမ်းတွေးကြည့်ရင် သူသိက္ခာကျသည်။ ဒါက ပွဲအစကတည်းက ချစ်တီးကိုစွအောင်မြင်အောင် သူဆောင်ရွက်ပေးနိုင်သည်ဆိုပြီး

www.burmeseclassic.com



လေလုံးထွားခဲ့တာကြောင့်လည်းပါ၏။ အခုဆို မနေ့တစ်နေ့ကမှ ကယောင်ကတန်းနှင့် အချစ်ကို ခေါင်းစဉ်တင်ကာ စကားကြီး စကားကျယ်တွေ ထပြောတဲ့ကောင်က အခြေအနေတော်တော်ကောင်းနေပြီ။ သူတာဝန်ယူထား တဲ့ချစ်တီးကတော့ ပါးစပ်ထဲလက်ထည့်ရင်တောင် ငုံထားမယ့်အဆင့်က မတက်သေး၊ နောက်ပေါက်တဲ့ရွှေကြာက အရင်ပွင့်တော့မယ့်အနေအထား။ ဟိုနေ့ကလည်း ရန်နိုင်စိုးက သူ့ကို ကိုယ့်လူကိုယ် ဝင့်ကြွတ်အောင်မစွမ်းဆောင် နိုင်တော့ဘူးလားဆိုပြီး ရိသွားသေး၏။

သူတွန်းပို့ခဲ့သည့်အတွဲပေါင်းမနည်းတော့၊ သူအောင်သွယ်ပေးခဲ့သည့်စုံတွဲတွေလည်း ရေတွက်လို့တောင်မနိုင်တော့ . . .။ ချစ်တီးနဲ့ကျမှ ရာဇဝင်ကိုမြေလှန်ပစ်ရမည့်ကိန်း။ ရည်းစားလူမလုဘဲ အူနုကျွဲခတ်သလိုနာ သွားရ၏။

“မင်း ပေဒင်လေး လက္ခဏာလေးမေးကြည့်ပါလား . . . နှလုံးလမ်းကြောင်းမှာ ကျွန်းတွေ၊ တောင်တန်းတွေများခံနေလား မသိဘူး”

ရွှဲ့ပြီးပြောတော့လည်း ရွှဲ့လို့ ရွှဲ့မှန်းသိပုံမပေါ် . . .။

“ဟုတ်တယ် . . . ငါလည်းစဉ်းစားကြည့်တယ်၊ ဟို ဘာလဲ ကွန်ပျူတာပေဒင်ဆိုလား . . . ဖုန်းနဲ့လှမ်းမေးရင်ရတယ်တဲ့၊ စမ်းကြည့်ရင်ကောင်းမယ်”

ပေါကြီး ခေါင်းကိုတစ်ချက်ကုတ်ကာ ဆေးလိပ်ကိုပဲ မဲဖွာလိုက်၏။ စကားတောင်ဆက်ပြောချင်စိတ်မရှိတော့ . . .။

“ငါ ညက အိပ်မက်မက်တယ်သိလား . . . ငယ်က လှလိုက်တာကွာ၊ ဟို ထွန်းအိန္ဒြာဗိုလ် ရွှေနန်းတော်ကြော်ငြာထဲက အဝတ်အစားလိုလေး ဝတ်ထား . . . .”

“သေလိုက် . . . လဲပြီးသေလိုက်တော့ ချစ်တီး၊ တောက် . . . ငါကွာ”

ပေါကြီးရဲ့စားမတတ် ဝါးမတတ် လှည့်ကြည့်လိုက်သောမျက်လုံး

www.burmeseclassic.com

ကြောင့် ချစ်တီးတစ်ချက်ကြောင်သွားကာ . . .။

"ဘာဖြစ်လို့လဲကွာ၊ ငါ ဘာများမှားလို့လဲ . . . အိပ်မက်ထဲမှာ ငါ မက်ချင်သလိုမက်မှာပေါ့ ဘာဖြစ်လဲ"

ပေါကြီး သက်ပြင်းကိုပြင်းပြင်းထန်ထန်ချသည်။ ကုန်သွားသော ဆေးလိပ်ကို မီးသတ်ပြီး နောက်တစ်လိပ်ကောက်ကိုင်ကာ လက်ကြားမှာ ညှပ်ပြီး မီးမညှိသေးခင် ချစ်တီးကိုကြည့်၏။

"ချစ်တီး . . . မင်းက တကယ်တော့ အထည်ကြီးပျက်လိုလူမျိုးကွ . . . ဟန်သာရှိပြီး အဆန်မရှိတဲ့ကောင်၊ ပြီးတော့ သကြ်န် အမြှောက်"

"ဘာဖြစ်လို့လဲကွာ"

"ဘာဖြစ်ရမလဲ . . . ပြောလိုက်လို့ရှိရင် အခုပဲ ထလုပ်တော့မလိုလို တော်ကြာပဲ ထလုပ်တော့မလိုလိုနဲ့ အလကား ကောင်"

ချစ်တီးခေါင်းငုံ့ကာသွားသည်။ ပေါကြီး ဘာကိုဒေါသထွက်နေတယ်ဆိုတာလည်း သူနားလည်သွား၏။ သို့သော် အချစ်နဲ့ ပတ်သက်၍ သတ္တိမရှိခြင်း နှင့်အစွမ်းအစမရှိခြင်းသည် လူကောင်ကြီး ဘာနဲ့လည်းမဆိုင်၊ လူကောင်သေး တာနဲ့လည်းမဆိုင်၊ ပေါင်(၁၆၀) ရှိသော သူ့ခန္ဓာကိုယ်သည် အချစ်နဲ့ပတ်သက်သည့် သတ္တိ(၁၀)ပေါင် လောက်တောင်ပါမလာနိုင်ဘူးထင်သည်။ စစ်ပွဲတစ်ရာ ကိုရဲရဲဝံ့ဝံ့ အနိုင်ရအောင်တိုက်ခိုက်တတ်သော သူရဲကောင်းတစ်ယောက်သည် အချစ်နဲ့ ပတ်သက်လျှင် သမင်ငယ်လေးတစ်ကောင်လိုကြောက်ချင် ကြောက်နေမည်။

ထို့အပြင် အချစ်သည် ပြည်ကိုပျက်စေသည်။ စစ်ကိုဖြစ်ပွားစေသည်။ သူရဲကောင်းကို ကဗျာဆန်စေ၏။ ဟယ်လင် မင်းသမီးကြောင့် ထရိုင် မြို့လည်းပျက်ခဲ့ရပြီ။ နတ်သျှင်နောင်လည်း စာတုကလျာအတွက် ကဗျာဆရာဖြစ်ခဲ့ရပြီ။ အခု သူလည်း သူငယ်ချင်းတွေကြားမှာ အူကြောင်ကျားဖြစ်သွားရပြီ။



www.burmeseclassic.com

www.burmeseclassic.com


"မင်းက တွေ့လိုက်ရင် ဒါပဲပြောပြောနေတယ်။ ကာယကံရှင်မှာ ဘယ်လိုခံစားနေရလဲ မင်းမသိဘူး"

"မသိဘူး . . . သိလည်းမသိချင်ဘူး၊ မင်းက ချုံ့သံပါအောင်ညည်းဖို့ပဲသိတယ်။ တကယ်တမ်းကျ ဘာမှအသုံးမကျဘူး။ ကိုယ်ကြိုက်တဲ့မိန်းကလေးတစ်ယောက်ဆီသွားတာပဲကွာ . . သတ္တိတွေ ဘာတွေဒီလောက်မွေးနေစရာ မလိုပါဘူးကွာ . . . အရက်သောက်သလိုပေါ့ကွာ၊ ပထမခွက်သာ အဝင်ဆိုးတာပါ။ နောက်ခွက်တွေကျ အဆင်ပြေသွားသလိုပေါ့"

ပေါ်ကြီးက ဥပမာကို ကွက်ကွက်ကွင်းကွင်းမြင်အောင်ပြ၏။ သူ ဘာမှမပြောတော့ . .။ ဆက်ပြောဖို့လည်းစကားမရှိတော့ ပြောရင်လည်း စကားတွေထပ်ရုံပဲရှိမည်။

ပေါ်ကြီးဆီက အိမ်ပြန်ရောက်တော့ ဘာလုပ်ရမှန်းမသိခဲ့။ စိတ်လေနေ၍ ဗီဒီယိုတစ်ခွေထိုးကြည့်သည်။ ဗီဒီယိုကားသာ ပြီးသွားသည်။ ဇာတ်လမ်း ဘာမှမသိလိုက်။ သူ့စိတ်က တီဗွီဖန်သားပြင်မှာလည်းမရှိ၊ အိမ်ထဲမှာလည်း မရှိ၊ သူကိုယ်ပေါ်မှာလည်းမရှိပေ။ နောက်ဆုံး ထရပ်ကာ တယ်လီဖုန်းဆီသို့ လှမ်းသွားလိုက်တော့၏။

❦ ❦ ❦


www.burmeseclassic.com

www.burmeseclassic.com



"ငါက နင်လာမယ်ဆိုလို့ စောင့်နေတာ အတန်းတောင်ပြီးပြီ၊ နင်ကလည်းနောက်ကျလိုက်တာ"

"ဟို . . . လမ်းတွေပိတ်နေလို့ပါဟာ၊ အမေခိုင်းတဲ့ကိစ္စလေး တစ်ခုလိုက်လုပ်ပေးနေရတာလည်းကြာသွားလို့"

အမှန်တော့ လမ်းမှာကားပျက်သွားလို့ နောက်ကျသွားတာပါ။ ဒါပေမယ့် နင့်ကားကအစုတ်ကြီးဆိုပြီး ပြောခံရမှာဆိုးလို့လိမ်ပြော ရတာ။

"ဒါနဲ့ နင်ကမပြန်သေးဘဲ ငါ့ကိုတကယ်စောင့်နေတာပေါ့ ဟုတ်လား"

ဒီတစ်ခါတော့ ငယ်ငယ်ရှက်သွားတာကို သူ့ကွက်ကွက် ကွင်းကွင်း တွေ့လိုက်ရသည်။ မိန်းကလေးတစ်ယောက်ရှက်ပြီဆိုလျှင် ခုနစ်ဆယ်ရာခိုင်နှုန်း သေချာသည်ဟုပေါက်ကြီးပြောတာကြားဖူး၏။ ဒီတစ်ခါတော့ ပေါက်ကြီးစကားကို အပြည့်အဝထောက်ခံလိုက်သည်။ ငယ်ငယ် သူ့အပေါ် ခုနစ်ဆယ်ရာခိုင်နှုန်း ပြုံးဆင်းနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ငယ် . . . ငယ်ရယ် . . . ငါ ငါ ပျော်လိုက်တာဟာ"

ချစ်တီးက လက်ဝါးနှစ်ဖက်ကို ဂိုး(ကြေး)ထွက်မတတ်ပွတ်ကာ ပါးစပ် က နားရွက်ချိတ်မတတ် ဖြဲကနဲဖြစ်သွားသောကြောင့် ငယ်ငယ် သူမကိုယ် သူမက္ကန္ဒြေထိန်းလိုက်ရ၏။ သူမ အမူအရာအဲဒီလောက်ပျက် သွားပြီလား။

"ဩော် . . . အေး ဟို သူငယ်ချင်းတစ်ယောက်ဆီက စာအုပ်ငှားဖို့ စောင့်နေတာလည်းပါတာပေါ့ဟာ . . . ဒါပေမယ့် နောက်မို့ဆိုအခုအချိန် ထိမစောင့်ပါဘူး၊ ဒီနေ့ နင်လာမယ်ဆိုလို့ လည်းစောင့်နေတာပေါ့"

ဘာပဲဖြစ်ဖြစ်ချစ်တီးကတော့ ပျော်သွားပြီ။ သူ ဒီလိုပျော်နေရုံ နဲ့ မပြီးမှန်းလည်းသိ၏။ အရှိန်လေးရတုန်း အဖြေရဖို့လေးပါ ကြိုးစားရန် စဉ်းစားလိုက်၏။ ဘယ်ကစပြောရမလဲ စဉ်းစားသည်။ ဒီလို ကိစ္စမျိုး ဆိုတာကလည်း စဖို့တော်တော်ခက်သားလား . . .။

နောက်ဆုံးတော့ ဘယ်ကစရမှန်းမသိ၍ . . .။

"ငယ်ငယ် ငါ့ကို ဘယ်တော့အဖြေပေးမှာလဲဟင်"

ငယ်ငယ် ဆတ်ခနဲ တစ်ချက်တုန်သွား၏။ ကယောင်ကတန်း နှင့်တစ်သျှူးဘူးထဲက တစ်သျှူးတွေထုတ်ကာ နှုတ်ခမ်းကိုသုတ်လိုက်မိ သည်။ နှာသီးဖျားမှာ ချက်ချင်းချွေးဆို့လာ၍ လက်ခုံနဲ့ပွတ်လိုက်ကာ. . ။

"နင် . . . ဘာ . . . ဘာကို . . . ပြောတာလဲ"

ပြောပြီးချိန်မှာ သွားပြီဆိုတာ သိလိုက်သည်။ ဒီအချိန်မှာ သူမ သွေးအေးနေဖို့လိုသည်။ ဘာဖြစ်လို့ ရင်ခုန်နှုန်းနှင့် က္ကန္ဒြေသည် အချိန် တိုတိုလေးအတွင်း ပျက်ယွင်းသွားမှန်းမသိ၊ ညက ချစ်တီးကျောင်းကို လာလည်မယ်ပြောတုန်းက သူမဘာမှမဖြစ်ခဲ့၊ တကယ်တမ်းချစ်တီးကို လည်းတွေ့လိုက်ရော ကာဗွန်ဒိုင်အောက်ဆိုဒ်နဲ့ အောက်ဆီဂျင်များ မှားမိသလို မိုက်ခနဲဖြစ်သွားမိ၏။ ရင်တွေလည်းခုန်သည်။ ခြေဖျား လက်ဖျားတွေထုံလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်တီးနေရာမှာ ဇော်ဇော်သာဆိုရင် ဒီလိုအခွင့်အရေးမျိုးကို လက်လွှတ်ခံမှာမဟုတ်မှန်း သူမသိ၏။ ချစ်တီးကတော့ သူမဒီလောက် အမူအရာပျက်သွားတာတောင် အူကြောင်ကြောင်၊ . . .

"နင်ကလည်းဟာ . . . မေ့တတ်လိုက်တာ၊ ဟို ဟိုဟာ အဲ . . . ဒီလို ဟာ . . . ဟိုဟာ . . . ဟာ ငါဘယ်လိုပြောရမှန်းမသိဘူး အဲဒါ"

"နင် ငါ့ကိုအဖြေတောင်းနေတာ မဟုတ်လား ချစ်တီး"

ချစ်တီး ဟောခနဲအော်ကာ တအံ့တဩကြည့်ပြီး . . . .

"နင် . . . နင် . . . သိ . . . သိနေတယ် ဟုတ်လား . . . အဲ . . ဟိုဟာဟာ ငါလေ နင့်ကိုသိပ်ချစ်တာသိလား . . . ငါတကယ် ပြောတာပါဟာ . . . နင့်ကိုငါ မတွေ့ရရင်မနေနိုင်ဘူး။ ဟို ပေါက်ကြီး ကတောင်မြှောက်ပေးသေးတယ်။ မင်းက သတ္တိမရှိဘူးတဲ့ . . . တကယ်တော့ ငါကသတ္တိမရှိတာမဟုတ်ဘူးဟ . . . ဟို အမှားအယွင်းမခံနိုင်တာ။ ဟုတ်တယ်လေ . . . နင်က ငါ့ကိုမုန်းသွားရင် ဘယ်လိုလုပ်မလဲ။ ငါ နင့်ကိုချစ်တာယုံပါဟာ . . . ဟိုဘယ်လိုပြောမလဲ . . . ငယ်ငယ် ကတည်းက အမြစ်တွယ်နေတဲ့"

"တော်ပါတော့ ချစ်တီးရယ်၊ ငါ ဒီမှာ ရှက်လို့သေတော့မယ် . . . နင်က မပြောတော့လည်းမပြောလို့ . . . ပြောတော့လည်း ကွက်စိပ်ဟောတာကျနေတာပဲ"

"အဟီး"

ချစ်တီးသွားဖြဲကာ ခေါင်းငုံ့သွား၏။

ရေလည်း တော်တော်ငတ်သွား၍ ချထားသောရေသန့်ဘူးကို တစ်ချက်ကောက်မော့ကာ . . . .

"ငါ မပြောနဲ့ဆိုလည်း မပြောတော့ပါဘူးဟာ . . . ဒါပေမဲ့ နင် ငါ့ကိုအဖြေလေးတော့ . . . "

ချစ်တီးက အခွင့်အရေးရတုန်းလေး ဖိနင်းကာတွန်းအား



www.burmeseclassic.com

www.burmeseclassic.com


လေးပေး၏။ ငယ်ငယ်တစ်ချက်တော့ ငြိမ်သွားကာ ချစ်တီးကိုစူးငုံ ဆိုက်ဆိုက်ကြည့်ကာ . . .

"နင် ငါ့ကိုချစ် . . . အဲ . . . ဟိုဟာ . . . နင်ရေးထားတဲ့အထဲ ကအတိုင်းပဲ တကယ်လား"

မိုက်တိုက်စံလက်သီးထိုးချက်သည် ချစ်တီးခေါင်းညိတ်တာ လောက် မမြန်ပေ။ ငယ်ငယ် ခဏလောက်စဉ်းစားကာ . . .

"ငါ နင့်ကိုစဉ်းစားပါ့မယ် . . . ဟို ခဏတော့စောင့်ဦးဟာ"

"နင်က ဘယ်လောက်ကြာမှာလဲဟင် . . ."

"ငါက မိန်းကလေးဆိုတာလည်း သတိထားဦးလေ၊ နည်းနည်း တော့ စောင့်ပေါ့ဟာ"

ဒီအချိန်မှာ ခေါင်းညိတ်ပြီးပြန်သွားလို့ မဖြစ်မှန်း ချစ်တီးသိ၏၊ ဘယ်အချိန်ပေးမယ်မှန်းမသိသည့်အဖြေကို ဘယ်လောက်ကြာကြာ ရင်ခုန်စွာ သူစောင့်မျှော်ရမှာလဲ။ အဖြေတစ်ခုခုတော့သေချာအောင် လုပ်သွားရမည်။

"ဟိုဟာလေ . . . နင် ငါ့ကိုစဉ်းစားမယ်ဆိုတာ မှန်ပါတယ် ဟာ၊ စဉ်းစားပါ . . . ဟို ဒါပေမယ့် ဘယ်တော့အဖြေ အမည်းသိရမလဲဆို တဲ့ အချိန်ကာလလေးတော့ပေးပါဟာ"

ပထမငယ်ငယ်က အင်တင်တင်လုပ်သေးသည်။ သို့သော် ဘဂျီဂျီလုပ်နေတဲ့ ချစ်တီးစကားသံကို မခံနိုင်တော့၍ . . .

"ငါ့ မွေးနေ့ကျပေးမယ်ဟာ"

"နင့် မွေးနေ့"

"အေး"

"နင့် . . . နင့်မွေးနေ့က ဘယ်နေ့လဲ"

ငယ်ငယ် မျက်နှာတစ်ချက်တည်သွားကာ . . .

"နင်က ငါ့မွေးနေ့တောင်မသိဘူးလား"

"ဟို . . . ဟို . . . ငါ မေ့ . . မေ့နေလို့"


www.burmeseclassic.com

www.burmeseclassic.com



"အေး . . . အဲဒါဆို သေလိုက် . . . ကိုယ့်ဘာသာ ကိုယ် ငြိမ်းစား"

ပြောပြီး စားပွဲမှထကာ ထွက်သွားလေတော့သည်။ ချစ်တီးသာ တစ်ယောက်တည်းငေးရင်းကျန်ခဲ့တော့၏။ UFL ကျောင်းဝင်းထဲမှာ တော့ ကျောင်းသူ ကျောင်းသားတွေပုံမှန်လှုပ်ရှားလျက်ရှိနေပါသည်။

❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com



မြင်မြင်ချင်းချစ်မိတယ်ဆိုတဲ့စကားဟာ ကျွန်တော့်ကိုတွေ့ပြီး ထွင်ခဲ့သလားတောင်အောက်မေ့ရတယ်သိလား . . . . ကျွန်တော် နှင်းကို ချစ်တယ်"

ငယ်ငယ် ဖျတ်ခနဲစူးစူးရဲရဲကြည့်ပစ်လိုက်သည်။ ဇော်ဇော်က တော့ မဖြစ်မနေဆောင်ရွက်ရမည့်အလုပ်တစ်ခုကိုလုပ်နေသလို အေးဆေးတည်ငြိမ်စွာစကားဆက်၏။

"ကျွန်တော့်ဘဝမှာ မိန်းကလေးတော်တော်များများနဲ့ ပတ်သက်ခဲ့ဖူးပါတယ်။ ဒါပေမယ့် တစ်ယောက်မှအတည်တကျမရှိဘူး . . . ကျွန်တော် နှင်းနဲ့ကျမှ လက်ဝဲဘက် ရင်အုံက အဆမတန် လှုပ်ရှားခဲ့ရတယ်။ ကျွန်တော် အချစ်ကိုရှာတွေ့သွားပြီဗျာ"

သူမ ပုလင်းထဲက လက်ကျန်အအေးကိုကုန်အောင်စုပ်လိုက် သည်။ ပြီးမှ ဇော်ဇော့်မျက်နှာကိုစေ့စေ့ကြည့်ကာ . . .

"ရှင် ရည်းစားစကားပြောနေတာလားဟင်"

"အဟဲ . . . အဲဒီလိုပြောရင်လည်းရပါတယ်၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဘဝလုံးအတွက်ရည်ရွယ်တဲ့ ပထမဆုံးမေတ္တာစကားဆိုလည်းမှန်ပါတယ်"

သူမ တစ်ခုခုပြန်ပြောမလို့လုပ်ပြီးမှ အိအိနှင်းပြောခဲ့သော စကားကြောင့်အရှိန်သတ်လိုက်ရ၏။

"ငယ် . . . သူ ဒီနေ့ နင့်ကိုဖွင့်ပြောချင်ပြောလိမ့်မယ် သိလား။ ညကလည်း ငါနဲ့ဖုန်းထဲမှာ သူပြောမလို့လုပ်သေးတယ်. . . ငါက ဝေ့လည်ကြောင်ပတ်တွေ လျှောက်ပြောနေလို့ သူမပြောဖြစ်လိုက်ဘူး။ အဲဒါ ဒီနေ့ သူ သင်တန်းကိုလာခဲ့မယ်တဲ့ . . . ငါကတော့ သူ ဖွင့်ပြောတော့မယ်ထင်တာပဲ. . တကယ်လို့ဖွင့်ပြောခဲ့ရင် နင်အလိုက်အထိုက် လုပ်ပေးလိုက်ပါဟာ . . နော်"

သူမ အဲဒီတုန်းက တော်တော်စိတ်ညစ်သွားရသည်။

"နင် သူနဲ့ဆက်ဆံနေတာတွေ ရပ်တန်းကရပ်သင့်ပြီနော် အိ . . တော်ကြာ အားလုံးပေါ်သွားရင် နင်ရော ငါရောမကောင်းဘူး။ ယောကျ်ား တစ်ယောက်ကို ငါတို့အဲဒီလောက်လိမ်ညာထားတာလည်း မသင့်တော်ဘူး"

"ငါသိပါတယ် ငယ်ရယ် . . . ဒါပေမယ့် . . . ဟိုမရတော့ဘူး ဟာ. . ငါလည်းစိတ်ညစ်တယ်။ အခုအချိန်မှာ အားလုံး လွန်ကုန်ပြီဟ . . . သူ့ကို ရှောင်ဖို့ဆိုတာလည်းမလွယ်ဘူး။ ပြီးတော့ အမှန်အတိုင်းပြောလိုက်ဖို့ကျတော့လည်း နင်ပြောသလို ငါနှုတ်မရဲဘူး"

သူမ သက်ပြင်းချလိုက်မိသည်။ မိန်းကလေးတစ်ယောက်၏ အရေးအကြီးအဆုံးအရာမှာသိက္ခာတရားပင်ဖြစ်လေသည်။ သူမတို့ အခု ဇော်ဇော် မင်းထိုက်အပေါ်လှည့်စားနေခြင်းသည် သိက္ခာတရားမရှိခြင်းနှင့်အတူတူပင်ဖြစ်လေသည်။ အိကပဲ ဒီကိစ္စကိုလုပ်ခဲ့သည်ဖြစ်စေ အစပိုင်းက သူမပါသဘော တူခဲ့၍ အခုလိုအခြေအနေအထိဖြစ်လာရခြင်းဖြစ်၏။ အခုတော့ ဇော်ဇော် ကသူမကို အိအိနှင်းဟုတစ်ထစ်ချတွက်ထားသလို သူနဲ့ဖုန်းပြောနေသူကိုလည်း သူမဟုထင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ဘာဆက်လုပ်ရမလဲ . . . ဆုပ်လဲစူး၊ စားလည်းရှူးပြီ . . နောက်ဆုံး ရှောင်ထွက်ရန်နည်းလမ်းမှာ ထုံးစံအတိုင်း စဉ်းစားဦးမယ်ဆိုတဲ့ စကားအပြင် ဘာမှမရှိ၊ သို့သော် ဒီစကားပြောလိုက်လို့လည်း ဇော်ဇော့်ဘက်က မျှော်လင့်ချက်ပေးရာကျမည်။ မပြောဘဲ အပြတ်ငြင်းလိုက်ရင်ရော . .။ ဒါလည်းမဖြစ် . . . ဒီလိုအခြေအနေအထိဖြစ်လာပြီးမှ တစ်ဖက်ကလည်း အတိုင်းအတာတစ်ခုအထိ အပိုင်တွက်ပြီးမှပြောချင်းဖြစ်သည်။ သူမဒီလိုလုပ်လိုက်ရင် ဇော်ဇော့်အပေါ် မျှော်လင့်ချက်ပေးပြီးရိုက်ချရာရောက်၏။ နောက်ပြီး တော်တော်ရှက်သွားမည်။ အိပြောပုံအရ ဇော်ဇော်နဲ့အိနဲ့က ဖုန်းထဲမှာ တော်တော်ရင်းနှီးသည်။ အပြင်မှာလည်း ရင်းနှီးသယောင်ယောင် သူမ ဟန်ဆောင်ခဲ့၏။ သူမတို့က အပျော်သဘောလုပ်ခဲ့မိသော်လည်း အခုတော့ တစ်ဖက်ကလေးနက်လာပြီ။ အခုအချိန်မှတော့ မယုတ်မလွန်ဆက်ဆံရန်သာ အကောင်းဆုံးဖြစ်ကြောင်း သူမသဘောပေါက်လိုက်၏။ နောက်မှသာ အိနဲ့ တိုင်ပင်ပြီး မီးစဉ်ကြည့်ကရန်သာ . . .။

အတွေးနယ်လွန်ပြီး ငိုင်သွားသော သူမကိုကြည့်ကာ ဇော်ဇော် ငြိမ်နေသည်။ သူမဆီက ထွက်ကျလာမည့်အဖြေစကားကို တိတ်ဆိတ်ခြင်းဖြင့် စောင့်ဆိုင်းနေပုံရ၏။

"နှင်း . . . စဉ်းစားပါရစေဦး"

"အောင်မလေးဗျာ. . ဒီစကားလေးပြောဖို့တောင် တော်တော်စဉ်းစားနေရပါလားနှင်းရယ် . . . ဒါနဲ့ နှင်းက ဖုန်းထဲ မှာနဲ့အပြင်မှာ နည်းနည်းကွာသလိုပဲနော်"

"ဟို . . . ဘာ . . . ဘာဖြစ်လို့လဲဟင်"

လန့်သွားသော်လည်း အချိန်မီထိန်းလိုက်နိုင်၏။ ဇော်ဇော်က ဘာမှမဖြစ်သလို ခပ်ပေါ့ပေါ့ပင်ဆက်ပြောသည်။

"ဩော် . . . ဘာမှမဖြစ်ပါဘူး။ ကျွန်တော်ထင်တာပါ။ ဟို . . . ဖုန်းထဲမှာ ပိုရင်းနှီးသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com


"ဒါတော့ရှင် . . . ဖုန်းထဲမှာ လူကိုမှမမြင်ရတာ . . ပိုပြောလို့ကောင်းတာပေါ့၊ ဟို နှင်းက လူချင်းတွေ့ရင် အဲဒီလိုပဲ စကားသိပ်မပြောတတ်ဘူး . . . ခစ် ခစ်"

ဇော်ဇော်က ခေါင်းတညိတ်ညိတ်လုပ်ကာနေ၏။ ပြီးတော့မှ . .

"ကျွန်တော် ထင်တော့ထင်သားပဲ . . . ဟုတ်တယ်ဗျ၊ တချို့တွေက အဲဒီလိုပဲ . . . အဟဲ . . ဒါပေမယ့် ကျွန်တော်ဒီနေ့ သိပ်ပျော်တယ်ဗျာ. . . ဘာလို့လဲသိလား"

မသိချင်သော်လည်း သိချင်ဟန်ဆောင်ပြီး မျက်လုံးထောင့်ကပ်ကြည့်လိုက်ရသည်။ ဇော်ဇော်ကတော့ သူမရဲ့အကြည့်စူးစူးကြောင့် ရင်တွေ ပန်းတွေတုန်သွားကာ . . .

"ဟို . . ဟိုဟာလေ နှင်းက ကျွန်တော့်ကိုစဉ်းစားမယ်ဆိုလို့"

"ခစ် ခစ် ခစ်"

သူမ ဇော်ဇော့်ပုံကိုကြည့်ကာရယ်ချင်သွားသည်။

စဉ်းစားမယ်ဆိုသည့်စကား၏နောက်ကွယ်မှာ အဖြေအမျိုးမျိုး ရှိနိုင်မှန်း ဒီငတိမသိဘူးလား။ ပြီးတော့ သူ့ဘက်ကအပိုင်တွက်နေပုံလည်းရ၏။

သူမရယ်ရင်း ထရပ်လိုက်ကာ . .

"နှင်း အတန်းလေးရှိသေးလို့ သွားလိုက်ဦးမယ်နော်"

ပြောပြီး သူမထွက်ခဲ့ပါတော့သည်။ သူမပြောခဲ့သော စကားတစ်ခွန်း သည်ယောကျ်ားတစ်ယောက်ရဲ့ ညတော်တော်များများကို အိပ်မရအောင် ဖန်ဆင်းပေးလိုက်တယ်ဆိုတာကိုတော့ . . . .။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com


ချစ်တီးတစ်ကိုယ်လုံးချွေးတွေရွှဲကာနေသည်။ အခန်းတစ်ခုလုံးလည်း စာအုပ်တွေနှင့် ရှုပ်ပွကာ ဟိုတစ်ပုံ ဒီတစ်ပုံဖြစ်နေ၏။ တစ်ခုခုကိုကြိုးစား ပမ်းစားရှာနေပုံမျိုးဖြစ်သည်။

"ဟဲ့ သား မအိပ်သေးဘူးလား၊ ဘာတွေလုပ်နေတာလဲ"

အခန်းအပြင်မှ သူ့အမေရဲ့အသံကိုကြားရမှ စိတ်ကူးကိုစာအုပ်ပုံတွေကြားမှ ခဏခွာကာ . . .

"ဘာမှမလုပ်ဘူး အမေ၊ သား စာအုပ်တစ်အုပ် ပျောက်နေလို့ရှာနေတာ"

"အေး အေး . . . အိပ်တော့ အိပ်တော့ ညဉ့်နက်နေပြီ"

အမေ အခန်းတံခါးဝမှ ခွာကာ သွားတော့ စိတ်ကူးကိုစာအုပ်စဉ်တွေဘက်ပြန်ရွှေ့ကာ လုပ်စရာရှိတာဆက်လုပ်သည်။ နာရီသံတစ်ချက်ချက်နဲ့အတူ အချိန်တွေသာ ရွေ့လျားသွားသည်။ သူရှာနေသည့်အရာကို အခုထိ မတွေ့သေး။ အမှန်တော့ လွန်ခဲ့တဲ့ ခုနစ်လောက်က စာအုပ်ကလေးကို အခု ပြန်တွေ့ဖို့ဆိုတာ ဖြစ်နိုင်ချေ တော်တော်နည်း


www.burmeseclassic.com

www.burmeseclassic.com



သည့်ကိစ္စ၊ သို့သော် ကြံရာမရ၍ ဒီလိုရှာနေခြင်းလည်းဖြစ်သည်။

အခုအချိန်မှာ သူ့အတွက် ငယ်ငယ့်မွေးနေ့သည် အသက်တမျှ အရေးကြီးနေသည်။ သူလည်း ငယ်ငယ့်မွေးနေ့ကိုမမှတ်မိတော့ . . . ငယ်ငယ်တုန်းကတော့ တစ်ခါလုပ်ဖူးတာသတိရသည်။ အဲဒီတုန်းက သူတောင် လက်ဆောင်ပေးခဲ့သေးသလားမသိ၊ သို့သော် မှတ်မိတာ တစ်ခုတော့ရှိ၏။ အဲဒီမွေးနေ့မှာ သူငယ်ချင်းတွေတစ်ယောက်နဲ့ တစ်ယောက် ဒိုင်ယာရီစာအုပ် သေးသေးလေးတွေမှာ အမှတ်တရလေးတွေရေးခဲ့ကြသည်။ တစ်ယောက်ချင်းစီရဲ့မွေးနေ့၊ နာမည်၊ နေရပ်လိပ်စာနှင့် အမှတ်တရစကားလေးတွေ ထိုဒိုင်ယာရီ စာအုပ်လေးမှာရှိသည်။ အချိန်ကြာပြီဆိုတော့ ဘယ်မှာသိမ်းထားမိမှန်းမသိတော့ . . . ပျောက်ချင်လည်းပျောက်သွားမည်။ သို့သော် ဘာပဲဖြစ်ဖြစ်ရှာကြည့်ရင်မှားဘူးဆိုပြီး ထိုင်လုပ်နေခြင်းပါ။

အချိန်တော်တော်ကြာသွားပြီ။ မနက်လင်းကြက်တွန်သည်အထိ စာအုပ်ကိုမတွေ့၍ လက်လျှော့ကာ ခုတင်ပေါ် လှဲချလိုက်တော့၏။ ခဏချင်းပင် သူအိပ်ပျော်သွားတော့သည်။

မနက်နိုးတော့ နေတောင် တော်တော်မြင့်နေပြီဖြစ်သည်။ နေ့လယ်စာ တစ်ခါတည်း တန်းစားပြီးနောက် ဘာအလုပ်မှမရှိဘဲ ပျင်းလေနေ၍ သူငယ်ချင်းတွေဆီသွားရန် စိတ်ကူးပြီး ရန်နိုင်စိုးဆီ အရင်ဆုံး ဖုန်းဆက်ကြည့်လိုက်၏။ ရန်နိုင်စိုးနဲ့တွေ့တော့ ဇော်ဇော်လည်းရောက်နေသည်ပြော၍ လာခဲ့မည်ဟု ပြောကာ ထွက်ခဲ့လိုက်ပါတော့သည်။

ရန်နိုင်စိုးအိမ်ရောက်တော့ ထုံးစံအတိုင်း ဇော်ဇော်နဲ့နှစ်ယောက်သား တီဗွီဂိမ်းကစားနေကြသည်။ သူလည်း ရန်နိုင်စိုးအိမ်ကအနီးနဲ့ပင် ပေါ်ကြီးဆီဆက်ကာ လက်ဖက်ရည်ဆိုင်ထိုင်ဖို့ချိန်းလိုက်တော့၏၊

ရန်နိုင်စိုးတို့ ပွဲပြီးသွားတော့ သူတို့ပေါ်ကြီးနဲ့ချိန်းထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်ကိုထွက်လာခဲ့လိုက်တော့၏။ သူတို့ဆိုင်ရောက်ပြီး ခဏကြာတော့ ပေါကြီးရောက်လာသည်။ ရောက်ရောက်ချင်းပဲ သူတို့မျက်နှာတွေကို တစ်ယောက်ချင်းကြည့်ကာ . . .

"ငါ ညက အိပ်မက်မက်တယ် သိလား"

"လူပဲ အိပ်မက်မက်တာ အဆန်းလား"

ရန်နိုင်စိုးရဲ့စကားကို ပေါကြီးက ဂရုမစိုက်ပဲဆက်ပြော၏။

"အိပ်မက်က ထူးဆန်းတယ်ကွ . . . ဇော်ဇော်နဲ့ချစ်တီး နှစ်ယောက်လုံးပါတယ်"

ပေါကြီးစကားဆုံးတော့ ဇော်ဇော်ရော ချစ်တီးပါ ခေါင်း ထောင်သွားကြကာ ပေါကြီးကို စိတ်ဝင်တစားကြည့်၏။ ပေါကြီးက လန့်ဒန်တစ်လိပ်ကို မီးညှိကာ ချက်ချင်းမပြောသေးဘဲ မီးခိုးငွေ့တွေကို အရသာခံကြည့်နေလိုက်သေးသည်။ နည်းနည်းကြာသွားမှ . . . .

"ချစ်တီးရော ဇော်ဇော်ရော တစ်ယောက်နဲ့တစ်ယောက် နပန်းလုံးကြတာကွာ . . . သူတင် ကိုယ်တင်ပဲ၊ ကြည့်လို့ တော်တော်လှ တယ်ကွာ"

ရန်နိုင်စိုးက စကားဖြတ်ကာ . . .

"ငါရော မပါဘူးလား"

"မပါဘူး၊ ငါတော့ပါတယ် . . . ငါက ဒီကောင်တွေနှစ်ကောင် နပန်းလုံးတာကို ဇိမ်ခံပြီးထိုင်ကြည့်နေတာ"

"မိုက်ရိုင်းတယ်ကွာ . . . မင်းက ငါ့တော့မခေါ်ဘူး၊ ငါလည်း ကြည့်ချင်တာပေါ့"

"ပြောစရာလိုလား . . . မင်း ကြိုသိရမှာပေါ့ . . ငါက အဲဒီလို ပွဲတွေ ဝါသနာပါတယ်ဆိုတာ မင်းသိသားနဲ့"

"ကဲ မင်းတို့နှစ်ယောက်ငြင်းနေတာနဲ့ ငါတို့နပန်းလုံးတာပြီး မှာလား. . . ခွီးပဲ . ."

ပေါကြီးကနောက်ကမှဆက်ပြောမယ်ဆိုတဲ့ပုံစံမျိုး ရန်နိုင်စိုးက



www.burmeseclassic.com

www.burmeseclassic.com



သုပ်ပြကာ ချစ်တီးတို့ဘက် မျက်နှာမူပြီး . . .

"မင်းတို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် ဘတစ်ပြန် ဘားတစ်ပြန်ချတာ တော်တော်ကြည့်ကောင်းတာကွ . . . အချိန်လည်း တော်တော်ကြာတယ်"

ဇော်ဇော်ကဝင်၍ . . .

"နောက်ဆုံး ဘယ်သူနိုင်သွားလဲဟင်"

"ပွဲလည်းပြီးရော နှစ်ယောက်စလုံးသေရော"

"ဟင်"

"ဟေ"

ချစ်တီးနဲ့ဇော်ဇော်တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပေါကြီးကိုဆဲ၏။ ပေါကြီးကတော့ သူ့ပုံစံအတိုင်း မန်ဒါလီလည်ပင်းညှစ် သားတဲ့အသံနဲ့ထရယ်ကာ . . . .

"အစ် . . . အစ် . . . အစ် . . . အစ် . . . ငါ တကယ်ပြောတာ . . မင်းတို့နှစ်ယောက်လုံးအမောဆို့ပြီးသေတာ"

"ကဲပါကွာ . . . ထားပါတော့ မင်းအိပ်မက်ကြီးကလည်း မနိပ်ပါဘူး"

ပြောပြီးနောက် ချထားတဲ့လက်ဖက်ရည်ကိုသောက်သည်။ ပေါကြီး ကကုန်သွားတဲ့ဆေးလိပ်ကိုတောက်ထုတ်လိုက်ပြီး . . .

"မင်းတို့နှစ်ယောက်အခြေအနေကော ဘယ်လိုလဲ"

"ဘာကိုလဲ"

နှစ်ယောက်စလုံး ပြိုင်တူမေးတော့ ပေါကြီးက . . .

"မင်းတို့ကောင်မလေးတွေနဲ့အခြေအနေကို မေးတာ"

ချစ်တီးမပြောခင် ဇော်ဇော်က အရင်ဦးဆုံးဝင်ပြောလေသည်။

"ငါကတော့ ဖွင့်ပြောလိုက်ပြီ . . . ပြီးတော့ အဖြေတောင်းထား ဘယ် . . . အဆင်ပြေမှာပါ"

ခပ်အေးအေးလေးထဖြေတော့ ချစ်တီးကမခံနိုင်၊ သူလည်းစွံပါ



www.burmeseclassic.com

www.burmeseclassic.com


တယ်ဆိုတဲ့ အကြောင်းပြချင်၍ . . .

"ငါလည်း အေးအေးဆေးဆေးပါ . . . သူက အဖြေပေး
နေ့တောင်ပြောပြီးပြီ . . . ဟဲ ဟဲ ရှာရန်ရာနှုန်းကတော့ ကိုးဆယ့်
ပဲ သူငယ်ချင်း"

ဇော်ဇော်က ချစ်တီးကိုခပ်ထေ့ထေ့ကြည့်လိုက်ကာ . . .

"ဘယ်နေ့တဲ့လဲ"

"သူမွေးနေ့"

"သူမွေးနေ့က ဘယ်နေ့လဲ"

ချစ်တီး မျက်နှာပျက်သွားသည်။ ဘာပြန်ဖြေရမှန်းသူမသိ။

"အဲ . . . ဟို . . . ရောက်တော့မှာကွ မကြာတော့ဘူး"

"မင်း ကောင်မလေးမွေးနေ့က ကမ္ဘာလဆန်းတစ်ရက်နေ့
ဒုက္ခပဲ နော်"

ဇော်ဇော့်စကားကြောင့် အားလုံးဝိုင်းရယ်ကြတော့ ချစ်တီး
ရှက်ကာသွားသည်။ ချက်ချင်းမည်းနေတဲ့အသားက ပြာသွားကာ
ဇော်ဇော့်ကိုမျက်လုံး စိမ်းကြီးနဲ့စိုက်ကြည့်ပြီး . . . .

"မင်းကရော ဘယ်နေ့ရမယ်ဆိုတာ သိလို့လား . . . ငါက
သေချာသေးတယ်၊ သူမွေးတဲ့နေ့ ငါရပြီ . . ."

"ဟဲ ဟဲ ဟဲ . . . ဒါတွေမလိုပါဘူးကွာ . . . တဖြည်းဖြည်းနဲ့
ဒီလိုပဲ သိမ်းသွင်းယူရမှာပေါ့။ မင်း ကြည့်လိုက်လေ . . . မင်းနဲ့ငါ
ဘယ်သူ အရင်ရမလဲလို့"

ဇော်ဇော်နဲ့ချစ်တီးအခြေအနေကိုကြည့်ပြီး ပေါ်ကြီးအကြံ
တစ်ချက်ရသွားကာ . . .

"ဟုတ်ပြီ၊ မင်းတို့နှစ်ယောက်ဘယ်သူအရင် ကောင်မလေးတွေ
ဆီက အဖြေရမလဲ ပြိုင်ကြပါလား၊ ငါ ဒိုင်လုပ်ပေးမယ်လေ . . .
ဘယ်လိုလဲ"

ဇော်ဇော်နဲ့ချစ်တီးတစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြ


www.burmeseclassic.com

www.burmeseclassic.com



သည်။ ဇော်ဇော်က ခနဲ့ပြုံးပြုံးကာ ဘယ်လိုလဲဆိုပြီး မေးငေါ့ပြတော့ ချစ်တီး ကချက်ချင်းပင် ....

"စိန်လိုက်လေ ... ဝမ်းတေဘယ်ကြေး"

"ရတယ်လေ၊ လုပ်လိုက် .. ကြာသလားလို့"

"OK"

"ငါလည်းပါတယ်နော်၊ ဘယ်သူနိုင်နိုင် ငါကတော့စားမှာပဲ"

အားလုံးအလောင်းအစားလေးဖြစ်မြောက်သွားသည့် အထိမ်းအမှတ် အဖြစ်လက်ဖက်ရည်ခွက်တွေကို တိုက်လိုက်ကြတော့၏။

"နှင်းရေ ... မင်းကိုပိုင်ဆိုင်ဖို့အတွက်"

ဇော်ဇော့်အသံကြားတော့ ချစ်တီးကလှည့်ကြည့်ကာ ....

"ဟော့ကောင်၊ ငါ့ကောင်မလေးနာမည်ဘာလို့ခေါ်တာလဲ"

"ဘာလဲ ... နှင်းဆိုတာ မင်းကောင်မလေးတစ်ယောက်တည်းရှိတယ်ထင်လို့လား ...ငါ့ ကောင်မလေးလည်း နှင်းပဲကွ၊ ခေါ်ထား ... အိအိနှင်းတဲ့"

ချစ်တီး ဘာမှမပြောတော့ဘဲ ပါးစပ်ပိတ်သွားသည်။ သူ့ရင်ထဲမှာ အနာဂတ်အတွက် နှင်းမြူတွေရစ်သိုင်းသွားတာတွေအမှန်ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်တီးကို ရှူးသွားရင်တော့ တစ်သက်လုံးပြောစမတ်တွင်တော့မည်ဆိုတာကို ဇော်ဇော်စဉ်းစားမိသည်။ အိအိနှင်းကိုတော့ နားအပူတိုက်ပြီး ဖိဖိစီးစီးတွန်းအားပေးမှရတော့မည်ဟုတွေးလိုက်မိ၏။ တကယ်တမ်းတွေးကြည့်ရင် ဒီပြိုင်ပွဲက သိပ်မမျှတ၊ ချစ်တီးဘက်က အလေးပိုသာသည်။ အဘယ့်ကြောင့်ဆိုသော် ငယ်ငယ်နဲ့ချစ်တီးက ငယ်သူငယ်ချင်း။ အဲဒီ့အချက်တစ်ခုတည်းနဲ့တင် အခြေအနေ တော်တော်ကောင်းသွားပြီဖြစ်သည်။ ပြီးတော့ ချစ်တီးဘက်က ခပ်မာမာစိန်ခေါ်သွားပုံထောက်လျှင် ဒီကောင့်ဘက်က တော်တော်ပိုင်နေလို့ဖြစ်လိမ့်မည်။ ချစ်တီးဆိုတဲ့ကောင်က မပိုင်ရင် သူ့ကိုစိန်ခေါ်ဝံ့မှာမဟုတ်။ သူလည်း ဘာရယ်မဟုတ် ချစ်တီးစိတ်ကိုဆွပေးလိုက်ရင်းမှ နောက်ဆုံး ဒီအခြေအနေအထိရောက်သွားရခြင်းဖြစ်လေသည်၊ ဘာပဲပြောပြော ပြိုင်ပြီဆိုတော့လည်း နိုင်ချင်၏။ ချစ်တီးကိုတွေ့ ဘယ်နည်းနဲ့မှ ရှုံးလို့မဖြစ် . . . ။ ထို့ကြောင့် ကိုယ်စွမ်းဉာဏ်စွမ်း ရှိသရွေ့ကြိုးစားကာ အပြိုင်ကြဲရတော့မည်ဖြစ်ကြောင်း တွေးမိ၍



www.burmeseclassic.com

www.burmeseclassic.com



အချိန်ရှိခိုက် လှဲ့လစိုက်ရန် တယ်လီဖုန်းဆီသို့ လှမ်း သွားလိုက်ပါတော့သည်။ ဘယ်သူ့ဆီ ဆက်တယ်ဆိုတာကိုတော့ တွေးစရာလို လိမ့်မည်မထင်ပေ။ နံပါတ်ခြောက်လုံးနှိပ်ပြီး နောက်တစ်ဖက်က လာကိုင်သူမှာ အိအိနှင်းပင်ဖြစ်လေသည်။

ထိုအချိန်မှာ ချစ်တီးက အင်းလျားကန်ကြီးကိုငေးကာတွေးနေသည်။ သူလည်းတော်တော်ကို အတွေးစခန်းဝင်နေခြင်းဖြစ်သည်။ အခိကအချက်က ငယ်ငယ့်မွေးနေ့ပင်။ ဒီကောင်မလေးကို သူအမေက ဘယ်နေ့မွေးလိုက်မှန်း သူမမှတ်မိတော့။ ရှေ့နှစ်ထဲမှာလား ဒါမှမဟုတ် ဒီနှစ်ထဲမှာလား။ ဒီနှစ်ထဲမှာဆိုရင်တောင် ဒီလထဲမှာလားဆိုတာပါ စဉ်းစားဖို့လိုလာပြီ။ အကယ်၍မွေးနေ့က သိပ်ဝေးနေလျှင် သူ့အတွက် ပြဿနာရှိ၏။ ဇော်ဇော်ဆိုတဲ့ကောင်က လက်သွက်သည်။ ဘာပဲဖြစ်ဖြစ် သူ့ကိုအနိုင်ရဖို့ အရင်ကထက်နှစ်ဆကြိုးစားမှာ သေချာ၏။ ချစ်တီး တွေးနေရင်း သူရှုံးသွားမှာကို ကြောက်လာကာချွေးတွေပြန်လာသည်။ ငယ်ငယ့်ကို ဘယ်နည်းနဲ့မဆို တွန်းအားပေးမှရတော့မည်ဆိုတာ တိုတွေးမိလာ၏။ ဒီပွဲမှာရှုံးလို့မဖြစ်။ သူရှုံးသွားရင် သူတစ်ယောက်ထဲမျက်နှာငယ်ရမှာမဟုတ် ပေါကြီးလည်းပါသည်။ ပေါကြီးက သူ့ထက်တောင်ပိုဆိုးနေသေးသည်။ မင်းရှုံးသွားရင် ငါ့မျက်နှာကိုမားနဲ့လာလှီးလိုက်ဟေ့ဆိုပြီး တွေ့တိုင်းပြော၏။ ဘာပဲဖြစ်ဖြစ် သူရှုံးလို့တော့ မဖြစ်ပေရအောင်တော့လုပ်ရမည် ဟုတွေးလိုက်ကာ အိမ်ကိုပြန်လာခဲ့လိုက်ပါတော့သည်။ အိမ်ရောက်တော့ ငယ်ငယ့်ဆီဖုန်းလှမ်းဆက်လိုက်ကာ မနက်ဖြန်ကျောင်းလာခဲ့မည့်အကြောင်းကိုပြောလိုက်သည်။ သူမ မနက်ဖြန်ကျောင်းမရှိကြောင်းနှင့် ကွန်ပျူတာသင်တန်းသွားမည့် အကြောင်းပြောတော့ သင်တန်းချိန်မေးကာလာခဲ့မည့်အကြောင်း ပြော၍ ဖုန်းချလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ ဒီလောက်လောနေရတာလည်း ချစ်တီးရယ် . . . နင်ဘာ ဖြစ်နေတာလဲ"

"ငါ့ကို အချိန်နည်းနည်းတိုးပေးပါဟာ . . . နော် . . . လုပ်ပါနော်"

"ကျွတ် . . . စိတ်ညစ်ရပါလား ချစ်တီးရယ် နင်ကတကယ်ပဲ"

"လုပ်ပါငယ်ရယ် ငါရှုံးသွားမှာ . . . အဲ . . . ဆုံးရှုံးသွားမှာ ကြောက်နေလို့ပါဟာ"

ငယ်ငယ်က နှုတ်ခမ်းကိုမဲ့ကာတစ်ဖက်ကိုလှည့်သွားသည်။ ရှေ့သို့ဝဲကျသွားသော ဆံနွယ်ခက်တွေကို လက်နဲ့သပ်တင်ကာပြန်ကြည့်၏။

"မရဘူး . . . ငါ့မွေးနေ့ကြမှပေးမယ်"

ချစ်တီးခေါင်းစိုက်ကျသွားကာ ခဏကြာတော့ ဆတ်ခနဲပြန်ခေါင်းလာပြီး . .။

"နင် . . . နင့်မွေးနေ့က ဘယ်နေ့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



“ဘာ . . . နင်ငါ့မွေးနေ့တောင်မသိဘူးလားဟုတ်လား . . . တော်တော်ငါ့အပေါ် အလေးအနက်ထားတာပဲ ငါ့မှာဖြင့် နင်ငယ်ငယ်ကပေးထားတဲ့မွေးနေ့လက်ဆောင်လေးကို သိမ်းထားတာ အခုထိရှိတုန်းပဲ . . . တော်ပြီ အိမ်ရောက်ရင်လွှင့်ပစ်မယ်”

ငယ်ငယ်က နှုတ်ခမ်းဆူကာ ခြေဆောင့်ပြီးတစ်ဖက်လှည့်သွားတော့ ချစ်တီးပျာယာခတ်သွားကာ . . .။

“ငါ . . . ငါ့ကိုစိတ်မဆိုးပါနဲ့ငယ်ရယ် . . . ငါ . . . ငါတကယ်မေ့သွားလို့ပါဟာ . . . အဲဒါကလည်း နင့်ကိုချစ်တဲ့စိတ်နဲ့မဆိုင်ပါဘူးဟာ . . နှစ်တွေကြာပြီဆိုတော့ ငါမမှတ်မိတော့လို့ပါငယ်ရယ် . . . ငါဒီတစ်ခါတကယ် မှတ်ထားပါ့မယ်”

“မရဘူး . . . မသိဘူးသွား”

ငယ်ငယ်က ဘယ်လိုမှပြောလို့ရတော့မယ့်ပုံမပေါ်တော့ပေ။ ခိန်းမတွေများဖြတ်ထိုးညာက်မှာ ယောကျ်ားတွေထက်သာကြောင်း ချစ်တီးလက်ခံသွား၏။ အဖြေပေးမည့်ရက်မရွှေ့ပေးချင်တာနှင့် သူမမွေးနေ့မမှတ်မိသည့်ကိစ္စက ခားစာခံဖြစ်သွားရလေပြီ။

ချစ်တီးသက်ပြင်းချကာ စိတ်ခတ်ကျသွားတော့သည်။ ဒီအတိုင်းဆို သူ့ဇာတ်ကမြောနေဦးမှာ သေချာသည်။ မွေးနေ့က ဘယ်နေ့မှန်းမသိ။ ဦးနှောက်ခြောက်သွားကာ ဘာဆက်လုပ်ရမလဲ စဉ်းစားနေစဉ် တစ်စုံတစ်ခုကို သတိရသွား၍ ဝမ်းသာအားရနှင့်

“ငါ မွေးနေ့ရော ဘယ်နေ့လဲ နင်သိလား”

အအေးပိုက်လေးကို ထုတ်ချည်သွင်းချည်နှင့် ကစားနေသာ ငယ်ငယ့် လက်သည် ရုတ်တရက်ငြိမ်သွားလေသည်။ ခေါင်းငုံ့ထားရာမှ မျက်လုံးတစ် ချက်လှည့်ကြည့်ပြီး ငြိမ်ကျသွား၏။

“ပြောလေ . . . ငါ့မွေးနေ့ ဘယ်နေ့လဲလို့”

သူမ ချစ်တီးကိုတော်တော်ကြာကြာစိုက်ကြည့်နေသည်။ ချစ်တီးနဲ့ မျက်လုံးချင်းတော်တော်ကြာကြာဆုံကြသည်။ ချစ်တီးက

www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ့်ထံမှအကြည့် ကို မလွှဲပဲမနားတမ်းပြန်ပြီးကြည့်၏။

ခဏကြာတော့ ငယ်ငယ်တဖြည်းဖြည်းပြုံးလာကာ ခေါင်းဆော လာပါသည်။ ထိုအပြုံးသည် သူတွေ့သမျှ အပြုံးများထဲတွင် အလှဆုံး ဖြစ်သည်ဟု ချစ်တီးထင်မိ၏။ ခဏနေတော့ ငယ်ငယ်က ထိုင်နေရာမှ ထရပ်ကာ . . .။

"ရှေ့လာမယ့် တနင်္လာနေ့ UFL ကိုလာခဲ့ နင်လိုချင်တဲ့အဖြေ ငါပေး မယ်"

ပြောပြီးပြီးချင်း ချာခနဲလှည့်ထွက်သွားတော့ ချစ်တီးကြောင် ကာကျန်ခဲ့၏။ ဝိညာဉ်ကခန္ဓာမှ ခဏခွာကာဘယ်ရောက်လိုရောက်သွား မှန်းမသိ။ တော်တော်ကြာမှ အသိတရားပြန်ကပ်ကာ အရင်ဆုံး ကိုယ့်ပါး ကိုယ်အားရပါးရရိုက် ကြည့်လိုက်လေသည်။ ပါးတစ်ခြမ်း ပူခနဲဖြစ် သွားချိန်တွင် အိပ်မက်မဟုတ်မှန်းသိလိုက်ရ၍ . . .

"ဟေး . . . ငါကွ"

ကဲန်တင်းကလူများ သူ့ကိုဝိုင်းကြည့်ကြသည်။ ထိုအကြည့် တွေကို သူဂရုမစိုက်အားတော့ . . .။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ဘဝ၊ ကျွန်တော့်အသက်၊ ကျွန်တော့်ခန္ဓာတည်သရွေ့ နှင်းကိုတစ်စက်ကလေးမှမလျော့အောင်ချစ်နေပါ့မယ်ဆိုတာ ယုံပါ နှင်းရယ်။ ကျွန်တော်လေ စားလည်းဒီစိတ်၊ သွားလည်းဒီစိတ်၊ နောက်ဆုံးဗျာ ဘောလုံးပွဲကြည့်ရင်တောင် ဘောလုံးသမားတွေ နေရာမှာ နှင်းကိုပဲမြင်နေတယ် . . . တကယ်တော့ နှင်းရယ် အချစ်ဆိုတာ . . ."

ဒီငနဲပြောနေတာ တစ်နာရီလောက်ရှိသွားပြီ။ နားတွေလည်းအူပြီး ခေါင်းတွေလည်း ပူနေပြီ အခုထိ ဘာကိုဆိုလိုချင်မှန်းမသိ။

တချို့စကားတွေကို သူမနားမလည် ဒဿနလိုလို၊ ဆိုက်ကိုမေးခွန်းလိုလိုဟာမျိုးတွေလည်းပါ၏။ ကဗျာလိုလို ဝတ္ထုလိုလိုတွေလည်းပါသည်။ တစ်ခါတစ်ခါ ပုံပြင်တွေပါညှပ်ပြောလိုက်သေးသည်။

"အမှန်တော့ နှင်းရယ် အချစ်ဆိုတာ ရှိတ်စပီးယားပြဇာတ်ထဲက ဇာတ်ကောင်တွေမှ ရင်နဲ့ရင်းပြီးခံစားတတ်တာမဟုတ်ပါဘူး ကျွန်တော်လို အညတရတစ်ယောက်မှာလဲ . . ."

"ရှင် ကျွန်မကို အဖြေတောင်းနေတာလားမသိဘူးနော် . . ."



www.burmeseclassic.com

www.burmeseclassic.com



"အဲ . . . ဟို . . . ဟုတ် . . . ဟုတ်ပါတယ်"

အမိကလိုရင်းကို တည့်တည့်ထိသွား၍ သူမပျော်သွားမိသည်။ တော် သေးတယ်မှန်သွားလို့ . . .။

"မိန်းမတစ်ယောက်ရဲ့ အချစ်ကို ဟင်းရွက်ကန်စွန်းဝယ်သလို သဘောထားတာမဟုတ်ဘူးဆိုတာ နှင်းသဘောပေါက်ပါနော် . . . ဒါပေမယ့် ကိုယ်က အချိန်ကာလတစ်ခုရဲ့ ယန္တရားကို . . ."

"ရပါပြီ . . . ကျွန်မနားလည်ပါတယ် . . . ကဲ . . . ဒါဖြင့် ရှင်ရှေ့လာမယ့် တနင်္လာနေ့ ကျွန်မတက်နေတဲ့ UFL ကိုလာခဲ့ . . . ရှင်လိုချင်တဲ့အဖြေ ကျွန်မပေးမယ်"

ဇော်ဇော်မင်းထိုက်မျက်နှာသည် သူတောင်းစား ဒံပေါက်အိုးထဲ စောက်ထိုးကျသွားသလို အငမ်းမရဖြစ်သွားကာ . . .။

"ဟား . . . တကယ် . . . ဟား . . . ဟားဟား . . . ဟာဗျာ တကယ် . . . တကယ်လား . . . ဟား"

ကြာရင်အပျော်လုံးစို့ပြီး သေသွားမှာမကြည့်ရဲ သူမထ,ထွက်ခဲ့ လိုက်ပါတော့သည်။ ဇော်ဇော်မင်းထိုက်တစ်ယောက်တော့ အိပ်မက်လား' တကယ်လားမခွဲခြားတတ်၍ ကိုယ့်ပါးကိုယ်ရိုက်၊ ကိုယ့်နှုတ်ခမ်း ကိုယ် ကိုက်ကာ ကျန်ခဲ့လေတော့၏။

သူလိုချင်သည့် အဖြေကို သူမ တနင်္လာနေ့ပေးမည်။ သို့သော် ထိုအဖြေဆိုသည့် စကားလုံး၏နောက်ကွယ်တွင် . . .။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



မေး။ ။ "ငယ် . . . နင်သူတို့ကို ပေးမယ့်အဖြေတွေကို ငါသိချင်လိုက်တာဟာ"

ဖြေ။ ။ "အဖြေဆိုမှတော့ တစ်ခုခုပေါ့ အိရယ် . . . သေချာတာတစ်ခုကတော့ မနက်ဖြန်အသည်းကွဲမယ့် လူစာရင်းမှာ သူတို့နှစ်ယောက်ထဲက တစ်ယောက်ပါသွားပြီဆိုတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



မေး။ ။ "အချစ်ဆိုတာဘာလဲ နင်သိသွားပြီလားဟင်"

ဖြေ။ ။ "အချစ်ကို ငါမသိဘူး . . . ဒါပေမယ့် အချစ်ကတော့ ငါ့ကိုသိသွားပြီ"

မေး။ ။ "နင်မနက်ဖြန် သူတို့ကို ဘယ်လိုရွေးချယ်မှာလဲဟင်"

ဖြေ။ ။ "ငါ့ရင်ထဲမှာ ရှိပြီးသားပါ"

မေး။ ။ "အဲဒါဆို နင်သူတို့ကို ဘာတွေပေးမှာလဲဟင်"

ဖြေ။ ။ "အဖြေ"

ချစ်တီးသည် မှန်ရှေ့တွင် သူ့ရုပ်သူ ပယ်ပယ်နယ်နယ် စိုက်ကြည့်နေ၏။ မျက်နှာတင်ကြည့်ရတာ အားမရတော့၍ ကိုယ်လုံးပေါ် မှန်ရှေ့သွားကာ ဗလကိုညစ်ထုတ်ကြည့်လိုက်သည်။ ရင်အုပ်က စူထွက်လာကာ လက်မောင်းကြွက်သားတွေတင်းကားသွားသည်။ မနက်ဖြန်ဘော်ဒီဖစ် ကိုယ်ကျပ်အကျီလေးဝတ်ရမည်။ ဒါမှ သူ့ကိုယ်ကာယအလှကိုထင်းထင်းပေါ်ကာ အားကိုးချင်စရာဖြစ်မည်မဟုတ်ဘဲ ကိုတော့ ရန်နိုင်စိုးဆီက ဟိုတလောကမှ အောက်ကြေးနှိုက်လာသည်



www.burmeseclassic.com

www.burmeseclassic.com



(GAP) ဂျင်းဘောင်းဘီကိုဝတ်မည် ဟုတွေးထားလိုက် သည်။

စားပွဲပေါ်မှ နာရီကိုကြည့်လိုက်တော့ ည (၁၂)နာရီတောင်ထိုးတော့မည်ဖြစ်၍ အိပ်ဆေးတစ်လုံးသောက်ကာ အိပ်ရာဝင်လိုက်တော့၏။ ဒီညမြန်မြန်အိပ်ပျော်ဖို့လိုသည်။ ဒါမှ မနက်ဖြန်မြန်မြန်ရောက်မည်ဖြစ်လေသည်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



ဘဝတစ်သက်တာဖြတ်သန်းခဲ့ရသော တနင်္လာနေ့ပေါင်းများစွာတွင် မနက်ဖြန်ရောက်ရှိလာမည့် တနင်္လာနေ့သည် သူ့ဘဝအတွက် ရင်အခုန်ဆုံး နေ့တစ်ရက်ဖြစ်သည်။ မဂ္ဂဇင်းတစ်စောင်တွင် ပါသည့်အရောင်တွေနှင့် နေ့ရက်များအကြောင်းကို သဲသဲမဲမဲဖတ်နေကြောင်း သူသိလိုက်၏။ ထိုအထဲတွင် မနက်ဖြန်ဝတ်ရမည့် ကံကောင်းသောအရောင်မှာ အဝါရောင်ဖြစ်ကြောင်း သူသိလိုက်၏။ ထို့နောက် ဗီရိုတစ်ခုလုံးကို မွှေကာ အဝါရောင်ပါသည့် အင်္ကျီကို သဲသဲမဲမဲရှာလိုက်သည်။

ထို့နောက် ခုတင်ပေါ် လှဲချလိုက်ချိန်တွင် နာရီက ဆယ့်နှစ်ချက်တီးသံကြားလိုက်သည်။ သန်းခေါင်တောင်ကျော်ပြီဖြစ်သောကြောင့် သူသည် တနင်္လာနေ့ထဲသို့ရောက်ရှိနေပြီဆိုတာ သိလိုက်ရ၍ အဝါရောင်သဘက် ကလေးကို ရင်ဘတ်ပေါ် တင်ကာ အိပ်လိုက်ပါတော့သည်။ ထိုအဝါရောင်သည် တနင်္လာနေ့နှင့်အတူ သူ့ဘဝကိုကံကောင်းခြင်း ဖန်တီးပေးနိုင်လိမ့်မည်ဟု တော်တော်ယုံကြည်နေလေသည်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com

(UFL) နိုင်ငံခြားဘာသာတက္ကသိုလ်ကျောင်းဝင်းကြီးတစ်ခုလုံး ထိုနေ့က မြူနှင်းတို့ဝေမှိုင်းအုံ့ညို့နေ၏။ ရော်ရွက်ဝါတို့က မြောက်ပြန်လေ၏ထိုးနှက်ချက်ကြောင့် မြေပြင်သို့ဦးခိုက်ခစားနေကြသည်။

ကျောင်းတက်ချိန်ဖြစ်၍ ကိုယ်ပိုင်ကားလှလှလေးများ ဥဒဟိုဝင်ထွက်သွားလာနေကြသလို ကျောင်းသူလှလှလေးများကလည်း ကျောင်းအဝင်ပေါက်သို့တဖွဲဖွဲတိုးဝင်နေကြလေသည်။ လှပသော တက္ကသိုလ်တစ်ခု၏ ဆောင်းမနက် ခင်းအလှတစ်ခုပင် . . .။

ထိုအချိန်တက္ကသိုလ်ရိပ်သာလမ်းမပေါ်မှ ကားတစ်စီးသည် ကလေးငိုသံလိုအသံမျိုးနှင့် ကျောင်းဝင်းအတွင်း ကွေ့ဝင်လာသောကြောင့် ထိုလှပသော တက္ကသိုလ်လေး၏ မနက်ခင်းကျက်သရေသည် ဆွမ်းဆန်ထဲကြွက်ချေးရောလိုက်သလို အကျည်းတန်သွားရလေတော့သည်။ ကားပေါ်ပါလာသော သကောင့်သားက ကားကိုကျွိခနဲထိုးရပ်လိုက်ကာ တံခါးဖွင့်ပြီး ဟန်ပါပါဆင်းလာ၏။ မြေကြီးပေါ်ခြေထောက်နှစ်ဖက်ချပြီးချိန်တွင် အော်ကလီမျက်မှန် အနက်ကိုတပ်ပြီးသား . . .။

ကောင်းဘွိုင်မင်းသားစတိုင်လက်နှစ်ဖက်ကို အနည်းငယ်ကား

www.burmeseclassic.com

www.burmeseclassic.com



ကာ ခန္ဓာကိုယ်ကို အနည်းငယ်ညှစ်ထားသောကြောင့် အဖုအထစ်တော်တော်များများက အထင်းသားပေါ်လွင်နေ၏။ အနီးစပ်ဆုံး' အာနိုးတစ်လလောက် ဝမ်းရောဂါဖြစ်သွားသော ဘော်ဒီမျိုးဖြစ်သည်။ ထို့နောက် ကဲန်တင်းများရှိရာဘက် သို့သွားဖို့ ခြေလှမ်းပြင်လိုက်ချိန်တွင်. . ။

"ဟဲ့ . . . ချစ်တီး ငါဒီမှာထိုင်နေတာမမြင်ဘူးလား"

ခန္ဓာကိုယ်တွန့်ခနဲဖြစ်သွားပြီး အသံလာရာဘက်လှမ်းကြည့်လိုက်တော့ ကုက္ကိုလ်ပင်ကြီးအောက်ရှိကွန်ကရစ်အဝိုင်းလေးမှ ထိုင်နေသောချစ်သူလေးကို စမ်းတဝါးဝါးတွေ့လိုက်ရလေသည်။

မျက်မှန်ကို ချွတ်လိုက်၏။ အမြင်အာရုံကြည်လင်သွားချိန်တွင် ခြေလှမ်းမှန်မှန်ဖြင့် ချစ်သူလေးထံလှမ်းသွားလိုက်လေတော့သည်။

"မထိုးပါဘူး၊ နင်ဒီတစ်ခါတော့ အချိန်မှန်သားပဲ"

"ဟဲဟဲ . . . နောက်ဆို နင့်အတွက် ငါကအမြဲတမ်း အချိန်မှန်တော့မှာပါဟာ"

ငယ်ငယ်ကပြုံ ကာ ခေါင်းငုံ့သွားသည်။ ပြန်မော့လာတော့ မျက်နှာကတည်ငြိမ်ကာနေ၏။ ခဏကြာတော့ . . .

"နင့်ကို ငါပြောစရာရှိတယ် . . . အစအဆုံးနားထောင်နော်"

အသံက သိမ်မွေ့နူးညံ့နေသည်။ ရင့်ကျက်တည်ငြိမ်နေ၏၊ ခဏလောက်နားပြီး လည်ချောင်းရှင်းကာစကားဆက်၏။

"ငါ ပထမနင့်ကို ဘာလို့အချိန်ဆွဲထားသလဲဆို ငါမှာအကြောင်းရှိလို့ . . . ငါနိုင်ငံခြားသွားရမယ်"

"ဟန်"

"ခဏနေဦး ငါပြောတာဆုံးအောင်နားထောင်ဦး . . . ငါသွားမလို့ လုပ်နေတာကြာပြီ အခု ဗီဇာကျတော့မယ် . . . ဟိုမှာကျောင်းသွားတက်မှာ ပါပြီးရင် ပြန်လာမှာ . . . ဒါပေမယ့် နှစ်နဲ့ချီပြီးတော့ကြာမှာပေါ့ဟာ အဲဒါကြောင့် ငါ နင့်အပေါ်အဖြေပေးဖို့ အချိန်ဆွဲထားတာ



www.burmeseclassic.com

www.burmeseclassic.com



. . . အင်း . . . ငါ့ဘက်က စဉ်းစားနေတာလည်းပါတာပေါ့ . . . ငါ နင့်ကို အလွမ်းတွေပေးမသွားချင်လို့ဟာ"

ပြောရင်း ခေါင်ငုံ့ကာသွားလေသည်။ ချစ်တီး သူမအနားကို ဖြည်းဖြည်းချင်းတိုးကပ်လိုက်ကာ . . .

"အခု . . . အခု . . . နင်ငါ့ကို . . ."

"နင်က အရမ်းလောတော့လည်း ငါပေးရမှာပေါ့ဟာ . . . ငါအခုပေးမယ့် အဖြေက ငါ့တစ်သက်လုံးမှာ ယောက်ျားတစ်ယောက် အပေါ် တစ်ခါပဲပေးဖူးတဲ့ အဖြေဆိုတာ နင်ယုံမလားဟင်"

သူမမျက်ဝန်းက သောက်ရှူးကြယ်လို စိုလက်တောက်ပနေကာ နှုတ်ခမ်းမှာ အချစ်ရဲ့လှိုင်းတွေ တဖျတ်ဖျတ်ခုန်နေလေသည်။ ချစ်တီး အပျော်လုံးဆို့ကာ သေသွားမှာဆိုး၍ သူ့ကိုယ်သူထိန်းချုပ်လိုက်ရ၏။ အဲဒီလောက်ဆို သူသဘောပေါက်သွားလေပြီ။

"နင် . . . နင် . . . ငါ . . . ငါ့ကို . . . ချစ် . . . ချစ်"

"နင့်လက်ပေး"

ပြောလည်းပြော သူ့ရဲ့ညာဘက်လက်ကို ဖျတ်ခနဲဆွဲယူလိုက်တာတွေ့လိုက်ရသည်။ သူ့အသည်းနှလုံးသည် ဧဝရက်တောင်ထိပ်က ကျွမ်းထိုးမှောက် ခုန်ပြုတ်ကျသွားသလို အေးခနဲဖြစ်ကာသွားသည်။

"မျက်စိမှိတ်ထား လုံးဝဖွင့်မကြည့်နဲ့နော်"

"အွန်း . . . အွန်း"

အာလုပ်သံကြီးနှင့် မျက်စိနှစ်လုံးပိတ်ကာပေးလိုက်တော့ သူမ တစ်ခစ်ခစ်ရယ်သံနှင့်အတူ ဘောပင်အဖုံးဖွင့်သံပါကြားလိုက်ရလေသည်။

ချစ်တီး၏ဝိညာဉ်သည် ပူးတစ်လှည့်ခွာတစ်လှည့်။

ဘောပင်ထိပ်ဖျားလေးနှင့် သူ့လက်ဝါးထိလိုက်ချိန်တွင် သူ့ တစ်ကိုယ်လုံးဓာတ်လိုက်သလို တုန်ခါသွားသည်။

သူမ စရေးပြီး ထိုစကားလုံးသည် သူ့အတွက်အဖြေ။ သူဘဝ

www.burmeseclassic.com



တစ်သက်တာ အလိုချင်ဆုံးအရာ . . .၊ ပြီးတော့ . . . အချစ် . . .၊

ဘောပင်ထိပ်ဖျားလေးသွားသည်ကို စိတ်ဝိညာဉ်က လိုက်ပြီး လေ့လာနေမိ၏။ ဟော . . . တဖြည်းဖြည်းထိပ်ဖျားလေးက စက်ဝိုင်းသဏ္ဍာန်ပတ်လို့သွားပြီ အတွင်းဘက်ကိုကွေးကာဝင်သွားပြီ။ ဒါ . . . ဒါ . . . ခွေး . . . ခွေး . . . ခွေးဆိုတော့ ချစ်ဆိုတဲ့ စကားလုံးကို ရေးဖို့ ပထမဆုံးခြေလှမ်း. . ပျော်လိုက်တာ . . . သူခန္ဓာကိုယ်က လေထဲမှာ . . . လေထဲမှာ . . .။

"ဟော့ကောင် ချစ်တီး မင်းကမျက်လုံးကြီးမှိတ်ပြီး ဘာလုပ်နေတာလဲ ပြီးတော့ ဒီကိုဘယ်လိုရောက် . . .ဟင်"

ရုတ်တရက် သူ့ကိုယ်သူဘာဖြစ်လို့ဖြစ်သွားမှန်းမသိလိုက်၊ လွင့်ဝဲနေသည့် စိတ်ကူးတွေ မြေပြင်ပေါ်တဖုတ်ဖုတ်ကြွေကျသွားကာ. .။

"ဟာ . . . ဇော်ဇော် . . . မင်းဒီကိုဘယ်လိုရောက်လာတာလဲ"

" . . . . "

"ဟော့ကောင် . . . ဟာ . . . မင်းကွာတော်တော်သာသနာဖျက်တဲ့ ကောင် . . . ဟီး ဟီး ငယ် . . . ဒါကိုယ့်သူငယ်ချင်းလေ . . . ဇော်ဇော်တဲ့ ဟော့ကောင် . . . ဒါ . . . ဟို . . . ဟိုဟာ ငါ့ရဲ့ . . . ငယ်လေ"

" . . . "

" . . . "

" . . . "

ချစ်တီး ဇော်ဇော့်ကိုကြည့်ကာ ကြောင်တောင်တောင်ဖြစ်သွား၏။ သိုင်းဝတ္ထုတွေထဲကလို တစ်ယောက်ယောက်များ အကြောပိတ်သွားသလားလို့ တောင်ထင်လိုက်မိသည်။

"ဟော့ကောင် . . . ဟော့ကောင်"



www.burmeseclassic.com

www.burmeseclassic.com



ဖော့်ဇော် ငယ်ငယ့်ကို အသက်မရှုပဲ မတ်တတ်ကြီးမျက်လုံးပြူး ကာ ကြည့်နေ၍ . . . [redacted]

"ဟော့ကောင် . . . ဒါ . . . ဒါ . . . ငယ်ငယ် . . . လေ"

"တော်ပြီချစ်တီး နင်တို့အကြံ ဒါအကုန်ပဲလား"

ချစ်တီးရုတ်တရက်ကြောင်သွားကာ ငယ်ငယ့်ကိုလှည့်ကြည့်ပြီး

"ငယ် . . . ဘာတွေပြောနေတာလဲ ဒါကိုယ့်သူငယ်ချင်း ဇော်ဇော်တဲ့"

"တော်တော့"

"ဟာ . . ."

"ချစ် . . . ချစ်တီး ဒါ မင်း . . . မင်းပြော . . . ပြောတဲ့ ငယ်ငယ် လား"

ချစ်တီးခေါင်းညိတ်ပြရင်း နှစ်ယောက်စလုံးကို နားမလည် နိုင်စွာကြည့်သည်။ ပြီးတော့ ငယ်ငယ့်ဘက်လှည့်ကာ

"ငယ် . . . ဘာ . . . ဘာတွေဖြစ်ကုန်တာလဲဟင်"

ခုနသိုးကလေးလို ချစ်စရာကောင်းသော ငယ်ငယ်သည် အခုတော့ ကျားမတစ်ကောင်အလား ကြောက်စရာကောင်းသွားလေပြီ။ သူတစ်သက် ငယ်ငယ့်ဆီမှာ မြင်ရလိမ့်မည်မဟုတ်ဟုထင်ထားသော မျက်လုံးများကို တွေ့လိုက်ရသည်။ နှုတ်ခမ်းကအစ ခြေဖျားအထိ သူမ တုန်ကာနေသည်။

"နင် . . . နင်တို့ ငါ့ကိုအကွက်ကျကျ အရှက် . . . အရှက်ခွဲ"

"နှင်း . . . နှင်းမဟုတ်ဘူး ချစ်တီးနဲ့ ကျွန်တော်နဲ့ အဲဒီကိစ္စ ဘာ. . . ဘာမှမသိဘူး . . . ပြီးတော့ ငယ် . . . ငယ်ငယ်နဲ့ နှင်းနဲ့ တစ်ယောက်တည်းဆိုတာ ကျွန်တော်တို့မသိဘူး"

"ဘာ . . . ဘာ . . . ငယ်နဲ့နှင်းနဲ့က တစ်ယောက် တည်းဟုတ်လား ဟော့ကောင် . . . ဟုတ်လား"

ချစ်တီးသွေးရူးသွေးတန်းနှင့် ဇော်ဇော့်လက်နှစ်ဖက်ကို ဆွဲကိုင်



www.burmeseclassic.com

www.burmeseclassic.com



ကာအော်၏။ ဘာတွေဖြစ်ကုန်ပြီလဲ ဘာတွေလဲ . . .။

"ချစ်တီး [redacted]"

ချစ်တီးမျက်လုံးသည် ဝေါ်လီလုံးနီးနီး ပြူးထွက်သွားကာ . . .

"နင် . . . နင် ငါ့ကိုအဲလိုမပြောပါနဲ့ဟာ ငါ . . ငါလို့ တကယ်မသိတာပါ ပြီးတော့ ဒီကောင့် နှင်းက အိအိနှင်းတဲ့ . . . အိအိနှင်းကဘယ်သူလဲ နင့်နာမည်က နှင်းခက်ချိုပဲ"

"အိအိနှင်း မကလို့ ဘယ်သူပဲဖြစ်ဖြစ် နင်တို့ ငါဆိုတာသိတယ် မလိမ်နဲ့ နာမည်က အရေးမကြီးဘူး လူကအဓိက"

ဘယ်လိုမှရှင်းမရတော့ပေ။ ငယ်ငယ့် မျက်ဝန်းမှာ မျက်ရည်တွေ ဆို့တက်လာကာ ခေါင်းကိုချာချာယမ်းရင်းအော်၏။

"နင့်ကို ငါမုန်းတယ် . . . မုန်းတယ်"

အော်ပြီး ချာခနဲလှည့်ထွက်စဉ် ချစ်တီးဖမ်းဆွဲလိုက်ကာ . . .

"နင် . . . နင် ငါ့ကိုဒီလက်ဝါးကလေးမှာ ရေး . . . ရေးပြီး ပြီ၊ ဒီမှာ . . . ခွေးလေးတောင်ရေးပြီးပြီ . . . အဲဒါ . . . ချစ် . . . ချစ်တယ်လို့ရေးမှာ . . . နင် . . . နင်မညာနဲ့"

ငယ်ငယ် ချာခနဲလှည့်ကြည့်ပြီး ချစ်တီးကို စူးစူးရဲရဲကြည့်လိုက်ကာ။

"ခွေးဟုတ်လား အဲဒီ့အဖြေသိချင်လား"

ချစ်တီးယောင်ကန်းကန်းနဲ့ ခေါင်းညိတ်လိုက်တော့

"အဲဒါ . . . ချမယ်လို့ရေးလိုက်တာ . . . ကဲ . . . ဟယ်"

"ဖျန်း"

ချစ်တီးပါးသည် ချာခနဲလည်သွားကာ မျက်စိနှစ်လုံးကြယ်တာရာတွေစုံသွား၏။ အမြင်အာရုံပြန်လည်ကြည်လင်သွားချိန်တွင် ပါးရိုက်သံနောက် တစ်ချက်ကိုကြားလိုက်ရသည်။

"ဖျန်း"

ဒီတစ်ခါ ပါးလေးကို လက်ဝါးနဲ့အုပ်လိုက်ရသူက ဇော်ဇော်

ကောဝင်မြို့ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သူမ တဖြည်းဖြည်းဝေး၍ ‚ ဝေး၍သွားပါတော့၏။

❦ ❦ ❦

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဒုံလေယာဉ်ကွင်း၏ ခရီးသည်များကို နှုတ်ဆက်သော နေရာတွင် လူတွေတော်တော်များနေသည်။ လေယာဉ်များစက်သံနှင့် အတူ ဧည့်ကြိုကားကလေးသည် ဧည့်ကြိုဂိတ်ပေါက်တွင်ရပ်ထားပြီး ပြည်ပထွက်ခွာမည့် ခရီးသည်များတစ်ယောက်ပြီး တစ်ယောက်တက် နေကြသည်။

ထိုအချိန်တွင် ပန်းနုရောင်ဝမ်းဆက်လေးဝတ်ထားသော ချောမောလှပသည့် ကောင်မလေးတစ်ယောက်သည် ဧည့်ကြိုကားပေါ် သို့တက်ကာသွားချိန်တွင် . . .။

"ငယ်"

"နှင်း"

"ငယ်"

"နှင်း"

"ဟော့ကောင် မင်း ငါ့ကောင်မလေးနာမည်မခေါ်နဲ့"

"ခေါ်တော့ ဘာဖြစ်လဲ အဲဒါ မင်းကောင်မလေးမို့လို့လား"

"ဟော့ကောင် မခေါ်နဲ့ဆိုကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ခေါ်တယ်ကွာ"

"ခေါ်ရင်ထိုးတယ်ကွာ"

"မင်းထိုးရင် ငါလည်းပြန်ထိုးတယ်ကွာ"

"ခွပ်"

"ခွက်"

"ဂွပ်"

"အွန့်"

"အူ့"

ထို့ ဝရန်တာရင်ပြင်တွင် လူငယ်နှစ်ယောက်လုံးထွေးသတ်ပုတ်ကုန်ကြ၏။ ခဏအကြာမှာ လေဆိပ်လုံခြုံရေးတွေရောက်လာကာ ထိုသူငယ်နှစ်ယောက်ကို ဆွဲခေါ်သွားကြပါတော့သည်။ သို့သော် သူတို့နှစ်ယောက်ကတော့ အခဲကြေသေးပုံမပေါ် . . . တစ်ယောက်နဲ့တစ်ယောက် စားမတတ် ဝါးမတတ် ကြည့်ကာ . . .။

"ကြာကူလီ"

"မင်းမှကြာကူလီ"

"ငကြောင်"

"ငပေါ"

BURMESE CLASSIC

"သူများရည်းစားလုတဲ့ကောင်"

"အလကားအဖြစ်မရှိတဲ့ကောင်"

"ကြာကောင်"

"မယားခိုး"

". . ."

". . ."

ပြီးစေလျှော်

[illegible]

ထက်ဝင်းမြိုင် စာအုပ်တိုက်

www.burmeseclassic.com